
www.burmeseclassic.com



# ပွမ်ဒီရှင်း ဘောလုံးခေါက်ဆွဲ

ဘောလုံးဟာသဝတ္ထုတိုများ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၆၀၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၁၂၉၀၁၁၁၀

ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၁၁ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - Sky ပုံနှိပ်တိုက် အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက် အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဖင်၊ ကံ့ကော်ဝတ်ရည်စာပေ ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - မိုးထက်မိုး

တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅.၈၃

**ပဒ္မမ်ဒီရိုင်း**

ဘောလုံးခေါက်ဆွဲ / ပဒ္မမ်ဒီရိုင်း။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်။
စာမျက်နှာ-၁၅၇၊ ၁၃×၂၀ စင်တီမီတာ။
(၁) ဘောလုံးခေါက်ဆွဲ


www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ


| | | |
|---|---|---|
| ၁။ | မန်ယူဖလားငါး[illegible]ပ်မက် | ၇ |
| ၂။ | အင်္ဂလန်ကိုဘာဟာန် ဖြစ်ပြန်ပြီ | ၁၆ |
| ၃။ | ဘောလုံးခေါက်ဆွဲ | ၂၅ |
| ၄။ | ပေတလူးနှင့် ဘောလုံးအသင်း ခရေဇီ | ၃၄ |
| ၅။ | ကိုယ် မေးမိတာ အပြစ်လားကွယ် | ၄၅ |
| ၆။ | လေးနှစ်ဆက်တိုက် ချန်ပီယံ လျှို့ဝှက်ချက် | ၆၂ |
| ၇။ | သူတို့ဆန္ဒက ရှုံးနိမ့်တဲ့လား | ၇၃ |
| ၈။ | ကြက်တူရွေးဖေပေါ် ရွေးပေးရက်တယ် | ၈၆ |
| ၉။ | နဲ့တွေလောက်တော့ သနားတယ် | ၉၅ |
| ၁၀။ | လွမ်းရစ်တော့ အာဆင်နယ်ရယ် | ၁၀၄ |
| ၁၁။ | မေ့တတ်ပါပေ့ ကိုရင်ညို | ၁၁၁ |
| ၁၂။ | မန်ယူဦးကွန်း မတတ်နိုင် | ၁၂၄ |
| ၁၃။ | အင်္ဂါရိုချွတ်ပြေးမိတာ အပြစ်လားကွယ် | ၁၃၃ |
| ၁၄။ | သိမှ မသိတာ | ၁၄၀ |
| ၁၅။ | ဩော် ဘောလုံး… ဘောလုံး… | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com

# မန်ယူ ဗလားငါးလုံး အိပ်မက်




( ၁ )

ကိုညာသား ယခုတလောမှာ တော်တော်ကျေနပ်နေသည်။ ကြားရသည့် သတင်း၊ ဖတ်ရသည့် စာမျက်နှာတွေက တကယ့်ကို ကျက်သရေမင်္ဂလာရှိနေပါသည်။ သည်လို ဖြစ်ပါစေလို့ ဆုတောင်းရတာလည်း မြန်မာနိုင်ငံ အရပ်ရပ် တန်ခိုးကြီး ဘုရားတွေတောင် ကုန်လုနီးပါး ရှိနေလို့ပါ။ ဖြစ်ပုံကလည်း ကြည့်ဦးလေ။

ကိုညာသားက မန်ယူဘောလုံးအသင်းကို အရူးအမူး အားပေးလွန်းသူ ဖြစ်သည်။ မန်ယူအသင်းနှင့် ပတ်သက်သမျှ ကြိုက်တာ သူ့ကိုမေးပါ။ သူ အလွတ်ကျက်ထားသော အကြောင်းအရာတွေနှင့် လက်ဖက်ရည်တိုက်ပြီးသာ မင်းကျွေးပြီးတော့ကို ရှင်းပြသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတလောမှာ မန်ယူအသင်းက ဒဏ်ရာရ ကစားသမားတွေ များနေသဖြင့် ပွဲတွေ နိုင်မှနိုင်ပါ့မလားလို့ စိုးတထိတ်ထိတ် ဖြစ်နေရာကနေ အီဗရာတို့၊ ဘာဘာတော့ဗ်တို့၊ ဖာဒီနန်တို့၊ ဗီဒစ်တို့ ဒဏ်ရာက ပြန်ကောင်းလာပြီ ဖြစ်သဖြင့် နောက်တန်းကဏ္ဍအတွက် စိတ်ချသွားပြီ။ ထို့အပြင် သူက ယခုရက်တွေမှာ ကျေကျေနပ်နပ်ကြီး လက်ဖက်ရည်ဆိုင် စားပွဲဝိုင်းတွေမှာ ပြောဆိုနေသော စကားကလည်း ရှိပါသေးသည်။

"ဒါပဲဗျာ… မန်ယူအသင်းကတော့ ပေးဂိုးမရှိ စံချိန်ကို တင်သွားတာ ဆယ့်တစ်ပွဲတောင် ရှိပြီ၊ ဗန်ဒါဆားရဲ့ ဂိုးမပေးရ စံချိန်ကို ပရီးမီးယားလိဂ်မှာ ဘယ်သူ လိုက်မီလို့လဲ"

"မှန်တာပေါ့ ကိုညာသားရဲ့၊ ပေးဂိုးမရှိဆို မန်ယူရဲ့ နောက်တန်းတွေကို ကြည့်လေ"

ထိုကဲ့သို့ ကိုညာသားနှင့် ဘောလုံးအကြောင်း ပြောသူက ဝင်ထောက်ပြီး ပြောလို့ကတော့ ကိုညာသား၏ မျက်နှာမှာ ဖျားရည်ဆမ်းထားသလို ပြုံးရွှင်သွားရင်းက-

"ဒီမှာ ညီလေး… ဘာစားမလဲ ထပ်မှာ၊ ကိုယ်က မန်ယူ နောက်တန်းသမားတွေကို တကယ် လေးစားတာ၊ ညီလေး စဉ်းစားကြည့်၊ အီဗရာ၊ ဗီဒစ်၊ ဖာဒီနန်၊ ဝက်စ်ဘရောင်းက နောက်တန်းတင်မကဘူး၊ ဂိုးပါ တက်သွင်းတာ၊ ဟော… အီဗန်ကလည်း ရှူးလဲဝင်ပေမယ့် တကယ့်နင်လား ငါလားပဲ၊ အခု ဘရာဇီးသား အမြွှာလူငယ်လေး နှစ်ယောက်ထဲက ရာဖေးကရော ပရီးမီးယားလိဂ်မှာ သနားတယ်၊ ခြေထောက်မှာ စက်တပ်ထားသလား ထင်ရတယ်၊ ပြေး



www.burmeseclassic.com

www.burmeseclassic.com



ချက်က ဘာမြန်သလဲ မမေးနဲ့၊ ဒီပုံအတိုင်းဆို မန်ယူပဲ ပရီးမီးယား လိဂ်မှာ စားသွားတော့မှာပဲ"

ထိုအခါမျိုးမှာ ကိုညာသားခမျာ သူ ပြောချင်တာတွေ ပြောလိုက်ရသဖြင့် တော်တော့်ကို ကျေနပ်လို့သွားပါသည်။ ကျေနပ်ခြင်းနှင့်အတူ သောက်သမျှ၊ စားသမျှ လက်ဖက်ရည်ဖိုးတွေ သူက ရှင်းပေးရတာကိုတောင် ဂုဏ်ယူသည့်အပြင် စကားတစ်ခွန်းကို ပြောဖြစ်အောင် ပြောလိုက်ပါသေးသည်။

"မတတ်နိုင်သေးလို့ပေါ့ကွာ… ပိုက်ဆံများ ချမ်းသာလို့ကတော့ မန်ယူတစ်သင်းလုံး ကစားသမားတွေကို စရိတ်စကခံပြီး ဒီမှာ လက်ဖက်ရည် ခေါ်တိုက်လိုက်ဦးမယ်၊ ပိုက်ဆံ ဘယ်နှသန်း ကုန်ကုန်"

ကိုညာသား မျက်ဝန်းထဲမှာတော့ မန်ယူတစ်သင်းလုံးကို သူက ညွှန်ခံပြီး လက်ဖက်ရည်တိုက်ရင်းက ရော်နယ်ဒိုနှင့် ဓာတ်ပုံတွဲရိုက်လိုက်၊ ဖာဂူဆန်ကြီးနှင့် ဓာတ်ပုံတွဲရိုက်လိုက်၊ ရွှန်နီနှင့် ဓာတ်ပုံတွဲရိုက်လိုက် အယောင်ကြီးကို ဟုတ်နေပါတော့သည်။

( ၂ )

သည်နေ့ကို ကိုညာသား လက်ဖက်ရည်ဆိုင်ထဲ ရောက်တော့ ပွဲကြီးပွဲကောင်းတော့ တွေ့ပြီလို့။ ဘာဖြစ်လို့လဲဆို လက်ဖက်ရည်ဆိုင် စားပွဲဝိုင်းမှာ သူနှင့် ဘောလုံးပွဲကြည့်တိုင်း စကားနိုင်လု ပြောလေ့ရှိသော ချဲလ်ဆီးပရိသတ် ကိုကျော်အေး ရှိနေသောကြောင့် ဖြစ်သည်။

"ကံကောင်းလို့ ကမ္ဘာ့ကလပ် ချန်ပီယံပြိုင်ပွဲမှာ မန်ယူ နိုင်သွားတာ ဒါတောင် ဗီဒစ် ဆိုတဲ့ နောက်တန်းသမားက ညစ်ပတ်လို့ အနီကတ်ပြ ထုတ်ခံချပါရောလား၊ အမှန်က ဒီပြိုင်ပွဲကို ချဲလ်ဆီး ဝင်ရမှာ၊ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ တယ်ရီ ပင်နယ်တီ မဝင်တာရယ်၊ အနယ်လ်ကာ ပင်နယ်တီ မဝင်လို့ မန်ယူ ကြံဖန်ပြီး ဖလား ရသွားတာ"


လက်ဖက်ရည် စားပွဲဝိုင်း ဝင်ထိုင်ထိုင်ချင်းမှာပဲ ကိုကျော်အေး စကားက သူ ချစ်မြတ်နိုးသော မန်ယူအသင်းကို အသားလွတ် စော်ကားသလို ဖြစ်နေသဖြင့် ကိုညာသား ဒေါသတွေက အထွတ်အထိပ်သို့ ရောက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟော့… ကိုကျော်အေး၊ ခင်ဗျားရဲ့ ချဲလ်ဆီးအသင်း ညံ့လို့ ရှုံးတာကို ဝန်ခံပါဗျ။ အသားလွတ် မန်ယူအသင်းကို သိက္ခာမချနဲ့၊ အဆင့်ရှိလို့ မန်ယူ ပထမ ရရှိသာမက ကမ္ဘာ့ကလပ်ချန်ပီယံတောင် ဖြစ်တာ၊ ခင်ဗျားရဲ့ ချဲလ်ဆီး ချန်ပီယံဆု ရဖူးလား၊ အခု ပရီးမီးယားလိဂ်မှာ နည်းပြ ဘယ်နှယောက် ပြောင်း



ပြီးပြီလဲ၊ မန်ယူမှာက ဖာဂူဆန်တစ်ယောက်တည်း နှစ် နှစ်ဆယ် ရှိပြီ၊ အသင်း တစ်သင်းကို တစ်သားတည်း ကျအောင် သူ့လို လုပ်နိုင်တဲ့ နည်းပြ ရှိလို့လား၊ ခင်ဗျားတို့ ချဲလ်ဆီးက ကစားသမားတွေ ပိုက်ဆံ ဘယ်လောက် ပေးဝယ်ရလဲ၊ ဝယ်တာနဲ့ တန်လို့လား၊ မန်ယူက ပက်ဂျီဆန် ကြည့်၊ အာရှသား၊ ပိုက်ဆံ နည်းနည်းပဲ ရသေးတယ်၊ ဘယ်လောက် အသုံးဝင်လဲ၊ အလကား ပက်ဂျီဆန်ကို မယှဉ်နိုင်ဘဲနဲ့များဗျာ”

ကိုညာသားတစ်ယောက် အသက်မရှူတမ်း မရပ်မနားသူ ချစ်သော မန်ယူအသင်းအတွက် ခုခံကာကွယ်တာ စကားလုံးတွေက လုံးဝထစ်ငေါ့ခြင်း မရှိ။ ကိုကျော်အေးကလည်း နည်းနည်းတော့ ခံပြင်းသွားပုံရသည်။ ကိုညာသား ပြောသလို သူ့ ချဲလ်ဆီးအသင်းကလည်း ဖြစ်ခဲ့တာဆိုတော့ လက်ဖက်ရည် စားပွဲဝိုင်းမှာ သူ့အဖို့ အရှက်ရသလို ဖြစ်နေပါသည်။

“ဖာဂူဆန်က ချဲလ်ဆီးမှာ မော်ရင်ညို မရှိမှ လေကျယ်ရဲတာပါ၊ မော်ရင်ညို ရှိတုန်းက ဖာဂူဆန် ခေါင်းတောင် မဖော်နိုင်လို့ ဖလားလက်မဲ့ နှစ်ခါတောင် ဖြစ်ခဲ့တာ၊ ဟော… တွေ့ပြီလေ၊ အခု ချန်ပီယံလိဂ် ရှုံးထွက်

www.burmeseclassic.com

www.burmeseclassic.com





အဆင့်မှာ ကြည့်လိုက်၊ မော်ရင်ညိုရဲ့ အင်တာမီလန်အသင်းနဲ့ တွေ့ရမှာ၊ မော်ရင်ညိုကို ဖာဂူဆန် ဘယ်နှခါနိုင်ဖူးလို့လဲ''

လက်ဖက်ရည်စားပွဲဝိုင်းက တစ်ဖက်နှင့် တစ်ဖက် စကားရည်လုပွဲလို ဖြစ်လာပါသည်။ နားထောင်နေသူတွေက ပြုံးစိစိနှင့် ဘာထင်မြင်ချက်မှ မပေးဘဲ ဘာတွေ တစ်ဦးနှင့် တစ်ဦး ဆက်ပြီး ပြောလေမလဲလို့ လက်ဖက်ရည်သောက်ရင်း အကဲခတ်နေပါသည်။

''ဒီမှာ ကိုကျော်အေး၊ ခင်ဗျားရဲ့ ချဲလ်ဆီး တစ်နှစ်တည်း ဖလားသုံးလုံး ရဖူးလား၊ အိပ်မက်ထဲတောင် မက်လို့ရမှာ မဟုတ်ဘူး၊ ဟော... အခု မန်ယူက ဖလားငါးလုံး လမ်းကြောင်းပေါ် ရောက်နေပြီ၊ ကမ္ဘာ့ကလပ်ချန်ပီယံဆုဖလား ရပြီးပြီ၊ ပရမီးမီးယားလိဂ်မှာလည်း ထိပ်ဆုံးက။ ဟော... အက်ဖ်အေဖလားမှာလည်း ဆီမီးဖိုင်နယ် ရောက်ပြီ၊ ကာလင်း ဖလားက ရပြီးလို့ လက်ထဲမှာ ဖလားနှစ်လုံး ရှိနေပြီ၊ ချန်ပီယံလိဂ်မှာ အင်တာမီလန်ကို နိုင်ဦးမှာဆိုတော့ ဖလား ငါးလုံးကို လက်ဝယ်ပိုင်ပိုင် ရပြီလို့ကို ဆိုရမှာ၊ မန်ယူဆိုတာ ပွဲပြီးခါနီး မိနစ် စက္ကန့်အထိ စောင့်ကြည့်ရတဲ့ အသင်း၊ ဒါမျိုး ချဲလ်ဆီးက အိပ်မက်တောင် မက်နိုင်မှာ မဟုတ်ဘူး''

''ကိုညာသား... ဘောလုံးပွဲဆိုတာ ရာသီကုန်မှ ပွဲပြီးမှ ပြောလို့ရတာ၊ ခင်ဗျား စကားကုန်မပြောနဲ့၊ မန်ယူပဲ ဖလား ငါးလုံး ရမလား၊ ကျုပ် ချဲလ်ဆီးပဲ ဖလားရမလား၊ ကြည့်ကြတာပေါ့ဗျာ''

ကိုကျော်အေးက လေသံမာမာနှင့် ပြောရင်းမှ ထိုင်ရာမှ ထလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်အေး… ချဲလ်ဆီး ဖလားရဖို့က နောက်မှ ပြော၊ အခု ခင်ဗျားတို့ ချဲလ်ဆီးအသင်းမှာ နည်းပြနေတဲ့ စကိုလာရီ ထပ်အထုတ်မခံရပါစေနဲ့ပဲ ဆုတောင်း၊ ပွဲတွေ သရေကျ ရှုံးလို့ ခင်ဗျားတို့ရဲ့ ရှုရှားသူဌေး သည်းမခံနိုင်တော့ဘူး ဖြစ်နေတယ်"



"အိုဗျာ… ကောလာဟလတွေ ခင်ဗျား မပြောနဲ့"

ကိုကျော်အေးက သူ ချစ်သော ချဲလ်ဆီးအသင်း၏ အတွင်းရေးကိစ္စတွေကိုပါ ဝင်ရောက်စွက်ဖက် ပြောဆိုသော ကိုညာသားကို ဒေါသပါသော အကြည့်နှင့် ကြည့်ရင်းက ဆိုင်ထဲကနေ ထွက်ခွာသွားပါသည်။

ကိုညာသားတစ်ယောက် နိမိတ်ဖတ်တာက မှန်သလား မသိ။ နောက်တစ်ပတ် ထွက်လာသည့် အားကစားဂျာနယ်တွေမှာ ချဲလ်ဆီးနည်းပြ စကိုလာရီအား ထုတ်ပယ်သော သတင်းတွေက ဝေဝေဆာဆာနှင့် ဖော်ပြကြပါသည်။

ထိုသတင်းတွေကို ဖတ်ရင်းမှ ကိုကျော်အေး၏ စိတ်ထဲမှာ ကိုညာသားကို အငြိုးအတေးတွေ ဖြစ်လာရင်း မခံမရပ်နိုင် စိတ်တွေ ဖြစ်ရင်း တစ်နေ့ လက်စား ကျကျနနချေပြမည်ဟု စိတ်ထဲက ကြိမ်းဝါးနေပါတော့သည်။

( ၃ )

ကိုညာသား အရမ်းအရမ်း ပျော်နေသည်။ သူ ပျော်ပုံက လောကကြီးမှာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် အမွေတွေ အများကြီး ရသည့် ပုံစံမျိုးလို ဖြစ်နေပါသည်။

ဖြစ်ပုံက သည်လိုပါ။ ချန်ပီယံလိဂ် ရှုံးထွက်အဆင့်မှာ မန်ယူအသင်းက အင်တာမီလန်အသင်းကို အဝေးကွင်းမှာ သရေ၊ အိမ်ကွင်းမှာ နှစ်ဂိုးဂိုးမရှိဖြင့် နိုင်ပြီး ကွာတားဖိုင်နယ် တက်သွားလို့ ဖြစ်သည်။

ထို့အပြင် ပရီးမီးယားလိဂ်မှာလည်း ယနေ့ည ကန်မည့် လီဗာပူးအသင်းကို နိုင်လျှင် မန်ယူအသင်းက တစ်ပွဲလျော့ဖြင့် ပရီးမီးယားလိဂ်မှာ ဗိုလ်စွဲဖို့ ဖြစ်နိုင်ခြေ များသွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား… မန်ယူအသင်းက ဘာလုပ်လုပ် ရွှေဖြစ်နေတာပဲ"

ကိုညာသားက မန်ယူနှင့် လီဗာပူး ဘောလုံးပွဲ လာခါနီး လက်ဖက်ရည်ဆိုင်မှာ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောနေပါတော့သည်။

သည်မြင်ကွင်းကို ချဲလ်ဆီး ပရိသတ် ကိုကျော်အေးက ဘာမှမပြောဘဲ အကဲခတ်နေပါသည်။

ဘောလုံးပွဲ စကန့်တော့ မန်ယူက ပင်နယ်တီရပြီး ရော်နယ်ဒိုက ဝင်နယ်တီဂိုး သွင်းသောအခါ ကိုညာသားက ထိုင်ရာမှ ထခုန်ပြီး–

"ဘင်နီတက် ကဲ… ဘာတတ်နိုင်သေးလဲ၊ အမြဲတမ်း ရှုံးနေကျ၊ အဲဒီလောက်နဲ့ တက်မလာနဲ့"

ကိုညာသား၏ အားရဝမ်းသာ အော်ဟစ်သံ စကားဆုံးလို့ မကြာမီမှာပင် ကိုညာသား သဘောကျသော မန်ယူ နောက်ခံလူကြီး ဗီဒစ်ကြောင့် မန်ယူအသင်းခမျာ လီဗာပူးအသင်းမှ တောရက်စ် သွင်းဂိုးဖြင့် ဂိုးပြန်ပေးရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗီဒစ် ဘောလုံး လွဲသွားလို့ပေါ့ကွာ၊ ဒုတိယပိုင်း ပြန်စရင် ကြည့်လိုက်"

ကိုညာသားခများ မခံမရပ်နိုင် ဖြစ်ကာ ပြောရင်းမှ ဒုတိယပိုင်း ယှဉ်ပြိုင် ကစားကြပုံကို ဆက်ကြည့်ပါသည်။ တစ်ခါဖူးမှ ရာဇဝင်မရှိဖူးသော မန်ယူအသင်းက ကိုယ့်အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ လေးဂိုး တစ်ဂိုးဖြင့် ရှုံး ပါသည်။ သည်အခါမှာ ချဲလ်ဆီး ပရိသတ် ကိုကျော်အေးက သူ စောင့်နေသော အကွက်ကောင်း ဝင်လာသဖြင့် ကိုညာသား ထိုင်နေသော ခုံအနား သွားကာ-

"လီဗာပူး သရဲနီတွေကို လျှော့တွက်လို့ကတော့ သနားတယ်၊ အခု ခင်ဗျား မန် ူ ဘာတတ်နိုင်သလဲ၊ အိမ်ကွင်းမှာ တစ်ခါမှ ဒါမျိုး မရှိဘူး"

ကိုညာသားမှာ တော်တော်ခံပြင်းသွားပါသည်။ လူပုံအလယ်မှာ ကိုကျော်အေးက သူ့မန်ယူအသင်းကို အရှက်ခွဲလိုက်သဖြင့် ဒေါသအထွတ် အထိပ် ရောက်သွားပါသည်။

"လီဗာပူးကို ရှုံးတော့ ဘာဖြစ်လဲ၊ ဖလား ငါးလုံး ရမယ့် မန်ယူ အသင်းက ရည်ရွယ်ချက် ပျက်တာမှ မဟုတ်တာ၊ ဒီနှစ်မှာ မန်ယူဖလား ငါးလုံး ရကိုရမှာ၊ ချဲလ်ဆီးအသင်းက ဒါမျိုး အိပ်မက်ပဲ မက်ခွင့်ရှိမှာ၊ ဖလား ငါးလုံးအပြင် မန်ယူက ပေးမယ်ဆိုရင် ထပ်ရမယ့် ဆုတွေတောင် ရှိသေးတယ်"

ကိုညာသားက သူ့မန်ယူအသင်း ရှုံးပေမယ့် စကားက မလျှော့ပါ။ ဒါကို အကွက်ကောင်း စောင့်နေသော ချဲလ်ဆီး ပရိသတ် ကိုကျော်အေးက-

"ဟုတ်တယ် ကိုညာသား၊ ခင်ဗျားရဲ့ မန်ယူအသင်း ဖလားငါးလုံး ယူရုံမကဘူး၊ ခင်ဗျားရဲ့ တစ်ဦးတည်းသော နှမကိုပါ အထူးဆုအဖြစ် ထပ်ယူ ဦးမှာ၊ ခင်ဗျား ဘယ်မန်ယူကစားသမားကို ခွဲတမ်းချမလဲ စဉ်းစားပေတော့"

"ဟေ့ကောင်… မင်း ဘာပြောတာလဲ"

ကိုကျော်အေး စကားကြောင့် ကိုညာသားတစ်ယောက် ဒေါသူပုန် ထပြီး ရန်ဖြစ်မလို ဖြစ်တာ ဘောလုံးပွဲ ကြည့်သူတွေ ဝိုင်းဆွဲရပါတော့သည်။

ကိုညာသား နာလည်း နာချင်စရာပါပဲ။ ကိုညာသားမှာက တစ်ဦး တည်းသော နှမ မခင်သီတာ ရှိနေလို့ပါ။

ဒီထက်ဆိုးတာက မန်ယူအသင်းက လီဗာပူးကို ရှုံးသည့်အပြင် နိုင်နေကျ ဖူလ်ဟမ်အသင်းကို ရှုံးလို့ လီဗာပူးအသင်းနဲ့ တပွဲကျန် တစ်မှတ်သာ

www.burmeseclassic.com

www.burmeseclassic.com



ကြွာတော့လို့ ကိုညာသားတစ်ယောက် မန်ယူအသင်း ဖလားငါးလုံး ရဖို့အရေး သက်သတ်လွတ်စားပြီး အဓိဋ္ဌာန် ဝင်နေပါတော့သည်။

( ၄ )

ကိုညာသား အဓိဋ္ဌာန်ဝင်ရင်း ကြိမ်းဝါးပါသည်။

မန်ယူအသင်း ဖလားငါးလုံး ရလို့ကတော့ လူ့ဝတ်ကြောင်ကို စွန့်ပြီး သာသနာ့ဘောင် အပြီးဝင်မည်တဲ့။

မန်ယူအသင်းကတော့ ယခုထက်ထိ ဖလားငါးလုံး မရသေးပါ။

❑

www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလန်ကိုဘဟန် ဖြစ်ပြန်ပြီ



( ၁ )

အင်္ဂလန်အသင်းကို သိပ်ချစ်သော ကိုဘဟန်တစ်ယောက် အခုမှ သက်ပြင်းလုံးလုံးချနိုင်လို့ တော်ပါသေးသည်။ အရင်တုန်းကဆိုလျှင် အင်္ဂလန်အသင်း ရှေ့ဆက် ဘာဖြစ်လေလိမ့်မလဲ စိုးတထိတ်ထိတ်နှင့် ရှေးရင်ဖိုခဲ့သော ကာလက ရှိခဲ့ဖူးသည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအပြီး ကျရှုံးခဲ့သော အင်္ဂလန်အသင်းအတွက် ကိုဘဟန်တစ်ယောက် ဝမ်းနည်းပူဆွေးလို့ မဆုံးခင်မှာ သူ့အတွက် သူ့ရင်ဝကို မီးစနှင့်ထိုးသော အကြောင်းအရာက ပေါ်ပေါက်ခဲ့ပါသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး တွေ့သမျှ လူအပေါင်းကို ဖမ်းစိတိုင်သဖွယ်ထားပြီး အပီရင်ဖွင့်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်ဗျာ... အင်္ဂလန် နည်းပြကြီး အဲရစ်ဆင် သူ့ဘာသာသူ နေတာကို အာရုပ်သတင်းထောက် ဆောင်ဆောင်ပြီး သွားမေး၊ ဟိုက ရင်ဖွင့်၊ ဒါကို သတင်းသမား တွေက စာစောင်တွေထဲ အပီဖွ၊ အဲရစ်ဆင်က သူ့လုပ်ရပ်အတွက် ဂုဏ်သိက္ခာရှိရှိနဲ့ အင်္ဂလန် အသင်း နည်းပြဘဝက ထွက် သွားရတာ၊ အင်္ဂလန်အသင်း အဖို့ အစားထိုးမရတဲ့ ဆုံးရှုံး မှုပဲ"



ထိုအခါ အင်္ဂလန် အသင်း ပရိသတ် မဟုတ်သော ကိုဘဟန် မိတ်ဆွေ ကိုသန်းဝင်းက-

"ထွက်တာလည်း ကောင်းတာပါပဲ၊ ခင်ဗျားရဲ့ အင်္ဂလန်အသင်း နည်းပြ အဲရစ်ဆင်က နည်းပြသာ ပြောတယ်၊ ဘောလုံးပွဲမှာ အခြားနည်းပြတွေ လို ကွင်းဘေးကနေ ကိုယ့်အသင်း ကစားကွက် မှားနေရင် မတ်တတ်ရပ်ပြီး အော်ကြားတာမျိုး တစ်ခါမှ မရှိဘူး၊ ကိုယ့်အသင်း ရှုံးနေလည်း ထိုင်ရာ မထနဲ့"

"ဒီမှာ ကိုသန်းဝင်း၊ အဲဒါ စိတ်တည်ငြိမ်မှု ဘယ်လောက်ရှိတယ် ဆိုတာကို ပြတာ"

"ဒါဆို ကိုဘဟန် အဲရစ်ဆင်က မိန်းမကိစ္စ ပွေတာကတော့ သူ့ အသက်အရွယ်နဲ့ဗျာ"

ကိုဘဟန်က ပြုံးပါသည်။ ပြီးတော့-

"ဟဲ ဟဲ... ဒါကတော့ ကျုပ်နဲ့ သွားတူတာဗျ၊ ကျုပ်လည်း ခင်တင့်နဲ့ မညားခင် လူပျိုဘဝက အဲရစ်ဆင်လိုပဲ အရမ်းရည်းစားများတာပေါ့ ဗျာ၊ ဒါကြောင့် အဲရစ်ဆင်ကို ကျုပ်နဲ့တူတယ်ဆိုပြီး သဘောကျခဲ့တာ"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းဝင်းက ခန့်တဲ့တဲ့ ပြောရင်းက ကိုဘဟန်၏ မိန်းမ မခင်တင့်ကို သတင်းလွှင့်သောအခါ ညလည်း ရောက်ရော ကိုဘဟန်နှင့် သူ့မိန်းမ အပြင်းစ. အိမ်တွင်းစစ်ဖြစ်လို့ သားဖြစ်သူကတောင် အိမ်မှာ မနေနိုင်ဘဲ ရပ်ကွက် လက်ဖက်ရည်ဆိုင်မှာ သွားရှောင်နေရပါသည်။

( ၂ )

အဲရစ်ဆင်တစ်ယောက် အင်္ဂလန်အသင်းက နုတ်ထွက်သွားတာက လည်း ပြဿနာ မဟုတ်ပါ။ ကိုဘဟန်အတွက် ကြီးမားသော ခံစားမှုက ရင်ဝကို မီးစနှင့် ထိုးသလို ဖြစ်ခဲ့ရတာကတော့ ကိုဘဟန်သာမက အင်္ဂလန် အသင်းကို မြတ်နိုးသူတွေလည်း ကိုဘဟန်လိုပဲ ခံစားရမည် ထင်ပါသည်။

"ဒါ… စတိမက္ကလာရင် သက်သက်ပညာပေးတာ၊ အဆင့်မရှိဘဲ နဲ့ အင်္ဂလန်နည်းပြ ဖြစ်လာ၊ နည်းပြလည်းဖြစ်ရော အရမ်းနာမည်ကြီးနေတဲ့ ဒေးဗစ်ဘက်ခမ်းကို ထုတ်ပစ်၊ အသင်းကို လူသစ်တွေနဲ့ ဘာတွေနဲ့ တည်ဆောက် မယ် ဆိုပြီး လုပ်ချင်တာ လျှောက်လုပ်နေတာ၊ တော်တော်ရက်စက်တဲ့ စတိမက္က လာရင်၊ ဒီကြားထဲ ဒဏ်ရာတွေနဲ့ ရုန်းကန်နေရတဲ့ သားလေး မိုက်ကယ်အိုဝင် ကို မျက်စောင်းက ထိုးနေသေးရဲ့၊ အင်း… ကျုပ် သိပ်မြတ်နိုးတဲ့ အင်္ဂလန် အသင်း အနာဂတ်မှာ အခြေအနေမှ ကောင်းပါ့မလား မသိဘူး"

ထိုစကားမျိုး ပြောနေသည့် အချိန်မျိုးမှာ ကိုဘဟန်၏ မျက်နှာ အမူအရာက တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရလို့ ကြေကွဲဝမ်းနည်း ခံစားနေ သည့် ပုံစံမျိုး ဖြစ်နေပါသည်။

"၂၀၀၈ ဥရောပဖလား ခြေစစ်ပွဲကို ဒီပုံစံနဲ့ဆိုရင်တော့ မလွယ်ဘူး ပေါ့နော်၊ အင်္ဂလန်အသင်း အောင်နိုင်ပါ့မလား ကိုဘဟန်ရဲ့"

ကိုဘဟန်လိုမျိုး အင်္ဂလန်အသင်းကို မြတ်နိုးသူ ကိုတင်ဖေက ပြော သောအခါ -

"ဒါကတော့ အင်္ဂလန်အသင်း ခြေစစ်ပွဲကစားတဲ့ ပွဲတွေမှာ ကွင်းလယ် ဒိုင်တွေ၊ စည်းကြပ်ဒိုင်တွေက အင်္ဂလန်ဘောလုံးအသင်း ကစားသမားတွေနဲ့ ယောက်ဖတို့၊ ယောက္ခမတို့ တော်ရင်တော့ တစ်မျိုးပေါ့ဗျာ၊ အဲ့ရှား သိကြား မ,လို့ အင်္ဂလန်အသင်းကို ဒေးဗစ်ဘက်ခမ်း ပြန်လာပါစေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုဘာဟန် မေတ္တာအတုံးလိုက် ပို့နေသော စတီမက္ကလာရင် နည်းပြသည် အင်္ဂလန်အသင်းက ဂရီအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်သောအခါ ငါးဂိုးပြတ်နှင့် နိုင်ပါသည်။ ဒါကို ကိုဘာဟန်က သိပ်ပြီးအမြင်မကြည်သေးပါ။

"ဂရီအသင်းက ပြီးခဲ့တဲ့ ဥရောပဖလားမှာ ကံကောင်းလို့ ဗိုလ်စွဲတာများ၊ အဆင့်မရှိတဲ့အသင်းနဲ့ ခြေစမ်းတာ ဘာဖြစ်မှာလဲ၊ အိပ်ပျက်တာပဲ အဖတ်တင်မှာပေါ့၊ ကြည့်နေ စတီမက္ကလာရင် နားထင် သွေးရောက်တော့မယ်"

ကိုဘာဟန် နိမိတ်ဖတ်တာ မှန်သလားတော့ မသိ။ ၂၀၀၈ ဥရောပဖလားအတွက် အင်္ဂလန်အသင်း ခြေစစ်ပွဲ ယှဉ်ပြိုင်သောအခါ အခြေအနေက သိပ်တော့မကောင်း။

"ဒါပဲဗျာ... ဒေးဗစ်ဘက်ခမ်းကို ရွေးပါ ရွေးပါလို့ ပရိသတ်တွေကကော၊ မီဒီယာတွေကပါ ဒီလောက် တောင်းဆိုနေတာ စတီမက္ကလာရင်တော့ ဒုက္ခရောက်တော့မယ်၊ မြတ်စွာဘုရားနဲ့ နတ်အပေါင်း ကူညီပါ။ ကံကောင်းထောက်မစွာနဲ့ အင်္ဂလန်အသင်း ခြေစစ်ပွဲ အောင်ပါစေ"

ကိုဘာဟန် ဆန္ဒတွေ မပြည့်ဝပါ။ အင်္ဂလန်အသင်းက ခြေစစ်ပွဲအဆုံးအဖြတ် ရုရှားအသင်းနဲ့ ကစားသောအခါ ရှုံးပြီး ဥရောပဖလား ခြေစစ်ပွဲမှ ထွက်ရသည့်အပြင် ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲမှာလည်း အခြေအနေ သိပ်ကမကောင်း။

ကိုဘာဟန် ပေါက်ကွဲမှုတွေက အထွတ်အထိပ် ရောက်ကုန်ပါတော့သည်။

"အခုထက်ထိ စတီမက္ကလာရင်ကို အင်္ဂလန်အက်ဖ်အေက ဘာလို့ ထုတ်သေးတာလဲ မသိဘူး၊ သူတို့ရဲ့ အဖေတွေနဲ့ မက္ကလာရင်က ရပ်ချင်းဆင်နေလို့လား၊ ဒါမှမဟုတ် ကျေးဇူးရှင်တွေ ဖြစ်နေလို့လား၊ ကျုပ် မပြောဘူးလား၊ ဒီလို စတီမက္ကလာရင် လူမျိုးနဲ့ဆို အင်္ဂလန်အသင်း သိက္ခာကျလိမ့်မယ် ဆိုတာ၊ စတီမက္ကလာရင် နည်းပြ လုပ်သလိုမျိုးတော့ ကျုပ်လည်း လုပ်တတ်ပါတယ်ဗျာ၊ ကစားသမားတွေက သူ့ဟာနဲ့သူ တော်လေတော့ ကျုပ်က နှမ်းဖြူးပဲ"

ကိုဘာဟန်တစ်ယောက် မတန်ရာ တန်ရာ ပြောလို့လား မသိ။ ညမှာ အစားများပြီး ဖမ်းတွေသွားလို့ ဆေးရုံတောင် တင်ရပါသည်။ ဆေးရုံတက်နေ

www.burmeseclassic.com

www.burmeseclassic.com



ရသော ရက်တွေနှင့် ဆေးရုံက ဆင်းလာစမှာ အင်္ဂလန်အသင်းအကြောင်း ပြောတာ သိပ်မကြားရ။

ထို့အပြင် သူ နှစ်သက်သော အင်္ဂလန်အသင်း ဥရောပဖလား ဘောလုံးပြိုင်ပွဲမှာ မပါလို့ဆိုပြီး ဘောလုံးပွဲတွေကိုတောင် မကြည့်တော့ပါ။ စပိန်အသင်း ဗိုလ်စွဲသွားသည့်အခါ ကိုဘဟန်က ထိုသို့ မှတ်ချက်ချပါသည်။

"စပိန်အသင်း ကံကောင်းလို့ပါကွာ၊ စတီမက္ကလာရင်ကြောင့် အင်္ဂလန်အသင်း မပါလိုက်လို့၊ နို့မို့ဆို ဥရောပဖလားက လန်ဒန်ပြတိုက်ထဲ ရောက်နေပြီ"

ညစဉ်ရက်ဆက် ဆိုသလို ကိုဘဟန်တစ်ယောက် ဘုရားရှိခိုးတိုင်း အင်္ဂလန် လက်ရွေးစင်အသင်း နည်းပြ စတီမက္ကလာရင် အင်္ဂလန်ဘောလုံးအသင်းမှ နုတ်ထွက်ရပါစေလို့ ဆုတောင်းပါသေးသည်။

( ၃ )

ကိုဘဟန် စိတ်ကူးတွေ တကယ်ဖြစ်သော နေ့ကို ရောက်လာပါသည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အက်ဖ်အေက စတီမက္ကလာရင်ကို အင်္ဂလန် လက်ရွေးစင်အသင်း နည်းပြမှ ထုတ်ပယ်လိုက်သောကြောင့် ဖြစ်သည်။ ကိုဘဟန်မှာ ပျော်လွန်းသဖြင့် ဇနီးဖြစ်သူ မခင်တင့် အဝတ်ဗီရိုထဲက 'အင်္ကျီတွေကြားမှာ ဝှက်ထားသော ပိုက်ဆံငါးထောင်ကို မသိအောင်ယူပြီး လက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေတွေကို စတီမက္ကလာရင် ထုတ်ပယ်ခြင်း အထိမ်းအမှတ်အဖြစ် လက်ဖက်ရည်နှင့် ဧည့်ခံပါသည်။



"အခု အင်္ဂလန်နည်းပြ နေရာ လစ်လပ်ပြီဆိုတော့ ဘယ်သူ အစားထိုးမလဲ မသိဘူး၊ စကိုလာရီ ကျပြန်တော့လည်း တစ်ခါ ခေါ်တုန်းက မလာ၊ နောက်တစ်ခါတော့ ခေါ်ဖို့မကောင်းဘူး၊ အီတလီ နည်းပြဟောင်းကြီး လစ်ဗီကျပြန်တော့လည်း အင်္ဂလန်နဲ့က ဖြစ်မှာ မဟုတ်ဘူး။ ဆေးပြင်းလိပ်သိပ်ကြိုက်တော့ မဖြစ်သေးပါဘူး၊ မော်ရင်ညို

www.burmeseclassic.com

www.burmeseclassic.com



ကျပြန်တော့ နူတ်က ဖွာပါဘိသနဲ့၊ နိုင်ငံအသင်းနည်းပြ လုပ်ဖူးတာလည်း မဟုတ်၊ သူက ဘောလုံးကန်လို့ မနိုင်ရင် ပါးစပ်နဲ့နိုင်အောင် ပြောတတ်၊ ရန်ဖြစ်တတ်တော့ သူ့ပြဿနာတွေ လိုက်ရှင်းနေရတာနဲ့တင် ဘောလုံးနည်းပြဘက်မှာ လစ်ဟင်းနေမှာ၊ မန်ယူနည်းပြကြီး ဖာဂူဆန်ကျပြန်တော့ သူ နှစ်ပေါင်းများစွာ ကိုင်တွယ် ပြုစုပျိုးထောင်ခဲ့တဲ့ မန်ယူအသင်းကြီးကို စွန့်ခွာဖို့ဆိုတာ သူလည်း သံယောဇဉ် ဖြတ်နိုင်မှာ မဟုတ်ဘူး၊ ဆင်အလာဒိုက်စ်ကျပြန်တော့ ဆုရအောင် အသင်းကို ကိုင်တွယ်ဖူးတာ မဟုတ်ဘူး၊ ဟော်လန်နည်းပြတွေကျတော့လည်း အသင်း တစ်သင်းကို ဆီမီးလောက်သာ ကိုင်နိုင်တာဆိုတော့ ခက်သားဗျာ”

ကိုဘဟန်က သူ့ကိုယ်သူ အင်္ဂလန်ဘောလုံး အမှုဆောင်အရာရှိချုပ် ဘာရိုင်ယန်းဘားဝဒ်လို လျှောက် ပြောနေသဖြင့် သူ တိုက်သော လက်ဖက်ရည်ကို သောက်ပြီး ကြိတ်မှိတ်နားထောင်နေရသော ကိုကျော်ဖြန်းမှာ သည်းမခံနိုင်သဖြင့် ဘုတောတောပါသည်။



“ခင်ဗျား ပြောတာ နိုင်ငံတကာ နာမည်ကြီးနည်းပြတွေ ကုန်သလောက် ဖြစ်နေပြီ၊ ဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက သင့်တော်ရာ နည်းပြ တစ်ယောက်နှယောက် ခေါ်ဖို့ အက်ဖ်အေကို အကြံပြုပေတော့”

“အင်း… ခင်ဗျား ပြောတာလည်း ဖြစ်နိုင်သော်ငြား ဒီအချက်ကို စဉ်းစားရမယ်”

www.burmeseclassic.com



ကိုဘဟန်က အတည်ပေါက်ကြီး ခေါင်းတညိတ်ညိတ် လုပ်ရင်းမှ မှတ်ချက်ချသဖြင့် ကျန်သူတွေက ပြုံးနေကြပါသည်။

ကိုဘဟန်တစ်ယောက် အိမ်လည်း ပြန်ရောက်သည့်အခါ မခင်တင့်က ဗီရိုထဲ ဝှက်ထားသော ပိုက်ဆံငါးထောင် ကိုဘဟန် ယူသွားတာ သိသဖြင့် လင်မယားချင်း ရန်ဖြစ်ကြတာ လမ်းထဲကတောင် ဝင်ဆွဲရပါတော့သည်။

( ၄ )

ကိုဘဟန်တစ်ယောက် ယခု တော်တော် စိတ်တိုင်းကျလို့နေပါပြီ။ သူ့ချစ်မြတ်နိုးသော အင်္ဂလန်အသင်းမှာ နည်းပြက ဆုတံဆိပ်တွေ ယူပေးဖူးသော အီတလီလူမျိုး ကာပယ်လို ဖြစ်နေလို့ပါ။

ထို့အပြင် သူ သိပ်မြင်ချင် တွေ့ချင်နေသော ဒေးဗစ်ဘက်ခမ်းကို လည်း အင်္ဂလန်အသင်းမှာ ပြန်ရွေးချယ်ရုံမက အင်္ဂလန်အသင်းက ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲမှာ နည်းပြကြီး ကာပယ်လို ရောက်ကတည်းက ယှဉ်ပြိုင်သည့် ပွဲတိုင်းမှာ အနိုင်ရသဖြင့် ခြေစစ်ပွဲ အောင်ဖို့က များနေပါသည်။

ထို့အပြင် ကိုဘဟန်ခမျာလည်း နောက်ထပ် သားတစ်ယောက် ထပ်တိုးလာပြန်ပါသည်။ ခရိုအေးရှားနှင့် အင်္ဂလန်အသင်း၊ ခရိုအေးရှား အိမ်ကွင်းမှာ ယှဉ်ပြိုင်သည့်အခါ အင်္ဂလန်အသင်းက ဂိုးပြတ် နိုင်ပါသည်။ ထိုပွဲမှာ အာဆင်နယ် ကစားသမား ဝဲလ်ကော့က သုံးဂိုးတိတိ သွင်းပါသည်။ ထိုပွဲအပြီး ကိုဘဟန်တစ်ယောက် အာဆင်နယ်အသင်း ပရိသတ် ဖြစ်ရုံမက နှုတ်ဖျားမှလည်း ဝဲလ်ကော့အား သားလေး သားလေးနှင့် ဖြစ်နေပါတော့သည်။

"ဒဏ်ရာတွေ ဗရပွရလို့ ဘောလုံးကွင်း မြက်ခင်းစိမ်းတွေနဲ့ ဝေးကွာနေတဲ့ သားလေး အိုဝင်အစား အခု အင်္ဂလန်အသင်းက ဝဲလ်ကော့ဆိုတဲ့ သားလေးတစ်ယောက် ရလိုက်ပြီ၊ အသက်အရွယ်ကလည်း အိုဝင် ဘောလုံးလောကကို ဝင်လာခါစနဲ့ မတိမ်းမယိမ်းပဲ၊ ဒီအတိုင်းဆို အင်္ဂလန်အသင်း ကမ္ဘာ့ဖလား ရဖို့ ကိုးနိုးသေပြီ၊ လူငယ် လူကြီး မျှတအောင် ရောသမမွှေထားတဲ့ အင်္ဂလန်အသင်း ကာပယ်လို လက်ထက်မှာမှ ဖလားမရရင် ယောက္ခမဒီကို ဖလားကို ပေးဖို့ပဲ ရှိတော့မယ်၊ တစ်ခုပဲ စိုးရိမ်တယ်ဗျာ၊ သားလေး ဝဲလ်ကော့ ဒဏ်ရာ မရပါစေနဲ့လို့"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို မကြာခဏဆိုသလို ကိုဘဟန် ပြောလို့လား မသိ။ ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသလို ဝဲလ်ကော့ခမျာ ပရိုးမိုးယားလိဂ်တွင် အာဆင်နယ်အသင်းမှ ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားရင်း ပခုံး ဒဏ်ရာရရှိသွားသဖြင့် ကလပ်အသင်းမှာကော၊ နိုင်ငံအသင်းမှာပါ မကစားရတော့ဘဲ နားနေရပါတော့သည်။

ကိုဘဟန်ခမျာ ဝဲလ်ကော့ မပါသော အင်္ဂလန်အသင်းနှင့် အာဆင်နယ်အသင်းမှာ သူ့အတွက် ကြည့်နေရပါသော်လည်း ထမင်းနှင့် ဟင်းစားသည့်အခါ တစ်ခုခု လိုနေသလိုမျိုး ဖြစ်နေပါသည်။ ဝဲလ်ကော့တစ်ယောက် ဒဏ်ရာကနေ အမြန်သက်သာပါစေလို့ သူ့ခမျာ ဆုတောင်းရုံမှတစ်ပါး ဘာမှမတတ်နိုင်။

"ကိုဘဟန်ရာ… ဒါများ ခက်တာမှတ်လို့၊ ဟိုမှာက ဆရာဝန်တွေ ဆေးဝါးတွေ ကောင်းပါဘိသနဲ့၊ ဒီမှာ ဒီကနေ ဝဲလ်ကော့ကို ခင်ဗျား ယတြာ ချေပေးကြည့်ပါလား"

"ဘယ်လို ယတြာချေရမှာလဲ ကိုမြင့်ရဲ့"

တစ်နေ့ လက်ဖက်ရည်ဆိုင်မှာ ကိုဘဟန်က ပြောနေကျအတိုင်း ဝဲလ်ကော့အကြောင်း ပြောနေတုန်း မိတ်ဆွေဖြစ်သူ ကိုမြင့်က အကြံပေးပါသည်။

"ဝဲလ်ကော့ ဆိုတော့ ဗုဒ္ဓဟူးသားဗျ၊ ဒီတော့ လာမယ့် ဗုဒ္ဓဟူးနေ့မှာ အာဆင်နယ်အသင်း အင်္ကျီအဝါရောင်ကို ဝတ်၊ လက်ထဲမှာ ပန်းအဝါတစ်ပွင့်ကို ကိုင်ပြီး အာဆင်နယ်အသင်း တည်ရှိရာ ဥရောပတိုက် အနောက်အရပ်ကို ခင်ဗျားရဲ့ အိမ်ရှေ့မှာ မတ်တတ်ရပ် မျက်နှာမူရင်း ပျောက်စေ၊ ပျောက်စေ၊ ပျောက်စေဆိုပြီး သုံးခါ အကျယ်ကြီး အော်၊ ဒီကနေ သူ့ကို မေတ္တာပို့ပေးတာ သူ့ ဒဏ်ရာတွေ ပျောက်ပြီး ဘောလုံးလောကထဲ ပြန်ရောက်လာမယ်"

"စိတ်ချ ကိုမြင့်၊ လုပ်မယ်ဗျာ၊ အဓိကပြောရရင် ဝဲလ်ကော့လေး ဒဏ်ရာ သက်သာဖို့ပဲ"

ကိုမြင့် ပေးသည့် အကြံက ဟုတ်သလား၊ မဟုတ်သလား မသိ။ ကိုဘဟန်က တော်တော်ကျေနပ်သွားပါသည်။ ကိုမြင့်ကတော့ ကိုဘဟန်ကို သူ ကြပ်ပေးလိုက်တာ ဘယ်လိုမျိုးတွေ ဖြစ်လာမလဲ သိချင်နေသည်။

ဒါကို ကိုဘဟန်က မသိရှာချေ မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



( ၅ )

ဗုဒ္ဓဟူးနေ့မှာ ကိုဘဟန်တစ်ယောက် အာဆင်နယ်အသင်း အင်္ကျီ အဝါကို ဝတ်၊ လက်ထဲမှာ ဂန္ဓမာပန်းပွင့် အဝါတစ်ပွင့်ကို လက်က ကိုင်ပြီး အနောက်အရပ်ကို မျက်နှာမူပြီး ပျောက်စေ၊ ပျောက်စေ ဆိုပြီး သုံးခါ အကျယ်ကြီး အော်သဖြင့် လမ်းသွားလမ်းလာတွေက အထူးအဆန်းမျိုး ကြည့်ရင်းက ရယ် သွားကြပါသည်။

အိမ်ထဲမှာ အအေးမိလို့ ဖျားတာ သုံးရက်လောက် ရှိသဖြင့် အိပ်ရာထဲ လှဲနေသော ကိုဘဟန် ဇနီး မခင်တင့်က အိပ်ရာထဲမှ ထလာရင်း ကိုဘဟန်အား ဘာလုပ်တာလဲဟု မေးသောအခါ ကိုဘဟန် အဖြစ်မှန်ကို ရှင်းပြပါသည်။ ထိုအခါ မခင်တင့် ဒေါသတွေက အချိန်ကိုက်ဗုံး ပေါက်ကွဲတာထက်ကို ပြင်းထန်သွားပါသည်။

"ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ… မယားလုပ်တဲ့သူ နေမကောင်းလို့ အိပ်ရာထဲ လဲနေတာကျတော့ ဆေးခန်း တစ်ချက် လိုက်မပို့ ဆေးတစ်လုံး မတိုက်ဘဲ ဘယ်ကဟာမှန်း မသိတဲ့ အင်္ဂလန်က ဝဲလ်ကော့ကျ တော့ ဒဏ်ရာ သက်သာအောင် ယတြာချေပေးနေတာတဲ့၊ ဘယ်သူက ရှုးပြီး အကြံပေးတာကို ရှုးပြီး လိုက်လုပ်တာ အံ့ပါရဲ့၊ ကြည့်ကြပါဦး၊ သင်းကို ကွာမယ် ကွာမယ်"

မခင်တင့်တစ်ယောက် ကိုဘဟန်၏ ကျောပြင်ကို လက်နှင့် အချက် ပေါင်းများစွာ ဖြောင်းပြီး အဝတ်အစားတွေကို ယူကာ သူမ မိဘများ အိမ်သို့ ဆင်းသွားပါသည်။ ကိုဘဟန်က ပြန်လိုက်ခေါ်သော်လည်း ပြန်မလာပါ။

နောက်ဆုံး တစ်လကြာမှ ရပ်ကွက်လူကြီးများက လိုက်လံစေ့စပ်ပေး မှ မခင်တင့် အိမ်ပေါ် ပြန်ရောက်လာပါသည်။

ထိုရက်များအတွင်း ကိုဘဟန်ထံမှ ဘောလုံးစကား မကြားရသဖြင့် မိတ်ဆွေတွေက လွမ်းတောင် လွမ်းနေကြပါသေးသည်။

ဪ… ဝဲလ်ကော့ကိုမှ စွဲလမ်းလွန်းတဲ့ ကိုဘဟန်ရယ်… ဖြစ်ရ ဖြစ်တတ်လေစ။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဘောလုံးခေါက်ဆွဲ



(၁)

"ဒီစကားကို ဘယ်သူ ပြောတာလဲ"

"ဘယ်သူ ပြောရမလဲ၊ ပွေးလှဘောလုံးအသင်း နည်းပြ ကိုဘညို ပြောတာ"

ဦးဖိုးတုတ်တစ်ယောက် ဒီသတင်းတွေ ကြားကြားချင်း နည်းနည်းတော့ ဘုနေပါတယ်။ ဘယ့်နှယ် မနှစ်က ဆယ်ရွာပတ်လည် ဘောလုံးပြိုင်ပွဲမှာ ပထမ ရလို့ အခြားနယ်ဘက်က ပြိုင်ပွဲမှာ ပထမ ရတဲ့ အသင်းနဲ့ ထပ်ဆင့်ချန်ပီယံ ဗိုလ်လုပွဲ လုပ်တော့လည်း ဦးဖိုးတုတ် နည်းပြတဲ့ ညောင်သာရွာကပဲ ပထမရတော့ ဆုဖလား နှစ်ခု ရတဲ့ ဦးဖိုးတုတ်သာမက ညောင်သာတစ်ရွာလုံးက ဂုဏ်ယူမဆုံး ဖြစ်နေတယ်။ ဒါကို ပွေးလှဘောလုံးအသင်း နည်းပြ ကိုဘညိုက မကျေနပ်ဘူး ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘညို မကျေနပ်တဲ့ အချက်က ထပ်ဆင့်ချန်ပီယံ ဗိုလ်လုပွဲတုန်းက ဦးဖိုးတုတ်တို့ ညောင်သာ ဘောလုံးအသင်းက နောက်တန်းသမား ငထင်က ဟိုဘက်အသင်းက ရှေ့တန်းသမားကို ကြမ်းကြမ်းတမ်းတမ်း လူချ ကစားလို့ တိုက်ရိုက်အနီကတ်ပြပြီး ထုတ်ပယ်ခံရတယ်။ ဒါက ပြဿနာ မဟုတ်သေး ဘူး။ ပြဿနာက ဒီလို။ ဦးဖိုးတုတ်နဲ့ ကိုဘညိုကြားမှာ ကျောင်းတော်တုန်းက ရန်စတွေက ရှိသေးရဲ့။

( ၂ )

ညောင်သာရွာ ဘောလုံးအသင်းကို ဦးဖိုးတုတ် နည်းပြလာတာ နှစ် နှစ်ဆယ်ကျော်ပြီ။ သက်တော်ရှည် နည်းပြလို့လည်း ပြောလို့ရတယ်။ ညောင်သာ ရွာသူ ဒေါ်အေးလှနဲ့ အိမ်ထောင်ကျပြီးကတည်းက ဘောလုံးပြိုင်ပွဲတိုင်းမှာ အစဉ်အလာ မရှိတဲ့ ညောင်သာရွာကို ဘောလုံးဝါသနာ ပိုတဲ့ ဦးဖိုးတုတ်က နည်းပြ လုပ်ပေးတာ အနှစ်နှစ်ဆယ်အတွင်းမှာ ပထမဆုချည်းပဲက ဆယ်ကြိမ်၊ ဒုတိယဆုနဲ့ အခြားဆုတွေ ရတာကလည်း ပြောမနေနဲ့တော့။ ပြီးတော့ ဦးဖိုးတုတ်က ဘောလုံးသမားကို စနစ်တကျ ရွေးချယ်တတ်တယ်။ ခြေရှည် ခြေသွေး ကောင်းတဲ့သူတွေကို အချိန်ယူ ဉတားပြီးမှ ထုတ်သုံးတတ်တယ်။ ပြီးတော့ စည်းစနစ်ကလည်းရှိဆိုတော့ ညောင်သာရွာ ဘောလုံးအသင်းနဲ့ ဦးဖိုးတုတ်က တစ်သွေးတည်း တစ်သားတည်း ပြောလို့ရတယ်။



www.burmeseclassic.com



ဖြစ်ချင်တော့ ညောင်ထောက်ရွာ ဘောလုံးအသင်းကို နည်းပြဖို့ ကိုဘညို ရောက်လာတယ်။ ကိုဘညိုက မြို့နယ်အဆင့် ဘောလုံးကစားဖူးတဲ့ သူ ဖြစ်တာရယ်၊ နိုင်လိုစိတ် ပြင်းပြတာရယ်၊ နည်းစနစ်ပိုင်းရော တစ်ပွဲချင်း ကစားတဲ့ ကစားကွက်ကို ဗျူဟာခင်းတာတွေ၊ ဘောလုံးသမားတွေကို စည်းကမ်းနဲ့ ပြင်းပြင်းထန်ထန် ကိုင်တွယ်တာရယ်၊ နောက်ပြီး ပါးစပ်ပေါက် ခပ်ဆိုးဆိုးနဲ့ ဘုတော တောတာတွေကြောင့် နာမည်သတင်းက တော်တော်မွှေးခဲ့တယ်။ ဒီတော့ ဆယ်ရွာပတ်လည် ဘောလုံးပြိုင်ပွဲမှာ ဆက်တိုက် ဗိုလ်စွဲတဲ့ ညောင်သာ ဘောလုံးအသင်းကို အနိုင်ယူပြီး နှစ်နှစ်ဆက်တိုက် ပထမရအောင် ယူပြတဲ့ အခါမှာ ဦးဖိုးတုတ်က ဘယ်အစာကြေပါ့မလဲ။

ဘောလုံးအသင်း အောင်မြင်ဖို့သာ ကြည့်ပြီး မျက်နှာမလိုက်တတ်တဲ့ ကိုဘညိုက သူ ကိုင်တွယ်နေတဲ့ ညောင်ထောက် ဘောလုံးအသင်းမှာ ငွေကြေးအများဆုံး ပံ့ပိုးပေးတဲ့ ဦးအီဖောင်က ဘောလုံး နည်းနည်းပါးပါး ကန်တတ်တဲ့ သူ့သားကို အသင်းမှာ ထည့်ကန်ခိုင်းတာ ညောင်ထောက်ရွာ ဘောလုံး နာယက သူကြီးက မသိချင်ယောင်ဆောင်နေလို့ ကိုဘညိုနဲ့ စကားများပြီး ကိုဘညိုက နည်းပြမလုပ်ဘဲ ထွက်ခဲ့တယ်။ ဘောလုံးနည်းပြ မလုပ်တဲ့ တစ်နှစ်လောက် နေပြီးတော့မှ ပွေးလှရွာ နည်းပြ ဖြစ်လာခဲ့တယ်။

ဒီနှစ်မှာ ဆယ်ရွာပတ်လည် ရှုံးထွက်ပြိုင်ပွဲကို လုပ်တာ၊ ဖြစ်ချင်တော့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ ကိုဘညို ကိုင်တဲ့ ပွေးလှအသင်းနဲ့ ဦးဖိုးတုတ် ကိုင်တဲ့ ညောင်သာဘောလုံးအသင်းတို့က လာတွေ့တာဆိုတော့ ပရိသတ်တွေက အတော့်ကို စိတ်ဝင်စားကုန်ကြတယ်။ ဆရာကြီး နှစ်ယောက် တွေ့ပြီပေါ့။

ဒီမှာတင် ပြဿနာက စ,တာလို့ ပြောရမယ်။ ကိုဘညိုက Mind Game စိတ်ခတ် စစ်ဆင်ရေး စသလိုနဲ့ ဦးဖိုးတုတ်ရဲ့ ဘောလုံးအသင်းကို ဘောနဲ့ ထိုးစစ်ဆင်တော့တာပါပဲ။ အဲဒါကတော့ ထပ်ဆင့်ချန်ပီယံ ဗိုလ်လုပွဲ ကျိန်းက အထုတ်ခံရတဲ့ ညောင်သာလက်ရွေးစင် ဘောလုံးသမား ငထင်ကို သူတို့နဲ့ ယှဉ်ပြိုင်ကစားမယ့်ပွဲမှာ မကစားခိုင်းဖို့ ဒိုင်တွေကို ပြောမယ်။ သုံးထိရမယ် ဆိုတဲ့ အချက်ပါပဲ။ ဘာဖြစ်လို့လဲဆို ငထင်က နောက်တန်း ကစားသမား တော်တော်ကောင်းတာကိုး။

www.burmeseclassic.com



( ၃ )

သဖန်းရွာထိပ်က ကိုသာခင်ရဲ့ လက်ဖက်ရည်ဆိုင်ဟာ မနက် ၁၀ နာရီလောက် ရှိပေမယ့် လူက စည်တုန်း ရှိသေးရဲ့။ ဆိုင်ရှေ့မှာက သစ်ရိပ် ဝါးရိပ် ရှိတော့ နေက မပူဘဲ အရိပ်ရနေတော့ သောက်သုံးသူတွေလည်း အဆင်ပြေ၊ အရိပ်ကောင်းကောင်းမှာ ထိုင်ပြီး စကားကောင်းကောင်း ပြောနိုင် တာကိုး။ ဆိုင်ရှေ့မှာလည်း ဆိုင်ကယ်တွေက တန်းစီ ရပ်ထားတာ ဆိုင်ကယ် အရောင်းပြခန်းမှာ စီထားတဲ့အတိုင်းပဲ။

"ဦးဖိုးတုတ် အသင်းမှာ အလယ်တန်း ကစားတဲ့ ဂွဒိုက တကယ် ကောင်းတယ်နော်၊ လိမ်တာ ခေါက်တာ၊ ဘောလုံး ထွက်တာက ရှယ်ပဲ၊ ဒီနှစ် ဆယ်ရွာပတ်လည်မှာ အကောင်းဆုံးဆု ရခဲ့တာ၊ ဟို... ဒေါသအိုးလေး မောင်နီကရော ကြည့်ဦး၊ ဘောလုံးကို နောက်ကနေ ရှေ့ကိုရအောင် ဆွဲလာ ပြေးလာ၊ သူ့ဂိုးတိုင်ရှေ့မှာ အင်္ဂတေနဲ့ ပိတ်ထားသလား မှတ်တယ်၊ အခုထက်ထိ ဂိုးမသွင်းနိုင်သေးတာ ကြည့်ပါလား"

နားထဲမှာ ကြားနေတဲ့ စကားတွေက သံရည်ပူတွေနဲ့ လောင်းထည့် သလိုမျိုး ဒီဘက်ဝိုင်းမှာ ကော်ဖီသောက်နေတဲ့ ကိုဘညို တော်တော်ခံပြင်းနေတယ်။ ဟိုဘက်ဝိုင်းက မကြားတကြားနဲ့ သူ့ကို စော်ကားသလိုမျိုး ဖြစ်နေလို့ပါ။

"ဟေ့လူတွေ... ကျုပ် မရှိမှ ဦးဖိုးတုတ် ခေါင်းထောင်လာတာ လာမပြောနဲ့။ ကျုပ် ညောင်ထောက်ရွာ နည်းပြတုန်းက ခင်ဗျားတို့ ဦးဖိုးတုတ် ရဲ့ အသင်းရော၊ ဦးဖိုးတုတ်ပါ ကျုပ်ကို နိုင်လို့လား၊ ကျုပ်နဲ့ တွေ့တိုင်း ရှုံး အစဉ်အလာတောင် ပျက်ရောလေ၊ အခု ပွေးလှနဲ့ ကန်မယ့်ပွဲမှာ ကြည့်လိုက် တမင်တကာ ဟန်ဆောင် ဒိုက်ထိုးတဲ့ ဂွဒို လုပ်ရဲလုပ်ကြည့်၊ ဒိုင်ကို ပြော အနီကတ်ပြပြီး ထုတ်ကို ထုတ်ခိုင်းလိုက်မယ်"

သည်းမခံတတ်တဲ့ ကိုဘညိုက စကားကို ကပ်ပြောပါတယ်။ ဒါ ဟိုဘက်ဝိုင်းက ညောင်သာရွာအသင်းကို အားပေးကြသူတွေကလည်း ခံ ဘူး ထင်ပါရဲ့။

"ဒီမှာ ကိုဘညို၊ ခင်ဗျားက ညောင်ထောက်ရွာအသင်းကို နည်း တုန်းက နှစ်နှစ်ဆက်တိုက် ပထမ ရတာ အသင်းမှာ ကစားတဲ့သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ညောင်တောက်ရွာသားစစ်စစ် ဘယ်နှယောက် ပါလို့လဲ၊ ဦးအိဖောင်က ပိုက်ဆံရှိလို့ အခြားနယ်က မြို့နယ် လက်ရွေးစင်တွေကို ပိုက်ဆံပေးငှားပြီး ညောင်တောက်ရွာသား မဖြစ် ဖြစ်အောင် လုပ်ထားတာများ မသိတာကျလို့"

ကိုဘညိုအဖို့ ထိုစကားက အနာပေါ် တုတ်ကျသလို ဖြစ်သွားပါတယ်။ ဘာဖြစ်လို့လဲဆို… ပြောနေတာက မှန်နေလို့ပါပဲ။


"ယှဉ်ပြိုင်တယ် ဆိုတာ ဆုရဖို့ ရှုံးဖို့ မဟုတ်ဘူး၊ ဘညိုရဲ့ ရာဇဝင်မှာ ဘယ်အသင်းနည်းပြပြ ပထမ ရရမယ်၊ ဒါ ဘညိုရဲ့ ကျမ်းစာပဲ"

"အဲဒါက အရင်က ဖြစ်မယ်၊ အခု ခင်ဗျား နည်းပြလုပ်တဲ့ ပွေးလှအသင်းက လူအို ကလေးအဖေတွေချည်းပဲ၊ မြင်ယောင်သေးရဲ့ဗျာ… ညောင်သာရွာက လူငယ်တွေကတော့ စိန်ပြေးတမ်း ဘောလုံးကွင်းထဲမှာ ကစားတော့မှာပဲ"

ကိုဘညို ထိုင်ရာကနေ ဆတ်ခနဲ ထလိုက်ပါတယ်။ ပြီးတော့ လက်သီးတို့ ကျစ်ကျစ်ပါအောင် ဆုပ်ရင်းက-

"ဘောလုံးပွဲဆိုတာ မပြီးသေးဘဲနဲ့ ဘာမှ မပြောနဲ့၊ ဘညို ဆိုတဲ့ အျပ်က မပိုင်ရင် ဘယ်အသင်းမှ နည်းပြမလုပ်ဘူး၊ စောင့်ကြည့်"

ကိုဘညိုက ကော်ဖီမစ် ဖိုး အမြန်ရှင်းပေးပြီး ဆိုင်ရှေ့မှာ ရပ်ထားတဲ့ ဆိုင်ကယ်ကို စက်နှိုးပြီး ဆိုင်ရှေ့ကနေ အမြန်မောင်းထွက်တာ ဖုန်မှုန့်တွေက လေထဲမှာ ဝဲပျံ့နေပါတော့တယ်။




www.burmeseclassic.com

www.burmeseclassic.com



( ၄ )

"ဗျို့… ကိုဖိုးတုတ်၊ ရှာနီးချုပ်စပ် ရွာတွေမှာ ကြားနေရတယ်၊ ခင်ဗျားရဲ့ အသင်းက ဝွဒိုကို ပွေးလှအသင်းက ရှေ့နှစ်မှာ ရအောင် ခေါ်မယ်တဲ့ ဝွဒိုက ရပ်ချောတော့ ပွေးလှရွာသူကြီးက သူ့သမီး ကွမ်းတောင်ကိုင် နှစ်ယောက် ထဲက တစ်ယောက်ကို ကြိုက်တာယူ ဆိုပြီး ပေးမယ်ဆိုတဲ့ စကားက ဟိုးဟိုး ကျော်ပဲဗျို့"

ရေနွေးကြမ်း သောက်ဖို့ ဟန်ပြင်နေတဲ့ ဦးဖိုးတုတ်က မသောက်တော့ဘဲ ရေနွေးကြမ်း ပန်းကန်လုံးကို ပြန်ချလိုက်ရင်းက–

"ငါ… ညောင်သာရွာမှာ နည်းပြလုပ်တာ အနှစ် နှစ်ဆယ်ကျော်ပြီ၊ ဒါမျိုးတွေ မြင်လို့ ငါက အပိုင်ချုပ်ပြီးပြီကွ၊ ဝွဒိုကို ဘညိုတို့ အသင်းက အောက်လမ်းနည်းနဲ့ မြှူဆွယ်ဖြားယောင်းမှာကို အတပ်သိလို့ ဝွဒိုကို ငါ့ရဲ့ မြေးမ မြို့က အဝေးသင်နဲ့ ဘွဲ့ရတဲ့ မသီတာကို ငါက လှော်ပေးတာ သင်းတို့တွေ သမီးရည်းစား ဖြစ်ကြလို့ တန်ခူးလကုန်ရင် မင်္ဂလာဆောင်တော့မှာ ငါ့ရဲ့ သိက္ခာကို ထိန်းသိမ်းအခွန့်ရှည်ဖို့၊ ငါ စီစဉ်တာ ဒီဘညို မသိလိုက်တာ ငါက ရယ်တောင် ရယ်ချင်သေး၊ မင်း မှတ်ထား၊ ကိုယ့်အသင်းသားတွေက ဘယ်သူ ဘာလဲ အပ်ကျတာ မသိဘဲနဲ့ နည်းပြ ငါ ဘယ်တော့မှ မလုပ်ဘူး"

ဦးဖိုးတုတ်က အဲဒီလို ပြောတော့ ညောင်သာရွာက ရာအိမ်မှူးကိုဆယ်ပြားကလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်းက ဘာမှ မပြောတော့ဘဲ ကျေနပ်သွားပါတယ်။

ဦးဖိုးတုတ်ကတော့ ပွေးလှရွာ ဘောလုံးအသင်း နည်းပြ ကိုဘညို ဒီတစ်နှစ်တော့ ခံလိုက်ရပြီလို့ တွေးရင်းက အကျေနပ်ကြီး ကျေနပ်လို့မဆုံး ဖြစ်နေပါတော့တယ်။

( ၅ )

ဆယ်ရွာပတ်လည် ရှုံးထွက် ဆီမီးဖိုင်နယ်ပွဲကြီးက စခဲ့ပါပြီ၊ ပရိသတ်တွေကလည်း ကွင်းအပြည့်ပါပဲ။ နှစ်ဖက်သော ဘောလုံးကစားသမားများ ဘောလုံး ယှဉ်ပြိုင်နေတာကို ကြည့်ရင်း ဦးဖိုးတုတ်နဲ့ ကိုဘညိုကတော့

www.burmeseclassic.com

www.burmeseclassic.com



သိကြားနဲ့ အသူရာ စစ်ခင်းပြီး မတည့်သလို ပုံစံမျိုးနဲ့ ကွင်းဘေးမှာ ကိုယ့်အသင်းသားတွေကို ညွှန်ကြားရင်း မျက်စောင်း တထိုးထိုးနဲ့ပါပဲ။

ဘောလုံးပွဲကလည်း အကြိတ်အနယ်ပါပဲ။ နှစ်သင်းစလုံး အနိုင်မခံ အရှုံးမပေးဘဲ ယှဉ်ပြိုင်ကြတာ ဘောလုံးကွင်းက လယ်ကွင်းကို မြေညှိပြီး လုပ်ထားတာဆိုတော့ မြေစာခဲတွေနဲ့ ခြေထောက် ထိမိပြီး ခြေမကွဲသူ၊ ညို့သကျည်းထိသူနဲ့ ကြက်ခြေနီတွေခမျာ မအားလပ်နိုင်အောင် ဖြစ်ရပါတယ်။

နှစ်ဖက်သော ဘောလုံး ဂိုးဖမ်းတဲ့ ဂိုးသမားတွေကလည်း ကမ္ဘာကျော် ဂိုးသမားတွေအတိုင်းပါပဲ။ ဂိုးဝင်နိုင်သမျှ ဘောလုံးတွေကို လိမ္မော်သီး လက်ထဲ ထစ်ပေးသလိုမျိုး ဂိုးဖမ်းနေကြတာ ပရိသတ် လက်ခုပ်သံတွေကလည်း တဖြောင်းဖြောင်းပါပဲ။

ဒီလိုနဲ့ ဘောလုံးပွဲက ပြီးလို့ နာကျင်အချိန်ပို တစ်မိနစ် ပေးတာ ဆယ်စက္ကန့်ပဲ လိုပါတော့တယ်။ ဒီအချိန်မှာ ညောင်သာ နောက်တန်း လက်ရွေးစင်ထင်က ဘောလုံးကို ပြန်ပေးတာ တကယ့်ကိုမှ ဖြည်းဖြည်းလေး။ ဒါကို ညောင်သာ ဂိုးသမား ခင်မောင်ဆန်းက ပြီးခဲ့တဲ့ ဆယ်ရွာပတ်လည် ပြိုင်ပွဲတုန်းက ပေးဂိုးမရှိ၊ ဂိုးဖမ်းနိုင်တဲ့ စံချိန်အတိုင်း ဒီရှုံးထွက်ပွဲမှာလည်း စံချိန်တင်ထားတာဆိုတော့ ဘောလုံးကို အေးအေးဆေးဆေး ဒူးထောက်ဖမ်းတာ၊ သူ့ဒူးမထောက်ခင်မှာ ဘောလုံးက သူ့ပေါင်အောက်က ဝင်ပြီး ဂိုးဝင်သွားပါတယ်။



"ဂိုး… ဂိုး"

ပရိသတ်တွေရဲ့ အော်သံတွေက ကမ္ဘာပျက်တဲ့အတိုင်းလား မှတ်ရပါတယ်။ ဦးဖိုးတုတ်များလည်း သူ့အသင်း

www.burmeseclassic.com

www.burmeseclassic.com



ဂိုးသမား ခင်မောင်ဆန်း ဒီလောက် လွတ်တဲ့ ဘောလုံးကို ဘယ်လိုဖြစ်လို့ ဖမ်းမမိဘဲ ဂိုးဝင်သွားသလဲပေါ့။ ဒီထက် ပိုဆိုးတာက ဂိုးမပေးရရေး စံချိန်တင် ထားတာ၊ ဘာမဟုတ်တဲ့ နောက်ပြန်ပေးတဲ့ ဘောလုံးနဲ့ကျမှ ဂိုးပေးရတာ ဆိုတော့ ခံပြင်းနေမိပါတယ်။

ပွဲးလှအသင်း နည်းပြဆရာ ကိုဘညိုကတော့ ဦးဖိုးတုတ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းက မျက်နှာပေးအမျိုးမျိုးနဲ့ ကလိရင်းက ပွဲကြီးပြီးတော့ ဦးဖိုးတုတ်ကို လက်ဆွဲ နှုတ်ဆက်ရင်း-

"အစဉ်အလာကို ဘယ်ဖျက်လို့ ရမလဲ ဦးဖိုးတုတ်ရယ်၊ ဘညိုပဲဗျာ အဲဒီလောက် လျှော့တွက်ရင် မှားသွားလိမ့်မယ်"

ဦးဖိုးတုတ်က ကိုဘညို စကားကြောင့် ဒေါသထွက်ပြီး ကိုဘညိုကို တစ်ခုခု ပြန်လုပ်ချင်ပေမယ့် အနှစ် နှစ်ဆယ်ကျော် နည်းပြလုပ်ခဲ့တဲ့ သိက္ခာကို ပြန်ထိန်းပြီး မျိုသိပ်လိုက်ရပါတော့တယ်။

ဦးဖိုးတုတ်တို့ အသင်းကို အနိုင်ယူပြီး ဗိုလ်လုပွဲ တက်သွားတဲ့ ကိုဘညိုတို့ အသင်းက ပထမဦးဆုံးအကြိမ် ကျင်းပတဲ့ ဆယ်ရွာပတ်လည် ရွှေးထွက်ပြိုင်ပွဲမှာ ပထမဆု ရသွားပါတယ်။

ဒါကို မုဒိတာပွားနိုင်ပေမယ့် ကိုဘညိုက ဘောလုံး ယှဉ်ပြိုင်ပွဲ လုပ်ပြီး တစ်လအကြာမှာ မင်္ဂလာဆောင် ဖိတ်စာ လာပေးပါတယ်။

ဖိတ်စာကတော့ သူ့ရွာအသင်း ဂိုးသမား ခင်မောင်ဆန်းနဲ့ ကိုဘညိုရဲ့ ညီမအငယ်ဆုံး မိသင်းရဲ့ မင်္ဂလာဆောင် ဖြစ်နေလို့ပါ။

လူကြီးလူကောင်းဆန်စွာ ကိုဘညိုကို အမြင် မကြည်ပေမယ့် မင်္ဂလာပွဲကို သွားပြီး မင်္ဂလာဆောင်က အပြန်မှာတော့ ဦးဖိုးတုတ် ပေါက်ကွဲတာ ဘယ်သူမှ နှစ်သိမ့်လို့ မရ။

( ၆ )

ဖြစ်ပုံက ကြည့်ဦးလေ။

ကိုဘညိုက ဈေးသင်သာရွာ ဂိုးသမား ခင်မောင်ဆန်းကို ကလိ... တောင်းတယ်။ အဲဒါက ခင်မောင်ဆန်း သုံးနှစ် သုံးမိုး ပိုးပန်းနေတဲ့ ကိုဘညို ညီမ အငယ်ဆုံး မိသင်းဆီက ချစ်မေတ္တာသာမက သူကိုယ်တိုင် ကျေ...

www.burmeseclassic.com

www.burmeseclassic.com



နပ်နပ်နဲ့ လက်ထပ်ပေးမယ်။ ညောင်သာရွာနဲ့ ပွဲလုပ်ရွာ ဘောလုံး ကစားတဲ့ အခါ ပွဲပြီးခါနီးမှ ခေါက်ဆွဲစားပြီး ဂိုးလွတ်ပေးဖို့ ကြိုတင်ညှိခဲ့လို့ပါ။ ဒါကို ဂိုးသမား ခင်မောင်ဆန်းက ပိပိရိရိ ခေါက်ဆွဲစားခဲ့လို့ ညောင်သာရွာ ရှုံးသွား ရတယ် ဆိုတာ သိလိုက်ရလို့ပါ။

နောက်နေ့ကစပြီး ညောင်သာရွာ ဘောလုံးအသင်းက ဂိုးသမား ခင်မောင်ဆန်းကို ထုတ်ပစ်ရုံသာမက ရွာမှာပါ မနေဖို့ သူကြီးကို ဖိအားပေး တော့တယ်။ သူကြီးကလည်း ဦးဖိုးတုတ် အလိုကျ ခင်မောင်ဆန်းကို ရွာကနေ မယ်ဟားလုပ်တဲ့ ရွာမှာနေဖို့ ရွာကို ပြန်မလာဖို့ အမိန့်ထုတ်ပါတယ်။

( ၇ )


ကြားသိရတာကတော့ နောက်နှစ် လာမယ့် ဆယ်ရွာပတ်လည် ဘောလုံးပြိုင်ပွဲမှာ ငပွဲလုပ်ရွာ ဂိုးသမားက ခင်မောင်ဆန်း ဖြစ်သွားပြီဆိုတာ ပါပဲ။ ဒါကို ကျေနပ်နေသူက ကိုဘညိုပင် ဖြစ်ပါတော့တယ်။

□

www.burmeseclassic.com

www.burmeseclassic.com

# ပေတလူးနဲ့ ဘောလုံးအသင်း ခရေရှိ



## ( ၁ )

ယခုရက်အတွင်းမှာ ပေတလူး အတော့်ကို ပျော်နေပါသည်။ ဘာဖြစ်လို့လဲဆို သူ အမြဲတမ်း အားပေးသော မန်ချက်စတာယူနိုက်တက် ဘောလုံးအသင်းက ပရီးမီးယားလိဂ် အမှတ်ပေး ဘောလုံးပြိုင်ပွဲမှာ ဟိုရှုရှားသူဌေး ပိုင်ဆိုင်သော ချဲလ်ဆီးအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ရင်းမှ ဗိုလ်စွဲသွားသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် သူ နှစ်သက်သော မန်ချက်စတာအသင်းက ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ တက်သွားသောကြောင့် ဖြစ်ပါသည်။ ပြီးတော့ ပေတလူးအဖို့ ချဲလ်ဆီးအသင်းနှင့် သူ့မန်ယူအသင်း ချန်ပီယံလိဂ်ဘောလုံး ဗိုလ်လုပွဲမှာ ပြန်တွေ့ပြန်သဖြင့် မန်ယူအသင်း နိုင်ပါစေ၊ ထပ်ဆင့် ဗိုလ်စွဲပါစေလို့ ညဲ အိပ်ရာဝင်တိုင်း ဘုရားမှာ ဆုတောင်းရပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com




ပေတလူးက မန်ချက်စတာယူနိုက်တက်အသင်းကို နှစ်သက်သလောက် သူ့သူငယ်ချင်း လေးဦးကတော့ တစ်မျိုးစီ ဖြစ်ပါသည်။

ပေါက်ဖော်ကြီးက လီဗာပူး၊ ကျော်ကျော်က အာဆင်နယ်၊ ရာဂျူးက မန်စီးတီး၊ သီဟသိန်းဉာဏ်က ချဲလ်ဆီး ဖြစ်နေလို့ပါ။

သူတို့ငါးယောက် ဘောလုံးပွဲအကြောင်း မပြောလိုက်နှင့်၊ ပြောလိုက်တိုင်း အသင်းခွဲသမားများပီပီ စကားများကြပါတော့သည်။

"ပရီးမီးယားလိဂ်မှာ အာဆင်နယ်အသင်းလောက် ဘယ်အသင်း ကစားပုံ ကောင်းသလဲ၊ လှအောင် ကစားတတ်တာများ အာဆင်နယ်အသင်းကို ကျန်တဲ့အသင်းတွေက မီလို့လား"

အာဆင်နယ် အားကစားအင်္ကျီကို ဝတ်ဆင်ထားသော ကျော်ကျော်က သူ ကြိုက်နှစ်သက်သည့် အသင်းကို ဂုဏ်တင် ပြောဆိုလိုက်ပါသည်။ ကျော်ကျော့်စကားကြောင့် ပေတလူး တော်တော်ပေါက်ကွဲသွားပါသည်။ မန်ယူ အသင်းကို စွဲလမ်းမြတ်နိုးသူ တစ်ယောက်အနေနှင့် ပြန်လည်မခုခံ မချေပလို့က သိက္ခာကျစရာ ဖြစ်ပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ကျော်ရာ၊ အာဆင်နယ်အသင်း ကစားတာ လှတာကိုတော့ အချိန်ကုန်ခံပြီး မကြည့်တော့ဘူး၊ မော်ဒယ်ပြိုင်ပွဲလောက် မင်းရဲ့ အာဆင်နယ်အသင်း ကစားတာက လှမလား၊ မော်ဒယ်ရှိုး မကြည့်ဖူးသူတွေသာ အာဆင်နယ်အသင်း ဘောလုံးကန်တာ လှတာဆိုပြီး လျှောက်ပြောနေတာ"

"ပေတလူး ပြောတာကို ထောက်ခံတယ်ဟေ့"

အာဆင်နယ်အသင်းကို မုန်းတီးနေသော ကျန်သည့် သူငယ်ချင်းတွေကပါ တညီတညွတ်တည်း ထောက်ခံပါသည်။

"ဟုတ်တယ် ကျော်ကျော်၊ မင်းရဲ့ အာဆင်နယ်အသင်းကို သီချင်းစပ်ထားတာတောင် ရှိသေးတယ်၊ ရှေးက ခေတ်ဟောင်းသီချင်း ဟန်ဆောင်ကာ မူပို အလိုက်လေ"

"ဒါဆို သီဟာသိန်းဉာဏ် ဆိုပြကွာ"

ပေတလူး အပါအဝင် ကျော်ကျော်မှလွဲ၍ ကျန်သည့် သူငယ်ချင်းသုံးယောက်က ပြိုင်တူ တောင်းဆိုလိုက်ပါသည်။

"ဒါက လွယ်လွယ်လေးပါကွာ၊ *တော်ပါ အာဆင်နယ်... ရက်စက်နိုင်လွန်းတယ်... သုံးဂိုးသွင်းမယ်... လေးဂိုးသွင်းမယ်... တစ်ဂိုးမှ မသွင်းဘူးကွယ်*"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း ဖြောင်း ဖြောင်း…"

"ရှီ… ရှီ… ရှီ…"

သီဟသိန်းညာဏ် သီချင်းအဆုံး လက်ခုပ်သံတွေ ပြိုင်တူ ထွက်ပေါ်လာပါသည်။ လက်ခုပ်သံအဆုံးမှာ ကုလားလေး ရာဂျူးက-

"အဲဒီလိုနဲ့ အာဆင်နယ်အသင်းခမျာ အားကစား ကလောင်ရှင်တွေနဲ့ ဒီနှစ် ပရီးမီးယားချန်ပီယံလိဂ်၊ အက်ဖ်အေဖလား အားလုံးကို ရမယ်ဆိုပြီး ကြသားကြနဲ့ နောက်ဆုံး ရာသီအကုန်မှာတော့ အစီးမတင်ရွှေ ရေခပ်ချိုးတဲ့ ဖလားသာ ရသွားပါတော့တယ်"

"ဟော့ကောင်… ရာဂျူး၊ ငါ့အသင်းကို ဂုဏ်သရေညှိုးအောင် ထုမိနဲ့၊ ဂန်းနားအမြောက်ကြီးအကြောင်း မင်း သိတယ်မဟုတ်လား"

ကျော်ကျော် တော်တော်ပေါက်ကွဲသွားပါသည်။ ရာဂျူးကို လက်ညှိုးပေါက်ပေါက်ထိုးပြီး ပြောဆိုနေပါသည်။

"ဒါပဲပေါ့ကွာ၊ ငါ့မန်ယူက ရော်နယ်ဒိုလေး တွေ့လား၊ ပရီးမီးယားမှာ ဂိုးသွင်းဆုကို သူပဲ ရတာ၊ ဟော… ချန်ပီယံလိဂ်မှာပါ သူ သွင်းတဲ့ဂိုးအရေအတွက်ကို ဘယ်သူမှ မမီသေးဘူး၊ မင်းတို့ ကြည့်လိုက်၊ ချဲလ်ဆီးအသင်းက ရုရှားသူဌေးက ငွေတွေ သန်းပေါင်းများစွာ အရှုံးခံပြီး ဈေးကြီးတဲ့ကစားသမား ဘယ်သူ့ကို ဝယ်ဝယ် ဒိုလေးက သနားတယ်၊ ဒရော့ဘ်ဘာငိုင်ငိုရုံပဲ ရှိတော့တယ်"

မဆီမဆိုင် ချဲလ်ဆီးကို ပုတ်ခတ်လိုက်သဖြင့် သီဟသိန်းညာဏ်၏မျက်နှာက ရုတ်တရက် ဒေါသကြောင့် နီမြန်းသွားပါသည်။

"မင်းရဲ့ ဒိုလေးက မန်ချက်စတာမှာ ဂိုးတွေသွင်းပြီး ပရီးမီးယားမှာဂိုးသွင်းဆုရတာ ပင်နယ်တီ ဘယ်နှလုံး ပါသလဲ၊ ငါ့ရဲ့ ဒရော့ဘ်ဘာမှ ပင်နယ်တီမပါဘဲ ဂိုးတွေသွင်းရင်း သူ့အရည်အချင်းကို ပြတာ၊ ပင်နယ်တီ မပါဘဲဆုပေးမယ်ဆိုရင် ဒိုလေး သွားနားလိုက်ဦး".

ပေတလူး အငိုက်မိသွားပါသည်။ ဘာဆက်ပြောရမှန်း မသိပါ။ သီဟသိန်းညာဏ် ပြောသလို သူက လုံးဝမစဉ်းစားမိသောကြောင့် ဖြစ်ပါသည်။

"လုံးဝဥဿုံ မှန်တယ် သီဟသိန်းညာဏ်၊ ဒီနေရာမှာတော့ ငါ မင်းကို ထောက်ခံတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်က ဝမ်းသာအားရနှင့် သီဟသိန်းဉာဏ်ကို လက်ဆွဲ နှုတ်ဆက်ပါသည်။

"အစဉ်အလာကို ငါ့ချဲလ်ဆီးအသင်းရဲ့ နည်းပြသစ် ဂရန့်က ချိုးဖျက်တာ တစ်ကမ္ဘာလုံး အံ့အားသင့်ကုန်ကြတာပဲ မဟုတ်ဘူးလား၊ ချန်ပီယံလိဂ်ပွဲမှာ အမြဲတမ်း ရှုံးလေ့ရှုံးထရှိတဲ့ လီဗာပူးကို ဒီနှစ် အရှုံးကြွေးဆပ်ပြီး တစ်ခါမှ ဗိုလ်လုပွဲ မရောက်ဖူးတဲ့ သမိုင်းသစ်ကို ရေးထိုးခဲ့တာလေ၊ ကဲ... ဘယ်သူတွေ ဘာပြောကြမလဲ၊ အခုမှ အားကစားဂျာနယ်တွေက ဂရန့်မှ ဂရန့် ဖြစ်ကုန်ကြတာ"

တစ်ချိန်လုံး ဘာစကားမျှ မဆိုသော ပေါက်ဖော်ကြီးက သူ့လီဗာပူး အသင်းကို မယ်ခလုတ် ထိခလုတ် ပြောလိုက်သဖြင့် အတော်ဒေါသထွက်သွားသည် ထင်ပါရဲ့။ လက်ထဲမှာ ကိုင်ပြီး စားလက်စ သူ သိပ်ကြိုက်သည့် ဝက်သားပေါက်စီကို မစားတော့ဘဲ ဒေါသတကြီး လွှင့်ပစ်လိုက်ပါသည်။



ပုံစံ အနေအထားက လီဗာပူး ဂုဏ်သိက္ခာအတွက် ပေါက်စီကို စွန့်လွှတ်ပြီး ကာကွယ်မည့် အမူအရာမျိုး ဖြစ်နေပါသည်။

"ကိုယ့်အိမ်ကွင်းမှာ ဒိုင်လူကြီး ဘက်လိုက်လို့ ကံကောင်းလို့ ပင်နယ်တီတစ်လုံး ရပြီး နိုင်သွားတာကို များကွာ၊ ဟော့ကောင် သီဟသိန်းဉာဏ်၊ ... ရဲ့ ချဲလ်ဆီးသ... အိ... မိုဗစ်ချ်ဖို့ ပြောလို... စမ်းကွာ၊ ချန်ပီယံလိဂ်

www.burmeseclassic.com



အလား ရဖို့ ငွေသန်း ရာပေါင်းများစွာ ကုန်ကျဖို့ မလိုဘူး၊ ဒိုင်ကို လာဘ်ထိုးဖို့ မလိုဘူးလို့ ထပ်ပြီး ပြောလိုက်ဦးကွာ၊ အသင်းကို စရောက်ရောက်ချင်း နည်းပြ လုပ်တဲ့နှစ်မှာ ချန်ပီယံလိဂ်ဖလား ရဖူးတဲ့ နည်းပြကို လက်ချိုး ရေတွက်ပြပါဦး လို့၊ မင်းရဲ့ မိုဗစ်ချ် ရှီသမ္ဘု ဘီလီယံ သန်းပေါင်းများစွာသာ ကုန်သွားမယ်၊ ဘင်နီတက်ဖ်လို လူမျိုး လုံးဝမတွေ့ရဘူးလို့"

ပေါက်ဖော်ကြီး၏ လေသံတွေက အတော့်ကို မာကျောနေပါသည်။ သီဟသိန်းဉာဏ် ဘာမျှ မပြောနိုင်ပါ။ သည်မှာတင် ကုလားလေး ရာဂျူးက-

"ပေါက်ဖော်ကြီး ပြောတာကို ငါ ထောက်ခံတယ်၊ ငါ့ရဲ့ မန်စီးတီး နည်းပြ အဲရစ်ဆင်တောင် ဒါမျိုး မစွမ်းဆောင်နိုင်ဘူး၊ သူက စွမ်းဆောင်နိုင်တာ ရည်းစားများတာပဲဟ့ေ၊ ငါက ဘာဖြစ်လို့ မန်စီးတီးကို ကြိုက်ရသလဲဆိုရင် သသွားတဲ့ ငါ့အဘိုးက အဲရစ်ဆင်လိုပဲ သူ့အရွယ်မှာ ရည်းစားတွေ အများကြီး ရှိတယ်တဲ့၊ အဲဒီရည်းစားတွေအားလုံးက အဘိုးရဲ့ မိန်းမတွေ ဖြစ်ကုန်တယ်လို့ ငါ့အဖေက ပြောဖူးတယ်၊ ဒါနဲ့ ငါလည်း အဘိုးကို ဂုဏ်ပြုတဲ့အနေနဲ့ အဲရစ်ဆင် နည်းပြတဲ့ မန်စီးတီးကို ကြိုက်တာ၊ ကဲ… မင်းတို့ အသင်းနည်းပြတွေ အဲရစ်ဆင်လိုမျိုး ရည်းစားတွေ ထားရဲလား၊ အကုန်လုံး မိန်းမကြောက်သူတွေ ချည်းပဲ မဟုတ်ဘူးလား"

"ဒီအဆိုကို ငါ ကန့်ကွက်တယ် ရာဂျူး၊ ဘောလုံးအသင်းအကြောင်း ပြောနေတာ ပုဂ္ဂိုလ်ရေး အချစ်ရေးတွေ ပါမလာနဲ့"

ရာဂျူး စကားက မှန်နေသဖြင့် ပေတလူးက အတင်းထကန့်ကွက် ပါသည်။ သည်ကောင် တွေးသလိုမျိုး ပေတလူး အပါအဝင် ကျန်သည့် သူငယ်ချင်းတွေက မတွေးဖူးပါ။ သည်ကောင်က သည်စကားဝိုင်းကို နာကျင် အောင် ပိုကျမှ ကပ်ပြီး ကိုးသွင်းသွားသလိုမျိုး ပြောလိုက်သောကြောင့် ဖြစ်ပါ သည်။ ရာဂျူးက ဖာဂူဆန်၊ အာဆင်ဝင်းဂါး၊ ဘင်နီတက်ဖ်နှင့် ဂရန့်တို့ မိန်းမကြောက်မှန်း သည်ကောင် ဘယ်လိုလုပ် သိနေလဲ မသိ။

"မင်းတို့ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ ကြည့်လိုက်၊ ငါ့မန်ယူအသင်း ထမရပြီး ဘာတွေဖြစ်မလဲ ဆိုတာ၊ အာဆင်နယ်တို့၊ လီဗာပူးတို့၊ မန်စီးတီး တို့တော့ ကြိုးစားဦးပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ပေတလူးက မထိခလုတ် ထိခလုတ် ကျန်သူများကို ကလီရင်း သီဟာသိန်းဉာဏ်ကို ကြည့်ပြီး–

"သီဟာသိန်းဉာဏ်… လောကကြီးမှာ ထင်တိုင်း မဖြစ်ဘူးဆိုတာ မင်းရဲ့ ချဲလ်ဆီးသူဌေး မိုဇစ်ချ်ကို ပြောလိုက်၊ သူ့ရှုံးမြေ သူ့ကွင်းမှာ ပိုက်ဆံ သန်းပေါင်းများစွာ အကုန်ခံပြီး ချန်ပီယံလိဂ်ဖလားကို ရမယ်ဆိုရင် ဘောလုံးပွဲ ဆိုတာကို ဘယ်သူမှ အအိပ်ပျက်ခံ မကြည့်ဘူးလို့"

"ပေတလူး… အေး… ငါကလည်း မင်း သိအောင် ပြောလိုက်မယ်၊ ချဲလ်ဆီးအသင်းမှာ ကံကြမ္မာက အလေးပေးတယ်ဆိုတာ မင်း မှတ်ထား ပြီးမှ တွေ့ကြတာပေါ့ကွာ"

သီဟာသိန်းဉာဏ်က ဒေါသတကြီး ပြောဆိုပြီး ထွက်သွားပါသည်။ ကျန်တဲ့ သူငယ်ချင်းတွေကလည်း ပေတလူးနားမှာ သူတို့ ဆက်ရှိနေလျှင် ပေတလူးထံမှ ဖာဂူဆန်၊ ဒိုလေး၊ ရွန်နီ၊ နာနီ၊ ဟားဂရေဗ်၊ အန်ဒါဆင် စသည့် စကားသံတွေ မကြားချင်လောက်အောင် ကြားရတော့မှာ ဖြစ်သဖြင့် နားငြီးမခံလိုသောကြောင့် သူတို့လည်း အသာအယာ လူစုခွဲလိုက်ကြပါသည်။

ပေတလူးကတော့ သူ့မျက်စိထဲမှာ ချန်ပီယံလိဂ် ဖလားကြီး ကိုင် မြှောက်နေသော မန်ယူအသင်းသားတွေ၏ ရုပ်ပုံလွှာများကို မျက်စိထဲမှာ ကြိုတင်ပြီး တရေးရေး မြင်နေမိပါသည်။

( ၂ )

ပေတလူး မျက်လုံးတွေ အတော့်ကို ကျိန်းစပ်စပ် ဖြစ်နေသည်။ ညက ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲကို အဖေနှင့်အတူ လက်ဖက်ရည်ဆိုင်မှာ သွားကြည့်သောကြောင့် ဖြစ်သည်။ မျက်လုံးက အိပ်ချင်လွန်းသဖြင့် ကျိန်းစပ် နေပေမယ့် ပေတလူး တော်တော့်ကို ကြည်နူးနေပါသည်။ ဘာကြောင့်လဲ ဆိုလျှင် သူ မြတ်နိုးသော မန်ယူအသင်းက ချဲလ်ဆီးအသင်းကို ပင်နယ်တီ အခုံးအဖြတ်နှင့် နိုင်ပြီး ချန်ပီယံလိဂ် ဖလားကြီးကို ဆွတ်ခူးသွားသောကြောင့် ဖြစ်ပါသည်။ မနက် မိုးလင်းခါနီးမှ ဘောလုံးပွဲက ပြီးတာဆိုပေမယ့် အိမ် ရောက်ရောက်ချင်း ပေတလူး အိပ်လို့မရသေး။ သူ့မျက်စိထဲမှာ မန်ယူအသင်း ယှဉ်ပြိုင်ကစားပုံတွေ၊ သူ ချစ်သော ရော်နယ်ဒိုလေး ဂိုးသွင်းပုံ၊ ပင်နယ်တီ

www.burmeseclassic.com

www.burmeseclassic.com



ပွဲချော်ပုံ၊ ဆုဖလားကြီးကို ကိုင်မြှောက်ပုံ စသဖြင့် မန်ယူအသင်းသားတွေ ရုပ်လွှာတွေကိုသာ မြင်နေရသဖြင့် မနည်းကြီး အိပ်ပျော်အောင် အိပ်လိုက်ရသည်။

နေ့လယ်လောက်မှ အိပ်ရာက နိုးလာသဖြင့် ရေချိုး ထမင်းစားပြီး သူတို့ သူငယ်ချင်းတွေ စုရပ်ရှိရာဆီသို့ ထွက်လာခဲ့သည်။ သည်သူငယ်ချင်းတွေကိုတော့ သူ့မန်ယူအသင်း အောင်ပွဲခံသည့် အကြောင်းကိုတော့ မြိန်ရေရှက်ရေ တစ်ဝကြီး ပြောရဦးမှာမို့ ဖြစ်ပါသည်။

ပေတလူးတို့ သူငယ်ချင်းများ ရှိသော စုရပ်နေရာသို့ ရောက်သောအခါ သီဟသိန်းဉာဏ်က မျက်နှာမကောင်း။ ကျန်သည့် သူငယ်ချင်းတွေကတော့ ဘာမျှ မဖြစ်သလို အနေအထားမျိုး ဖြစ်နေပါသည်။

"သီဟသိန်းဉာဏ်... ငါတို့ မန်ယူက မင်းရဲ့ ချဲလ်ဆီးကို အနိုင်ရသွားတာ တွေ့ပြီ မဟုတ်လား၊ မင်း မှတ်ထား၊ ဘောလုံးပွဲဆိုတာ ရုပ်ရှင်တွေ ဗွီဒီယိုတွေလိုမျိုး မဟုတ်ဘူး၊ အနာဂတ် ဘာဖြစ်မယ်မှန်း မသိလို့ ဘောလုံးပွဲကို လူတွေ ကြည့်တာ၊ ကဲ... မင်းရဲ့ ရုရှားသူဌေး မိုဗစ်ချ်၊ အမေရိကန်သူဌေး ပိုင်တဲ့ မန်ယူကို နိုင်ဖို့ ထပ်ကြိုးစားဦးလို့"

"အေးပေါ့ကွာ... အနယ်လ်ကာ ပင်နယ်တီ မဝင်လို့ပေါ့ကွာ၊ ဝင်လို့ကတော့"

သီဟသိန်းဉာဏ် စကားစက ထိုမှာတင် ရပ်တန့်သွားပါသည်။ ဆက်လက်ပြီး ဘာစကားသံမျှ ထွက်မလာ။ သူ့ခမျာ ချဲလ်ဆီးအသင်းကိုယ်စား ဘဲစိုတစ်ခုကို လက်လွှတ်ဆုံးရှုံးရလို့ ခံစားနေသလိုမျိုး ဖြစ်နေပါသည်။

"ပေတလူးရေ... မင်းရဲ့ မန်ယူ ချန်ပီယံလိဂ်မှာ အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ ငါတို့က ဂုဏ်ပြုဖို့ အစီအစဉ် လုပ်ထားတယ်၊ မင်းရဲ့ ရက်ကနေ တစ်၊ နှစ်၊ သုံး၊ လေး၊ တစ်ဆယ်အထိသာ ဂဏန်းတစ်လုံးချင်း ပြော၊ ရာဂျူးက မင်းရဲ့ မန်ယူကို ဂုဏ်ပြုပြောပြလိမ့်မယ်"

ကျော်ကျော့်စကားကြောင့် ပေတလူး ကျေနပ်သွားပါသည်။ သည်လိုတော့လည်း သူ့သူငယ်ချင်းတွေက သူ့မန်ယူအသင်းအတွက် သိတတ်သားပဲ။ ဒေါက်ဖော်ကြီးကတော့ ရာဂျူးကို ဘာတွေ တိုးတိုးနှင့် ကပ်ပြောလေသည် ထော့။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ပေတလူး၊ စပြီး ရေတော့၊ မင်းရဲ့ မန်ယူကို ဂုဏ်ပြုပြီနော်"
ရာဂျားက ပေတလူးကို စရေတွက်ဖို့ ပြောလိုက်ပါသည်။

ပေတလူး ။ ။ "တစ်"

ရာဂျား ။ ။ "ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးကလပ်အသင်းကို ပြောပါဆိုရင် မန်ယူက နံပါတ်တစ်ပဲ"

ပေတလူး ။ ။ "နှစ်"

ရာဂျား ။ ။ "ဒီ ၂၀၀၈ ခုနှစ်မှာ ဖလားနှစ်လုံး ရတာ မန်ယူ မဟုတ်ဘူးလား"

ပေတလူး ။ ။ "သုံး"

ရာဂျား ။ ။ "ဖာဂူဆန်လို တစ်ရာသီတည်း ဖလားသုံးလုံး ဘယ်သူ ရဖူးသလဲ"

ပေတလူး ။ ။ "လေး"

ရာဂျား ။ ။ "မန်ယူ ဖလားလေးလုံး မရဘူး ဘယ်သူ ပြော မလဲ"

ပေတလူး ။ ။ "ငါး"




www.burmeseclassic.com

www.burmeseclassic.com



ရာဂျား ။ ။ "ဖလားငါးလုံးသာ ရရင် အားလုံး ငုတ်တုတ် ဖြစ်ပြီ"

ပေတလူး ။ ။ "ခြောက်"

ရာဂျား ။ ။ "ဟော… အခု မန်ယူအသင်းကို အခြားအသင်းတွေက ချောက်ချားနေကြပြီလေ"

ပေတလူး ။ ။ "ခုနစ်"

ရာဂျား ။ ။ "မန်ယူက နံပါတ် ခုနစ် ဒိုလေး ဘောလုံးဆွဲတာ ဘယ်လောက်လှလဲ"

ပေတလူး ။ ။ "ရှစ်"

ရာဂျား ။ ။ "မန်ယူဖလား နှစ်လုံး ရတာ နံပါတ်ရှစ် အနံဒါဆင် ပွဲတိုင်း 'မပါသေးလို့၊ ပါကြည့်ပါလား"

ပေတလူး ။ ။ "ကိုး"

ရာဂျား ။ ။ "ဟော… အခု မန်ယူနည်းပြ ဖာဂူဆန်ကို ပရီးမီးယားလိဂ် နည်းပြတွေက ဆရာသမားအဖြစ် ကိုးကွယ်ပူဇော်ချင်ကြပြီလေ"

ပေတလူး ပါးစပ်က ရေတွက်ဖို့ တစ်ခုသာ ကျန်တော့သည်။ ရာဂျားတစ်ယောက် သူ့မန်ယူအသင်းကို သည်လိုမျိုး ပြောနိုင်တာ သူ တော်တော်အံ့အားသင့်နေပါသည်။ သည်လို ဂုဏ်ပြုတာမျိုး အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့မှာသာဆို ပွဲကပြီးပြီလို့။

ပေတလူး ။ ။ "တစ်ဆယ်"

ရာဂျား ။ ။ "အဲဒီမှာပဲ မန်ယူအသင်းကို မြန်မာဘောလုံးအသင်းက ဂိုးဆယ်ဂိုး သွင်းလိုက်လို့ ဖျက်သိမ်းလိုက်ပါတော့တယ်"

ပေတလူး ။ ။ "ဘာကွ"

ရာဂျား၏ စကားသံအဆုံး စူပါမင်းသားကြီး ကြော်ငြာထဲက ချုပ်ဆောင်သလိုမျိုး ပေတလူးက ရာဂျားကို အော်ပြောလိုက်ပါသည်။ ဘာတ်တော့မလိုနှင့် ပြီးခါနီးမှ ရိုက်ချလို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေတလူး… မင်းဟာလေ၊ ကိုယ့်မြန်မာအသင်းကိုကျတော့ အား မပေးချင်ဘဲ ဟိုး တိုင်းခြားအသင်းကို သိပ်ပြီး အလွန်အားပေးလွန်းလို့ ငါတို့ ပညာပေးတာ၊ ငါတို့ မြန်မာအသင်းက မန်ယူကို မနိုင်ဘူးလို့ ပြောလို့ရမလား"

ပေါက်ဖော်ကြီးက ပေတလူးကို အော်ဟစ် ပြောဆိုပြီး သူ့အနားက နေ သူငယ်ချင်း လေးယောက်စလုံး ပြေးထွက်သွားပါသည်။

ပေတလူးကတော့ တစ်ယောက်တည်း မတ်တတ်ရပ် ကျန်ရစ်နေရင်း မှ အကယ်၍ မြန်မာဘောလုံးအသင်းနှင့် မန်ချက်စတာက အသင်းတို့ ဘောလုံး ကန်ဖြစ်ပါက မြန်မာအသင်းမှ မည်သည့်ကစားသမားတွေက ဂိုးသွင်းလေမလဲ ဆိုတာ အစဉ်းစားကြီး စဉ်းစားနေမိပါတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ် မေးမိတာ အပြစ်လားကွယ်



( ၁ )

"ဒီလေး မပါလို့ပေါ့ကွာ၊ ဒီလေးသာ ပါကြည့်၊ သနားတယ်၊ ဒါပေမဲ့ မန်ယူကို လျှော့တွက်ရင်တော့ မှားမယ်"

"အာကြီးက ဝဲလ်ကော့ကတော့ကွာ အွန်နရီလက်သစ်ပဲဟေ့၊ ဒီအတိုင်းဆို အာဆင်ဝင်းဂါးကြီးရဲ့ အသင်းက ပရီးမီးယားမှာ ပထမ ရသွားနိုင်တယ်"

"စကိုလာရီရဲ့ ချဲလ်ဆီးကတော့ တကယ့်ရှယ်ပဲဟေ့၊ အခုမှ ဘောလုံးပွဲ ရှုသာစစ်စစ် ကြည့်ရတော့တယ်"

ဖိုးသကြား တော်တော်စိတ်ညစ်နေသည်။ လက်ဖက်ရည်ဆိုင် ထိုင်လိုက်၊ ဘယ်နေရာ သွားသွား၊ ထိုစကားတွေကိုသာ ကြားနေရသဖြင့် လူတွေမှာ ဘောလုံးကိစ္စကလွဲပြီး အခြားကိစ္စတွေ စိတ်မဝင်စားတော့လေလား မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသကြားရေ… အခုလို အိုင်တီခေတ်ကြီးမှာ ဘောလုံးပွဲတွေဟာ တကယ့် အပန်းဖြေစရာပဲဟေ့၊ အင်္ဂလန်ကို မရောက်ဖူးတော့ ဘောလုံးကွင်း စိမ်းစိမ်းတွေကို ကြည့်ရင်း စိတ်ကူးနဲ့ ဘောလုံးပွဲ ကြည့်ရင်း အပန်းဖြေရတာ ဟန်ကျတယ်ဟေ့"

ဖိုးသကြား၏ သူငယ်ချင်း အောင်စိုးက လက်ထဲမှာ အားကစား ဂျာနယ်တစ်စောင်ကို ကိုင်ရင်းမှ လက်ဖက်ရည်ကို သောက်ရင်း တက်တက်ကြွကြွ ပြောနေပါသည်။

"ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ ဘောလုံးပွဲတွေကို မကြည့်ဖြစ်ရင်တော့ အဲဒီလူဟာ နိုင်ငံတကာကို ယဉ်ကျေးမှုအရ ဆန့်ကျင်တာနဲ့ တူနေတယ်ဟေ့"

အရေးထဲ ဘောလုံးပွဲ ဝါသနာမပါသော ဖိုးသကြားမှာ အောင်စိုး စကားကြောင့် ကိုယ့်ထမင်း ကိုယ်စားပြီး နိုင်ငံတကာ ယဉ်ကျေးမှုကို ဆန့်ကျင်နေသူတစ်ဦး ဖြစ်မှန်းမသိ ဖြစ်နေသလိုပင် ဖြစ်ပါသည်။

"မဆိုင်ပါဘူး အောင်စိုးရာ၊ ဘောလုံးပွဲ မကြည့်တာနဲ့ နိုင်ငံတကာကို ဆန့်ကျင်တာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ဖိုးသကြားရဲ့၊ ဘောလုံးပွဲကို ဘောလုံးပွဲလို့ မြင်နေရင်တော့ တစ်မျိုးပေါ့၊ ဘောလုံးပွဲဟာ အခုအခါမှာတော့ နိုင်ငံတကာရဲ့ စီးပွားရေး ကြော်ငြာတွေ၊ ငြိမ်းချမ်းရေးတွေ၊ လူမှုရေးဆောင်ရွက်ချက်တွေ အားလုံးနဲ့ ပတ်သက်နေပြီ၊ ပြီးတော့ ဘောလုံးပွဲတွေက ဦးနှောက်ကို အသုံးချကောင်းရင် ဈေးဖိုးတို့ ဘာတို့ ရတယ်။ အဲ… လုပ်ကွက်ကောင်းရင် သူဌေးတွေ ဘာတွေတောင် ဖြစ်တယ် ဖိုးသကြားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သူဌေးဖြစ်တာလဲ အောင်စိုးရဲ့၊ ငါ မရှင်းဘူး"

"ဒီလိုကွာ... ... ... ကဲ ရှင်းပြီလား"

"ငါ နားမလည်ပါဘူးကွာ"

အောင်စိုးက ဖိုးသကြား နားမလည်သော ဘောလုံး ဈေးကွက်စီးပွားရေး ဘောဂဗေဒအကြောင်းကို ဆရာက တပည့်တစ်ဦးကို ရှင်းပြနေသလိုမျိုး ရှင်းပြပါသည်။ ဖိုးသကြားခမျာတော့ နားထောင်ရင်း ရှာလည်နေသလိုမျိုး ဖြစ်နေပါသည်။

"အေး... ပထမဦးဆုံး နားလည်အောင် ဘောလုံးပွဲတွေ အရင်ဆုံး ကြည့်၊ နောက်... မင်း သိလာလိမ့်မယ်"

အောင်စိုးက ဘာမှ မပြောတော့ဘဲ ကျန်နေသည့် လက်ဖက်ရည်ကိုသာ မော့သောက်နေမိပါသည်။ အောင်စိုး ပြောသည့်စကားကို ရေနွေးတောင် မသောက်တော့ဘဲ အစဉ်းစားကြီး စဉ်းစားနေသူကတော့ ဖိုးသကြားပင် ဖြစ်ပါသည်။

( ၂ )

ဖိုးသကြား တစ်ရက်၊ နှစ်ရက်အတွင်း အိမ်အလုပ်တွေတောင် မလုပ်နိုင်အားဘဲ အားကစားဂျာနယ်တွေနှင့် အလုပ်ရှုပ်နေသဖြင့် ဇနီးဖြစ်သူ မအေးမြတောင် ဘယ်လိုတွေ ဖြစ်နေသလဲလို့ အံ့အားသင့်နေမိပါသည်။

လက်ဖက်ရည်ဆိုင်လည်း မထိုင်၊ နောက်ဆုံး သားဖြစ်သူကိုတောင် ချော့မြူအားဘဲ အားကစားဂျာနယ်တွေကို ဖတ်လိုက်၊ စာအုပ်ထဲ ကူးလိုက်နှင့် အလုပ်ရှုပ်နေသဖြင့် နည်းနည်းတော့ မေးမြန်းမှ ဖြစ်ဦးမည်ဆိုပြီး ဖိုးသကြား အားကစားဂျာနယ် ဖတ်နေသော အိမ်ပေါ်ထပ် ဝရန်တာ ရှိရာသို့ လာခဲ့သည်။

"ကိုဖိုးသကြား ဒီတစ်ရက် နှစ်ရက်အတောအတွင်း ဘာမှ မလုပ်ဘဲ ဒီအားကစားဂျာနယ်တွေကို ဖတ်ပြီး ဘာတွေ အလုပ်ရှုပ်နေတာလဲ၊ ဘောလုံးပွဲသည်း ရှင် စိတ်ဝင်စားတာလည်း ဟုတ်ပဲနဲ့"

"ဟိုတုန်းကတော့ ဟုတ်ချင် ဟုတ်မယ်၊ အခု ငါ့အတွေးအခေါ်တွေ နည်းနည်းပြောင်းသွားပြီဟ၊ ဘောလုံးပွဲတွေကို ငါ ကြည့်တော့မယ်၊ ဒီလို ကြည့်ခြင်းအားဖြင့် နိုင်ငံတကာ ယဉ်ကျေးမှုကို မြှင့်တင်ပေးရာ ရောက်မယ်၊

www.burmeseclassic.com



နောက်ပြီး သူများ မန်ယူ၊ အာဆင်နယ်၊ ချဲလ်ဆီးဆို ကိုယ်ကလည်း ဒါမျိုး ဖြစ်နေမှ၊ နို့မို့ ခေတ်မမီဘဲ နေဦးမယ်၊ တော်သေးတာပေါ့ဟာ အရင်တုန်းက ဒေးဗစ်ဘက်ခမ်းပဲ သိတာ၊ အခုတော့ ရော်နယ်ဒိုလေးတို့၊ ရွန်နီတို့၊ ဂျရတ်တို့နဲ့ ဟုတ်နေပြီပေါ့"

မအေးမြက ခင်ပွန်းဖြစ်သူ ဖိုးသကြားကို နားမလည်သလို ကြည့်လိုက်သည်။ သူ့အကြည့်က သူ့ယောက်ျား ဘယ်လို စိတ်ကူးတွေ ပေါက်သွားပြီလေလဲလို့။ ပြီးတော့ ဘယ်သူကများ မြှောက်ပေးလိုက်သလဲလို့။

"ရှင် ပြောတာတွေက ပိုက်ဆံ မရဘူး၊ ကိုယ့်အိမ်စီးပွားရေး ကိုယ်လုပ်မှ ပိုက်ဆံရမှာ၊ အလုပ်သမားတွေချည်းပဲ ပစ်မထားနဲ့ဦးလေ"

"ငါ သိပါတယ် အေးမြရယ်၊ ဒီမှာ ဒီဘောလုံးပွဲတွေက ကိုယ့်လေ့လာမှုအားကောင်းရင် ကောင်းသလို၊ ဆုံးဖြတ်ချက်ကောင်းရင် ကောင်းသလို အိမ်ဈေးဖိုးက အစ အခုနေတဲ့ တိုက်ကနေ နောက်ထပ် ကားတွေ ဘာတွေတောင် ဝယ်နိုင်ဦးမှာပေါ့၊ အိမ်မှာတောင် ဖိုက်မူဗီတို့ စလောင်းတို့ တပ်ရင် ကောင်းမလား စဉ်းစားနေတာ၊ ဘောလုံးပွဲတွေ လက်ဖက်ရည်ဆိုင်မှာ သွားမကြည့်ရတော့ဘူးပေါ့"

ဖိုးသကြား စကားကို နားထောင်နေသည့် မအေးမြတစ်ယောက် သူမ အိမ်မှာ ဘောလုံးပွဲ လာကြည့်နေသော လမ်းထဲက လူများ၊ ကလေးများ ဖိုးသကြား၏ မိတ်ဆွေများ၊ စကားသံများ၊ ငြင်းခုံသံများ၊ ကွမ်းတံတွေးများ ဆေးလိပ်ပြာများကို သူမ မျက်ဝန်းထဲမှာ ကြိုတင်မြင်ယောင်လို့ နေမိသည်။

"ဘာစလောင်း... ဘာမူဗီဖိုက်မှ အိမ်မှာ မတပ်နဲ့၊ ဘောလုံးပွဲ ကြည့်ချင်ရင် လက်ဖက်ရည်ဆိုင်မှာ သွားကြည့်၊ အိမ်ရှုပ်တယ်"




www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မအေးမြက စိတ်ပိုအာဏာသုံးပြီး ပယ်ချလိုက်ပါသည်။

"အေးမြ ပြောတာ ဟုတ်တော့ ဟုတ်တယ်၊ ဘောလုံးပွဲ ကြည့်တာ ဘာ တစ်ယောက်တည်း ကြည့်ရင် တော်တော်ပျင်းဖို့ ကောင်းမှာ၊ ဒီတော့ သူများများနဲ့ အပြင်မှာ ကြည့်ပြီး အော်ရတာ ပိုကောင်းမယ်၊ ဒါဆို အေးမြတို့ အိပ်ရေးမပျက်တော့ဘူးပေါ့ဟာ"

ဖိုးသကြား စကားအဆုံး မအေးမြက မျက်စောင်းထိုးပြီး ထွက်သွားပါသည်။ ဖိုးသကြားကတော့ မအေးမြ၏ စကားကို ဂရုစိုက်တော်မမူအားဘဲ တတ်လက်စ အားကစားဂျာနယ်ကို ဆက်ဖတ်နေပါတော့သည်။

( ၃ )

သည်ည ၈ နာရီခွဲမှာ ဘောလုံးပွဲတွေ တော်တော်များများ ရှိသည်ကို အားကစားဂျာနယ်ထဲမှာ ဖိုးသကြား ဖတ်ပြီးခဲ့သဖြင့် ရပ်ကွက် လမ်းထိပ်က လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

ရပ်ကွက် လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ လက်ဖက်ရည် သောက်ရင်း ဘောလုံးပွဲကြည့်ဖို့ စောင့်ဆိုင်းသူတွေ အတော်များများ ရှိနေ သည်။

"ဟ… ဖိုးသကြား မလာစဖူး အလာထူးပြီး ရောက်လာပါလား ကွ"

ဆိုင်ရှင် ကိုခင်မောင်လင်းက ကောင်တာခုံကနေ ထိုင်ရင်းမှ လှမ်း ပြောပါသည်။

"ဘောလုံးပွဲတွေကို ကြည့်တော့မယ်ဗျို့၊ အောင်စိုးက မြှောက်ပေး ထားတာလေ၊ ဒီည ပရီးမီးယားလိဂ်ပွဲတွေက နည်းတာ မဟုတ်ဘူး"

"ဖိုးသကြားရေ… ဒီည အင်္ဂလန် ပရီးမီးယားလိဂ်ပွဲတွေ မရှိဘူး၊ ကာလီစီးရီးအေ ပွဲတွေချည်းပဲ၊ အေစီမီလန်နဲ့ လာဇီယိုပွဲကို တိုက်ရိုက်လွှင့်မှာ"

"ကိုခင်မောင်လင်းကလည်း ဂျာနယ်ထဲမှာ ဒီည အင်္ဂလန်ပွဲတွေ ပါထားတာပါ"

"မဟုတ်ဘူး ဖိုးသကြားရဲ့၊ မင်းဂျာနယ်မှာ ပွဲစဉ်ဇယား ကြည့်တာ မှားနေပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား… ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ စာလုံးလေးတွေ
သေးသေးလေးတွေနဲ့ ရေးထားတာဆိုတော့ အဖတ်မှားသွားတာပဲ ဖြစ်မယ်ဗျို"

ဖိုးသကြား လက်ဖက်ရည် မှာသောက်ရင်း စဉ်းစားနေမိသည်
စာကြည့်မျက်မှန် တစ်လက်တော့ လုပ်ရဦးမည်ဟု။

"ဖိုးသကြား… အေစီမီလန်နဲ့ လာဇီယို ဘယ်အသင်း ကြိုက်သလဲ"

လက်ဖက်ရည် သောက်နေတုန်း ဘေးနားရှိ ဈေးထဲမှာ ကြက်
ရောင်းသော ကိုသံချောင်းက ဖိုးသကြားအား လှမ်းမေးပါသည်။

"ဒီညတော့ အေစီ စားမှာပဲ၊ နိုင်ပွဲ ပျောက်နေတော့ အပိုကန်မှာပဲဗျို"

ကိုသံချောင်းက သူ့ထင်မြင်ချက်ကို သူ ပြောနေပါသည်။ ဖိုးသကြား
ကတော့ တစ်ခါဖူးမှ အီတလီ စီးရီးအေကော ပရီးမီးယားလိဂ်ပွဲတွေပါ မကြည့်
သဖြင့် ဘာမှ မပြောဘဲ ခပ်ဆိတ်ဆိတ် နေပါသည်။

မနေလို့ကလည်း မဖြစ်ပါ။ ကိုယ်က ပြောချင်တာ စွတ်ပြောနေလျှ
ကိုယ့်ကို ဘောလုံးပွဲ မကြည့်ဖူးဟု ထင်မှာစိုးသဖြင့် သိက္ခာတော့ အကျ
နိုင်ဟု ဖိုးသကြား ဆုံးဖြတ်လိုက်ပါသည်။

ဘောလုံးပွဲက စကန်တော့မည် ဖြစ်သည်။ နှစ်ဖက်သော ဘော
သမားတွေက ကွင်းထဲမှာ နေရာယူထားပြီ ဖြစ်သည်။

သည်မှာပဲ ဖိုးသကြားအနီးနားရှိ ကိုသံချောင်းက တစ်စခန်းထ
ပြန်ပါသည်။

"ဖိုးသကြား… ဒ်ပေါက်တစ်ထုပ်ကြေး၊ အေစီကနေ သရေအရှုံး
တယ်"

ဘောလုံးပွဲ ကြည့်နေသူ အားလုံးက ကိုသံချောင်း၏ ကျယ်က
လောင်လောင် အသံကြောင့် ကိုသံချောင်းအား လှမ်းကြည့်ရုံမက ဖိုးသကြ
ကိုလည်း ကြည့်လိုက်ပါသည်။

ဖိုးသကြားက ဒ်ပေါက်တစ်ထုပ်စာလောက်နှင့်တော့ ကိုယ့်သိက္ခာ
ကိုယ် အကျမခံနိုင်။ နည်းနည်းတော့ ဖိုးသကြားက ဘာလဲ ဆိုတာ
ပြရတော့မည်မို့။

"ဒီမှာ ကိုသံချောင်း… ဘောလုံးအသင်းမှာ လူဘယ်နှယော
ဘောလုံးကန်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသကြားရာ မေးစရာလိုလား၊ တစ်သင်းမှာ ဆယ့်တစ်ယောက် ကစားတာပဲ၊ ဒါများကွာ..."

"ဒါဆိုရင် စိန်လိုက်၊ ခင်ဗျားအသင်းလည်း ခြေထောက် နှစ်ဆယ့် နှစ်ချောင်း၊ ကိုယ့်အသင်းလည်း ခြေထောက် နှစ်ဆယ့်နှစ်ချောင်း၊ ဘာဖြစ်လဲ... ဘောလုံးတစ်လုံးကို လုပြီး ဝိုင်းကန်ကြတာ၊ အိုကေ ရတယ်၊ သရေတွေ ဘာတွေ လုပ်မနေနဲ့၊ အကြောမပေးဘဲ ချမယ်၊ ဘယ်သူမှ ခြေထောက် အပို ပါတာ မဟုတ်ဘူး"

"ကြိုက်ပြီ... ဖိုးသကြားရေ... အိုကေ"

ကိုသံချောင်းက ဖိုးသကြား စကားကို နားထောင်ပြီး အားရဝမ်းသာ ပြုံးရင်းက ပြောလိုက်ပါသည်။

ကျန်သည့် သူတွေကလည်း ဖိုးသကြား စကားကြောင့် ဖိုးသကြားကို ကြည့်ပြီး ပြုံးရင်းက သံပရာသီးလေလား သတ်မှတ်နေကြပါသည်။

ဒါကို ဖိုးသကြားက လုံးဝမသိ။ သူ့အကြည့်တွေကို တီဗွီဖန်သားပြင် ဆီသို့သာ အာရုံစိုက်လိုက်ပါသည်။

ဘောလုံးပွဲပြီးတော့ အေစီမီလန်အသင်းက လာဇီယိုအသင်းကို ဂိုးပြတ် နိုင်ပါသည်။

"ဘယ်လိုလဲ ဖိုးသကြားရဲ့၊ ခြေထောက် နှစ်ဆယ့်နှစ်ချောင်းချင်း ကန်တာ ဘယ်သူက ခြေထောက်အပို ပါသလဲဆိုတာ အခု တွေ့ပြီလား၊ ကော်ဖြန် ဒံပေါက်တစ်ထုပ် ကျွေးဖို့ ပြင်ပေတော့"

ကိုသံချောင်းက အောင်မြင်ဝင့်ကြွားသော လေသံမျိုးဖြင့် ဖိုးသကြား အား ကလိပါသည်။

"ကိုဖိုးသကြားရာ... ကိုဖိုးသကြားက အချဉ်ကျနေတာပဲ၊ ဘာဖြစ် လို့ ဒယ်ဒယ်ချင်း လုပ်ရတာလဲ။ အေစီမီလန် အိမ်ကွင်းပဲဟာ၊ ဒီလိုပုံစံမျိုး ဖိုးသကြား လောင်းလို့က စီးပွားတောင် ပျက်ဦးမယ်"

ဖိုးသကြားနှင့် သိသော လူငယ်လေးတစ်ဦးက အားမလိုအားမရ ပြုံးရင်းက ပြောပြန်ပါသည်။

"သိပါဘူးကွာ၊ ငါက ဘောလုံးပွဲ အခုမှ ကြည့်ဖူးတာဆိုတော့ ထမင်းလုံးပွဲတွေမှတ်လို့၊ အီတာလီပွဲတွေ ကြည့်နေတယ်၊ ငါ့ကို ဘောလုံးပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖို့ တိုက်တွန်းတဲ့ အောင်စိုးကိုလည်း ရှာမတွေ့ဘူး၊ နေနှင့်ဦးပေါ့ကွ တစ်နေ့ ငါ့နေ့ ဖြစ်ရမယ်''

ဖိုးသကြားက ကြိမ်းဝါးလိုက်ရင်းမှ လက်ဖက်ရည်ဖိုး ရှင်းပေး အိမ်ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ မအေးမြနှင့် ကလေးက အိပ်နေလို့ ဖိုးသကြ တစ်ယောက် ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း နောက်တစ်ခါ ဘောလုံး ကြည့်မိလို့ကတော့ ဒါမျိုးကို သနားတောင် သနားဦးမည်လို့။

ငွေကုန်ချင်သလောက် ကုန်ပလေ့စေ။ ဘောလုံးပွဲနှင့် ပတ်သက် ကတော့ ကိုယ့်သိက္ခာမကျဘဲ သိက္ခာတက်ဖို့ မသိတာတွေကို သိအေ လုပ်ဦးမည်ဟု တောက်ခေါက်လိုက်ပါသည်။

''ကိုဖိုးသကြား… ဘယ်လိုဖြစ်လို့ တောက်ခေါက်တာလဲ၊ ကျွန်မ ရှင် ဘာမကျေမနပ် ဖြစ်လို့လဲ၊ ပြောစမ်းပါဦး''

အရေးထဲ မအေးမြက ဖိုးသကြား တောက်ခေါက်သံ ကြား ဘယ်လိုလုပ် အိပ်ရာက လန့်နိုးလာသလဲ မသိ။ ခြင်ထောင်က ထွက်လာ ရန်တွေ့ပါတော့သည်။

''အေးမြရာ… နင့်ကို ရန်တွေ့ဖို့ နေနေသာသာ ဒီဘောလုံးပွဲ ပတ်သက်လို့ မကျေနပ်လို့ ခံပြင်းပြီး တောက်ခေါက်တာပေါ့၊ ကဲ… ပြန်အိပ်တော့

''ရှင့်မလဲ အခုမှ ဘယ်လိုဖြစ်ပြီး ဘောလုံးရောဂါ ထလာရသ မသိဘူး၊ ဟင်း''

မအေးမြက မျက်စောင်းထိုး ဗျစ်တောက်ဗျစ်တောက် လုပ် ခြင်ထောင်ကို မ,ကာ ခြင်ထောင်ထဲ ဝင်သွားပါသည်။

ဖိုးသကြားကတော့ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း သူ လေ့ ခဲ့သော အားကစားဂျာနယ်တွေထဲမှ ဘောလုံးအသင်းအကြောင်းတွေကို စဉ် ရင်း ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း အိပ်ပျော်သွားပါသည်။

ခြင်တွေ ကိုက်တော့မှပဲ ကိုယ့်အဖြစ်ကိုယ် သတိရပြီး ခြင်ထော ဝင်ကာ ချစ်လှစွာသော သား၏ ဘေးနားမှာ ဝင်အိပ်လိုက်ပါသည်။

ဖိုးသကြားတို့များ အိပ်ရင်းက မန်ချက်စတာယူနိုက်တက်အသင် ရှေ့တန်း တိုက်စစ်မှူး ဖြစ်ရင်းက တစ်ဖက်အသင်းကို ဂိုးတွေ သွင်းတာ အိပ်မက်က မက်နေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးနားက သားဖြစ်သူ ငိုသံကြားမှပဲ နိုးလာရင်းက မအေးမြကို နှိုးရပါတော့သည်။

ဖိုးသကြားမှာ အိပ်မက်လေးကို ပြန်မမက်လို့ လွမ်းနေမိရင်းက ဘယ်အချိန် အိပ်ပျော်သွားသလဲ မသိ၊ မိုးလင်းမှ နိုးပါတော့သည်။

( ၄ )

မနက်ခင်း ဆိုသည်မှာ ယခုရက်တွေမှာတော့ ဖိုးသကြားအဖို့ မင်္ဂလာရှိလို့နေပါသည်။ အိပ်ရာကထ၊ မျက်နှာသစ်၊ သွားတိုက်ပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း နေ့စဉ် ထွက်ရှိနေသော အားကစားဂျာနယ်ကို ဖတ်ပြီး လက်ဖက်ရည် သောက်ရတာလောက် စည်းစိမ်မရှိဟု ထင်နေမိပါသည်။

ဖိုးသကြား စဉ်းစားမိပါသည်။ ကုဋေရှစ်ဆယ် သူဌေးသားသာ ဖြစ်ချင်ဆိုလည်း နေ့စဉ်ထုတ် အားကစားဂျာနယ်တွေ ဝယ်ရလွန်းလို့ မွဲမှာ သေချာသည်ဟု။

“ဖိုးသကြား နေ့တိုင်း အားကစားဂျာနယ်တွေ ဝယ်လှချည်လား”

ဤသို့ အမေးခံရတိုင်း ဖိုးသကြားမှာ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်လည်ပြောဆိုတတ်ပါသည်။

“ဒါကတော့ နေ့စဉ် ထွက်ပေါ်နေတဲ့ အားကစားလောက,က သတင်းတွေကို သိရတာလေ၊ တကယ်တော့ ကမ္ဘာကြီးနဲ့ မျက်ခြည်မပြတ်တော့ဘူးပေါ့၊ ပွဲစဉ် အနိုင်အရှုံးတွေ၊ ကစားသမား အပြောင်းအရွှေ့တွေ၊ ကစားသမားတွေရဲ့ ကွင်းပြင်က အကြောင်းတွေ၊ ပြီးတော့ ကိုယ့်ခန့်မှန်းမှုတွေပေါ့ဗျာ၊ တစ်နည်း ပြောရရင်တော့ နိုင်ငံတကာယဉ်ကျေးမှုကို ကိုယ်စားပြုတာပေါ့ဗျာ”

“အမယ်လေးကွာ... မင်းက ကြီးကြီးကျယ်ကျယ်နဲ့၊ ဟိုက ဘောလုံးသမားတွေ၊ ဘောလုံးပွဲအကြောင်း ရေးတဲ့သူတွေကတောင် မင်းလောက် ဋီကာကျယ်မှာ မဟုတ်ဘူး”

ထိုသို့ ပြောလာသည့်အခါမှာတော့ ဖိုးသကြားက ထိုလူကို ကြည့်ကြည့်ပြီး ပြောလေ့ပြောထရှိသော စကား ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘောလုံးပွဲဆိုတာ အနာဂတ် ဘာမှမသိလို့ ကြည့်တာ၊ ဘုရားသခင်က ဘောလုံးပွဲတစ်ပွဲရဲ့ အနာဂတ်ကို ကြိုတင်ပြီး မဖန်ဆင်းပေးခဲ့ဘူးဆို သိရဲ့လား"

ထိုအခါမျိုးမှာတော့ ဖိုးသကြားနှင့် စကားပြောသူခမျာ ဖိုးသကြားကို နားမလည်နိုင်သလို ကြည့်ရင်းက ထွက်ခွာသွားတတ်ပါသည်။

ဖိုးသကြားကတော့ သူ့စကားနှင့်သူ ကျေနပ်နေပါသည်။

"ဒီညတော့ သရဲနီတွေနဲ့ ကြိုးကြာနီတွေရဲ့ တိုက်ပွဲကတော့ ကြမ်းပြီ၊ အန်းလ်ဖီးနဲ့ စစ်မြေပြင်မှာ ဘယ်သူတွေ ကျဆုံးပြီး ဘယ်သူတွေ အောင်ပွဲခံမလဲ မသိဘူး၊ သေချာတာက အန်းလ်ဖီးဟာ သရဲနီတို့ရဲ့ အောင်မြေ မဟုတ်ဘူးလို့ ပြောရမှာပဲ"

မထင်မှတ်ဘဲ လက်ဖက်ရည်ဆိုင်မှာ ဖိုးသကြားတစ်ယောက် လမ်းထဲက လူငယ်လေးတစ်ဦး၏ စကားသံကြောင့် စိတ်ဝင်စားသွားပါသည်။ တစ်ခါမှ မကြားဖူးမှ သည်လိုစကားလုံး သုံးစွဲပုံမျိုး မကြားဖူးလို့ ဖြစ်ပါသည်။

"ညီလေး... မင်းစကားတွေက ဆန်းလှချည်လား"

"ဟာ... ကိုဖိုးသကြားကလည်း ဒါက ဒီနေ့ ဘောလုံးအကြောင်း ရေးတဲ့ ဆောင်းပါးသမားတွေ ပြောလေ့ ရေးလေ့ရှိတဲ့ စကားပါ၊ မဆန်းပါဘူး ကိုဖိုးသကြားရဲ့၊ ဒါက မော်ဒန်စတိုင်လို့လည်း ပြောလို့ရတာပေါ့"

"အေး... ညီလေးရဲ့ စကားက လန်းလို့ပါကွာ၊ ဘာကို ပြောတာလဲ"

"အစ်ကိုရာ... ဒါက မန်ယူက သရဲနီလေ၊ လီဗာပူးက ကြိုးကြာနီလေ၊ လီဗာပူးနဲ့ အန်းလ်ဖီးကွင်းမှာ ကန်မှာကို ပြောတာ၊ အစ်ကို ပေါက်လိုက်စမ်းပါ"

"အစ်ကို ညီလေးတို့ ပြောသလို ပေါက်ချင်ပါတယ်ကွာ၊ မပြောတတ်လို့"

ဖိုးသကြားက လူငယ်လေးအား အားကိုးတကြီးဖြင့် ကြည့်လိုက်ပါသည်။

"ဘာခက်လဲ အစ်ကိုရာ၊ အစ်ကို အားကစားဂျာနယ်တွေ ဝယ်တယ် မဟုတ်လား၊ သူတို့ရဲ့အသင်း သင်္ကေတရယ်၊ ဘောလုံးကွင်းတွေရယ်၊ ဘောလုံး

www.burmeseclassic.com

www.burmeseclassic.com



သမား နည်းပြ နာမည်တွေရယ်၊ ပြီးတော့ အသင်းတွေ တည်ရှိတဲ့ မြို့တွေရယ် သိရင် ပြောလို့ရပါတယ်၊ အဲဒီလို ပြောရင် အရသာရှိတယ် အစ်ကိုရဲ့ ပြောနေကျအတိုင်းဆို ရိုးတယ်"

"ဒါပေါ့ ညီလေးရာ···· အစ်ကို အတတ်နိုင်ဆုံး ကြိုးစားပြီး လေ့လာမယ်၊ ပြောကြည့်မယ်"

"ဘောလုံး စစ်မျက်နှာမှာ သေချာတာက အစ်ကိုဟာ မကြာခင်မှာ သူ့ရဲ့ကောင်းမှတ်တမ်းဝင်မယ့် ပွဲကြည့်ပရိသတ်တစ်ဦး [illegible]လာရမှာ သဲ၊ ပရိသတ်ဆိုတာ ဘောလုံးကစားသမားတွေရဲ့ ဂေ[illegible]ပဲဗျာ"

"ဟော့··· ဟုတ်လား၊ ညီလေး ပြောမှပဲ ကိုယ်က သိပ်ကြီးကျယ်သွားမှန်း သိရတော့တယ်ဟော့၊ ကဲ··· အစ်ကိုက လက်ဖက်ရည်တိုက်မယ်"

လူငယ်လေး စကားကြောင့် အကျေနပ်ကြီး ကျေနပ်သွားသဖြင့် ဖိုးသကြားက ထိုလူငယ်လေးအား လက်ဖက်ရည် ဒကာခံပါသည်။

ဘာပြောကောင်းမလဲ။ ဖိုးသကြားတစ်ယောက် ထိုနေ့ နေ့လယ်ခင်း အချိန်ကျမှ စတင်၍ လူငယ်လေး ပြောသည့်အတိုင်း ယခင့် ယခင်ကထက်ကို မြီး အားကစားဂျာနယ်တွေကို အသေအချာဖတ်ကာ ထမင်းမစား ဟင်း မစားအားဘဲ အာဂုံဆောင်နိုင်အောင် ပါးစပ်ကနေတောင် ရွတ်ဆိုပါသေးသည်။

"ကိုဖိုးသကြားရယ်··· ရှင်လေ အခုလိုမျိုး မနားမနေ အားကစား ဂျာနယ်ကို ဖတ်လိုက်၊ စာကျက်သလို လုပ်လိုက်နဲ့ လုပ်နေတာ၊ ကျောင်းစာကိုသာ ကြိုးစားမယ်ဆိုရင် ရှင် ပါရဂူဘွဲ့တွေ ဒေါက်တာဘွဲ့တွေကို ထပ်နေမှာပဲ သိလား"

ဇနီးဖြစ်သူ မအေးမြက ရွဲ့ပြောတာကိုပင် ဖိုးသကြားက ပြန်မပြော အားဘဲ ဖိုးသကြားခမျာ နှုတ်ကနေ ရွတ်ဆိုနေတာတွေ မမေ့စေဖို့ အကြိမ်ကြိမ် အဖန်ဖန် ရွတ်ဆိုနေမိပါတော့သည်။

( ၅ )

"လာမယ့် တိမ်ပြာပြာ ဆန်းဒေးကတော့ စတန်းဖို့ဒ်ဘရစ်မှာ ရင်ခုန် ရင်ဆိ ဓာတ်လမ်းစပြီ၊ သူ့ရဲ့ရဲ့နီတွေနဲ့ အပြာရောင် ချယ်လ်ဆီးတပ်သားတွေရဲ့ ပြိုင်ဆိုင်မှုကတော့ ဆမ်ဘာဘာရာရီး နည်းပြနဲ့ စတွော့တလန် ကပ်စေးနှဲ[illegible]ပြီ ဘူဆန်တို့ရဲ့ စီမံခန့်ခွဲမှု ဘယ်သူ လက်ဦးမှုရသွားမလဲ ဆိုတာ ကြည့်ရမယ့် ပွဲကောင်းတစ်ပွဲပဲ"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ ဖိုးသကြားတစ်ယောက် ယခုလို စကား တွေကို ပြောလိုက်ရသဖြင့် တော်တော်ကျေနပ်သွားပါသည်။

"ဖိုးသကြားရာ ဘယ်လို ဖြစ်သွားတာလဲ၊ မန်ယူအသင်းနဲ့ ချဲလ်ဆီး အသင်း ကစားမယ့်ပွဲလို့ ပြောရင် ပြီးတဲ့ဟာကွာ"

ဖိုးသကြားအား ဘောလုံးပွဲတွေ ကြည့်ဖို့ အားပေးခဲ့သော အောင် ကတောင် ဖိုးသကြားထံမှ မထင်မှတ်သော စကားအသစ်အဆန်းတွေ ကြား သဖြင့် စိတ်ပျက်သည့် လေသံမျိုးဖြင့် ပြောလိုက်ပါသည်။

"ဘောလုံးပွဲဆိုတာ အရသာခံပြောမှ ကောင်းတာပေါ့ကွာ၊ အားကစား ဂျာနယ်တွေထဲမှာလည်း အခု ငါ ပြောသလိုမျိုး အရေးအသားတွေနဲ့ ရေး တွေ မင်း မဖတ်ဘူးလား၊ တကယ်တော့ ငါတို့ဟာ မြက်ခင်းစိမ်းစိမ်းတွေ ခြေထောက်တွေနဲ့ တည်ဆောက်တဲ့ ဘဝတွေကို ဖန်သားပြင်ပေါ်ကနေ လက် လက်ဝါးတီးရင်း ကြည်နူးခြင်း ရသကို မြည်းစမ်းနေရတာနဲ့တင် ဘဝ နေသာထိုင်သာ ရှိသွားတယ်၊ ဒီတော့ အောင်စိုး ကျေးဇူး သူငယ်ချင်းရာ"

"ဖိုးသကြားရာ... မင်းကွာ"

အောင်စိုးခမျာ ခေါင်းကို တွင်တွင်ခါရင်း ဖိုးသကြားကို ဘာ ပြောရမှန်း မသိ ဖြစ်သွားပါသည်။

"ငါကို မှားသွားတာပါ ဖိုးသကြားရာ၊ မင်းကို ဘောလုံးပွဲ ကြည့် အောင် ငါက မီးမြှင့်ပေးလိုက်တာ ငါ့အမှားပဲ"

အောင်စိုးက သက်ပြင်းချရင်းမှ လက်ဖက်ရည်ကို မော့သောက်လိုက် ပါသည်။

"ကိုဖိုးသကြား... ဒီည ဘယ်ပွဲတွေ လန်းမလဲ"

ဖိုးသကြားတို့ ရှိနေသော လက်ဖက်ရည် စားပွဲဝိုင်းသို့ ရပ်ကွက်ထဲ ရွှေတင်နှင့် မောင်သန်းတို့ လူငယ်နှစ်ဦး ရောက်လာပြီး ရွှေတင်က မေးပါသည်။

"ဒီည မန်ယူနဲ့ ချဲလ်ဆီးရဲ့ ပြိုင်ဆိုင်မှုက အသင်းစွဲတွေအတွ နှလုံးငြိမ်ဆေး သောက်ရလောက်အောင် ဖြစ်ရမှာ၊ အိမ်ကွင်းမှာ အမြဲ အလံထောင်နေတဲ့ ချဲလ်ဆီးရဲ့ အလံဟာ လွင့်နေဦးမှာပဲ၊ အပြာရောင်ဘ တွေရဲ့ ခံစစ်သူရဲကောင်းတွေ ဖြစ်တဲ့ တယ်ရီနဲ့ ကာဗယ်ဟိုတို့ ဒိုလေး ရှန်နီတို့၊ ဘာဘာတော့ဗ်တို့ ကျော်မှာ မဟုတ်ဘူး၊ ဘောလုံး သေနင်ဗျူဟာ

www.burmeseclassic.com



စကော့ကြီးကော ဘရာဇီးသားကြီးပါ ကျွမ်းလေတော့ ဒီပွဲဟာ ချဲလ်ဆီးအတွက် သရေဟာ မျှတတဲ့ အဖြေပဲ”

“ဟာ… ကိုဖိုးသကြားရဲ့ စကားလုံးတွေက ထိချက်ပြင်းတယ်၊ ဒါဆိုရင် ဟုတ်ပြီ”

ရွှေတင်က ဝမ်းသာအားရနှင့် အင်္ကျီအိတ်ကပ်ထဲက စာရွက်အပိုင်းအစလေး တစ်စကို ထုတ်ယူပြီး ဘောလ်ပင်နှင့် မန်ယူအသင်း နာမည် ရေးထားသည်ကို ခြစ်လိုက်ပါသည်။

“ဘာလဲ ရွှေတင်ရ”

“ရော့… ကိုဖိုးသကြား စွဲသွားမယ်၊ အရုပ်ထဲမှာ မောင်းသံ ညံစီနေတာ မသိဘူးလား”

ရွှေတင် ပေးသော စာရွက်လေးကို ကြည့်ပြီး ဖိုးသကြား အံ့အားသင့်သွားသည်။ တစ်နေ့တာ ကစားမည့် ပွဲစဉ်တွေ အကုန်လုံးပါနေသည်။

“ကိုဖိုးသကြား ကံစမ်းကြည့်ပါလား၊ အတွေးနဲ့ ထပ်တူကျရင် အဆတွေ အများကြီး ရမှာ”

“ကြိုက်ပြီဟေ့၊ ဒီဘာသာဗေဒကို စိတ်ဝင်စားသွားပြီ၊ ကိုယ့်စိမ်ခန့်ခွဲမှုနဲ့ ထပ်တူညီရင် ပွဲသိမ်းပြီ၊ အောင်စိုးရာ မင်းက အစတုန်းက [illegible] ဘာလို့ မပြောတာလဲ”

အရေးထဲ အနီးအနားမှာ ရှိနေသော အောင်စိုးကို ပြစ်တင်စကား ဆိုလိုက်ပါသည်။

“မင်း အိပ်ရေးတွေ ပျက်မှာစိုးလို့ပါ၊ အဲဒါက အရမ်းစွဲတယ်ကွ၊ ပွဲစဉ်တွေ ဆက်ကြည့်ရတာ”

“ဘောလုံး စစ်မျက်နှာ ဖွင့်ရင်း ယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲတွေအတွက် အိပ်ပျက်လည်း ဘာဖြစ်လဲကွာ၊ အောင်မြင်ခြင်း အသီးအပွင့် ဝတ်ရည်ချိုမြမြကို စားသုံးရတာပဲဟာ၊ အိပ်စက်ခြင်းနဲ့ ချိုမြိန်ခြင်းကို အလဲအလှယ် လုပ်ရတာ သဘာဝကျပါတယ်ကွာ”

အောင်စိုးက မျက်စောင်းထိုးလိုက်ရင်း-

“ဖိုးသကြား… စကားကို ရိုးရိုးပြော့ကွာ”

“ဟာဗျာ… ကိုအောင်စိုးကလည်း ကိုဖိုးသကြား ပြောတာတွေက မိုက်တယ်၊ အသစ်တွေပဲဟာ… ဘာလုပ်မှာလဲ အဟောင်းတွေ ကြားနေရတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို လတ်တာတွေကမှ Heart ကို ထိပြီး ငြိတာ၊ ဆက်လွှင့် ကိုဖိုးသကြား ဒီအတိုင်း ထုတ်သာသုံး"

"မင်းတို့လုပ်မှ ပိုဆိုးတော့မယ်၊ ဖိုးသကြားက လူလိုပြောတော့မှာ မဟုတ်ဘူးဟေ့၊ ကဲ… မင်းတို့ဘာသာ ဆက်လွှင့် ဆက်ထုတ်သုံးကြ၊ ငါတော့ သွားပြီ"

အောင်စိုးက လက်ဖက်ရည် စားပွဲဝိုင်းကနေ ထွက်သွားပါသည်။

"ဒါပဲ ညီလေးတို့ရာ၊ ဘောလုံးပွဲရသကို ခံစားတယ် ဆိုတာ ဘောလုံး ကန်တာချည်းပဲ မဟုတ်ဘဲနဲ့ ကစားပုံ မြင်ကွင်းတွေကို ဦးနှောက် memory ထဲမှာ ဓာတ်ပုံရိုက်ထားသလိုမျိုး မှတ်ရင်းက တစိမ့်စိမ့် ပြန်ပြောပြရတာကိုက ဒေဝဥယျာဉ်ထဲမှာ ဝိုင်တစ်ခွက် သောက်လိုက်ရသလိုပါပဲကွာ"

"အဲဒီဝိုင်ခွက်ကို မောင်းသံတွေရဲ့ အောင်ပွဲတွေနဲ့အတူ သောက်သုံး ရရင် ပိုကောင်းတာပေါ့ ကိုဖိုးသကြားရ"

"မှန်တာပေါ့ ရွှေတင်ရာ… ဘောလုံးပွဲချစ်သူတွေအတွက် အချိန် ကာလဆိုတဲ့ နံနက်၊ ည ဆိုတာ မရှိပါဘူးကွာ"

ဖိုးသကြားက လက်ထဲမှာ ကိုင်ထားသော စာရွက်လေးကို ချစ်ဇနီး မအေးမြ မျက်နှာကို လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းက တစိမ့်စိမ့် ကြည့်ခဲ့သလို မျိုး ကြည့်နေပါတော့သည်။

## ( ၆ )

"ကိုဖိုးသကြား… ရှင် ဘောလုံးပွဲ ကြည့်တာတွေ လျှော့ဦးနော်၊ မိုးလင်းပေါက်တွေချည်း ဖြစ်နေတယ်၊ အိပ်ပျက်တာ များရင် ကျန်းမာရေး ထိခိုက်မယ်၊ ပြီးတော့ အလုပ်တွေ ဘာတွေ ပျက်ဦးမယ်နော်၊ ရှင့်အလုပ်က အခုဆို မြို့ထဲ ပလတ်စတစ်အရုပ်တွေ သွားမပို့ဘဲ အလုပ်သမားတွေချည်း သွားပို့နေတာ မဟုတ်သေးဘူး"

ဖိုးသကြားအဖို့ မအေးမြ ယခုလို ပြောလည်း ပြောစရာပင် ဖြစ် သည်။ တစ်နေ့တာ ကန်သည့် ပွဲစဉ်ဇယား စာရွက်ကလေးတွေကို ခွင်လမ်း နှစ်သက်မြတ်နိုးမိသွားကတည်းက ဘောလုံးပွဲတွေကို တစ်ပွဲပြီး တစ်ပွဲ ဆက်တိုက် ကြည့်မိသည်။ တစ်ပွဲပြီး တစ်ပွဲ မိမိ နှစ်သက်သော အသင်းက နိုင်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက်ဆိုသလို ဘာဖြစ်လာမလဲ၊ ဘာဖြစ်လာမလဲ ရင်ခုန်စွာဖြင့် စောင့်ဆိုင်း မျှော်လင့် ကြည့်ရှုရသောကြောင့် ဖြစ်သည်။

'ဟာ' 'ဟင်' ဖြစ်ရင်းက ဘောလုံးပွဲ ချစ်သူတစ်ဦးအနေမျိုးဖြင့် မှန်းမိမှန်းခဲ့ရတာမျိုး ရှိသလို ပျော်ရွှင်စွာ အောင်ပွဲဆင်ခဲ့သည့် နေ့ရက်တွေကလည်း ရှိသည်။

ကျိန်းစပ်စပ် မျက်လုံးများနှင့် အိပ်စက်မဝသည့် နေ့များစွာကို ဂရုမစိုက်အား။ မည်သည့်နေ့ မည်သည့်အသင်းတွေ ကန်မလဲဘဲ စိတ်က ရောက်နေပါသည်။

ဘောလုံးပွဲချစ်သူ တစ်ဦးအနေနှင့် ဘာများ တတ်နိုင်မှာနည်း။

"ဒီည ပွဲတွေကတော့ အထွတ်အထိပ်ပဲဟေ့၊ ဝီဂန်နဲ့ မန်စီးတီး၊ ပို့စ်မောက်နဲ့ စပါး၊ အေစီမီလန်နဲ့ အင်တာမီလန်၊ ရိုးမားနဲ့ အတ္တလန်တာ ဘယ်ပွဲတွေ ကြိုက်လဲဟေ့"

ညကလည်း ဘောလုံးပွဲတွေ တောက်လျှောက်ကြည့်ခဲ့ပြီး နောက်ဆုံးတစ်ပွဲမှာ အရှုံးကို ရင်ဆိုင်ခဲ့ရသဖြင့် နည်းနည်းညစ်သွားသည့် ဖိုးသကြားခများ အိပ်ရေးမဝတဝနှင့် လက်ဖက်ရည်ဆိုင်သို့ လာသည့်အခါ အောင်စိုးက ဆီးကြိုပြီး မေးလိုက်ပါသည်။

"အကြိုက်ကတော့ ဂျေဂျောဘီကွင်းက အိမ်ကွင်းဆိုတော့ မန်စီးတီး တတ်တုတ်မှမှာပဲ၊ အာရပ်သူဌေးတွေ ပုလဲတွေ ခမယ့်ပွဲပဲ။ အဲ... ကံဇာတာ ထိုင်အောက်ကို ရောက်နေတဲ့ အသင်းနှစ်သင်း တွေ့ကြတဲ့ပွဲမှာ ပို့စ်မောက်ကို စပါးက နိုင်မှာ မဟုတ်ဘူး၊ ပို့စ်မောက်က အိမ်ကွင်းလေ၊ စပါးအဖို့ ပို့စ်မောက် ကင်းလယ်ကမ်းခြေက ပင်လယ်လေကို အဝရှူပြီး ပြန်ဖို့ပဲ ရှိတယ်၊ ဒီတစ်ခါ တော့ စီးရီးအေနဲ့ ရိုးမား ခေါင်းမော့နိုင်ပြီ။ သူတို့ကွင်းမှာ သူတို့ ... ပေါက်ကွဲပြကြမှာ အမှန်ပဲ။ တော်တီ တကယ်ပျော်နိုင်ပါပြီကွ... အ... ဆော်ရင်ဟို စပယ်ရှယ်ဝမ်းကြီးကတော့ ဒီတစ်ခါ အေစီမီလန်ကို ဒူးထောက် ဦးညွှတ်ရတော့မှာပဲဟေ့၊ အန်ဆယ်လော်တီ သိက္ခာကျရတဲ့ ညများစွာအတွက် ပြီးဟာ သိက္ခာကို ပြန်လည်ဆယ်တင်မယ့် ပွဲပဲ၊ ခရစ်စမတ်သစ်ပင်ပုံ ကစားကွက် အောက်မှာ မော်ရင်ဟို သမ္မာကျမ်းစာ ဆိုတဲ့ စာအုပ်ကို ထားခဲ့ရတော့မှာပဲ၊ ဆိုနယ်ဒင်ဟို ကိုးပေါက် တွေ့မယ့်ပွဲပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြား ရှင်းပြရတာ တော်တော်မောသွားပုံရသည်။ ရေနွေးကြမ်းကို နှစ်ခွက် ဆင့်သောက်လိုက်ပါသည်။ မိမိ ယူဆချက်ကို ပြောလိုက်ရသည့်အတွက် အတော့်ကို ကျေနပ်သွားပါသည်။

"ဖိုးသကြား… မင်း ဘောလုံးပွဲတွေ မကြည့်နဲ့တော့၊ ဘောလုံးပွဲ ခန့်မှန်းချက်တွေ အားကစားဂျာနယ်မှာ ရေးပါလား၊ ငါ မြှောက်ပေးခဲ့တာ လိုက်မမီတော့ဘူးဟ"

"ဒါပေါ့ အောင်စိုးရာ၊ အချိန်တွေ… ငွေကြေးတွေနဲ့ ကိုယ် အိပ်စက်ရမယ့် ညများစွာကို လဲလှယ်ခဲ့ရတော့ ဒီလောက်တော့ ရှိမှာပေါ့"

"အေးကွာ… မင်း ပြောတဲ့အတိုင်း ဖြစ်ပါစေ"

ခေါင်းထဲ မူးဝေဝေ ဖြစ်နေတာကို ဖိုးသကြား ဂရုမထားအားဘဲ အင်္ကျီအိတ်ကပ်ထဲမှ စာရွက်ပိုင်းလေးကို ထုတ်ပြီး ကြည့်နေမိပါသည်။

သူ့မျက်ဝန်းထဲမှာတော့ ဘောလုံးပွဲတွေကိုပဲ မြင်ယောင်လို့နေပါသည်။

❑

ဖိုးသကြား တော်တော်ပျော်နေပါသည်။ ပွဲစဉ်က လေးပွဲမှာ သုံးပွဲ ဆက်တိုက်နိုင်သဖြင့် ကြည့်ရကျိုးနပ်ပြီပေါ့။ နောက်ဆုံး မနက် တစ်နာရီခွဲ ကန်မည့် အေစီမီလန်နှင့် အင်တာမီလန်တို့ပွဲသာ ကျန်တော့သည်။ သည်ပွဲမှာ အေစီမီလန် နိုင်လျှင် အောင်ပွဲခံလို့ရပြီ ဖြစ်သည်။

ဘောလုံးပွဲကလည်း ကောင်းမှ ကောင်း။ တစ်ဖက်နှင့် တစ်ဖက် အပြိုင်အဆိုင်။ သူ့ဘက် ရောက်လိုက်၊ ကိုယ့်ဘက် ရောက်လိုက်နှင့် ဖြစ်နေသည်။ ဘောလုံးပွဲက ကြည့်နေရင်း ကောင်းနေသလို ဖိုးသကြား ခေါင်းထဲမှာလည်း ရီဝေဝေနှင့် မူးလို့နေပါသည်။

ခေါင်းထဲ မူးဝေနေတာကို ဂရုမထားအားဘဲ ဖိုးသကြားက သူ နှစ်သက်သော အေစီမီလန်အသင်းကို အပီအပြင် အားပေးနေပါသည်။

"ပါတို ဆွဲ ဆွဲ… ရော်နယ်ဒင်ဟိုကို ပေးလေ၊ ဟာကွာ လဲပြီနဲ့ပြီ အေး… ဒါမှ မာလ်ဒီးနီး၊ ဟော…"

"အား… မူးတယ် မူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



အပီအပြင် အားပေးနေသော ဖိုးသကြား ခေါင်းမူးတာကို သတိ ထားအားဘဲ တီဗွီဖန်သားပြင်ပေါ်မှ ဘောလုံးပွဲကို ကြည့်ရင်း အော်ဟစ် အားပေးရင်း အိပ်ရေးပျက်သည့်ညတွေ များသဖြင့် မူးပြီး လဲကျသွားပါသည်။

"ဆေးရုံပို့… ဆေးရုံပို့"

လက်ဖက်ရည်ဆိုင်ထဲမှာ ဆူညံသွားကာ ဖိုးသကြားကို ဆေးရုံသို့ အမြန်တင်လိုက်ရပါသည်။

❑

ဆေးရုံခုတင်ပေါ်မှာမှ သတိမေ့ပြီး အိပ်နေသော ဖိုးသကြားတစ်ယောက် သတိရလာပြီး မျက်လုံးတွေကို အားယူပြီး ဖွင့်လိုက်သည်။ သူ့ခုတင်ဘေးနားမှာ ဇနီးဖြစ်သူ မအေးမြ၊ သူငယ်ချင်းဖြစ်သူ အောင်စိုးနှင့် မိတ်ဆွေအချို့ကို တွေ့ရသည်။ သည်တော့မှ လက်ဖက်ရည်ဆိုင်မှာ ဘောလုံးပွဲ ကြည့်ကာ မူးပြီး မေ့လဲသွားမှန်း သိလိုက်ရသည်။ တစ်ဆက်တည်း ဆိုသလို သူ အင်မတန် သိချင်နေသော အကြောင်းအရာတစ်ခုကို ဘာဖြစ်သွားသလဲဆိုတာ သိပ်ကို သိချင်နေမိသည်။ ထို့ကြောင့် အောင်စိုး ရှိရာသို့ ကြည့်လိုက်သည်။

"အောင်[illegible] အေစီမီလန် နိုင်သွားလား၊ ရော်နယ်ဒင်ညို ဂိုးသွင်း သလား၊ နိုင်ရင် [illegible]လို့ရပြီ"

သတိရ[illegible]ဇနီးဖြစ်သူ မအေးမြကို မမေးဘဲ အောင်စိုးကို ဘောလုံး ပွဲအကြောင်း မေးသဖြင့် မအေးမြ အတော်ပေါက်ကွဲသွားပါသည်။

"ကောင်းကြသေးရဲ့လား၊ ဘောလုံးပွဲ ကြည့်လို့ ဒီလောက် မူးလဲတာ တောင် သတိရတော့ မိန်းမကို မမေးဘူး၊ အေစီမီလန် နိုင်လားလို့ မေးတယ်၊ သူ့ပထွေး ဂိုးသွင်းတာကို မေးတယ်၊ ကောင်းကြသေးရဲ့လား… အရပ်ကတို့ ရေ"

မအေးမြ၏ ပေါက်ကွဲမှုသံစဉ်တွေက ဆေးရုံခန်းထဲမှာ အကျယ်လောင်း ပေါက်ကွဲသွားတာကို နားထောင်နေသူတွေက ဖိုးသကြားကို ကြည့်ပြီး ပြုံးပြုံးလိုက်ကြပါတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# လေးနှစ်ဆက်တိုက် ချန်ပီယံ လျှို့ဝှက်ချက်



( ၁ )

နေလုံးနီနီက ကိုက်စားချင်စရာ ပန်းသီးတစ်လုံးလိုမျိုး တောင်တန်း
တွေ နောက်ကွယ်မှာ ဝင်ခါနီးပြီ။ ဒါပေမဲ့ နေဝင်တော့မှာကို ဂရုမပြုအား
အုတ်ဆယ်ရွာ သူကြီး ဦးဘငွေနှင့် အုတ်ဆယ်ရွာ ဘောလုံးအသင်းနည်း
ကိုပိန်တို့ကတော့ ချွေးသံရွှဲရွဲနှင့် မမောနိုင်မပန်းနိုင် ဘောလုံး လေ့ကျင့်နေ
တဲ့ အုတ်ဆယ်ရွာ လက်ရွေးစင်ဘောလုံးသမားတွေကို ကြည့်ပြီး ကျေနပ်
ကြပါတယ်။

"ဗျို့... သူကြီး၊ မှောင်တောင် မှောင်တော့မယ်၊ လေ့ကျင့်ခန်း
မပြီးသေးဘူးလား၊ ကျုပ်တို့ အသင်းသားတွေ ဘောလုံးကွင်းကို ပတ်ပြေးရတာ
အပတ်ရေတွေတောင် မရေနိုင်တော့ဘူး၊ ကမ္ဘာ့အပြေးချန်ပီယံ အူစိန်
တောင် မြင်လိုက်ရရင် အရှုံးပေးချင်စိတ်ပေါက်သွားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



အုတ်ဆယ်ရွာ ဘောလုံးအသင်း ခေါင်းဆောင် မောင်ညီက လှမ်းသတိပေးတာကို သူကြီး ဦးဘငွေက ပါးစပ်ထဲ ဝါးနေတဲ့ ကွမ်းကို ထွေးထုတ်လိုက်ပြီး နောက်ထပ် ကွမ်းတစ်ယာ ပါးစပ်ထဲ ထည့်လိုက်တယ်။

"မောင်ညီ… တို့ ယှဉ်ပြိုင်ရမယ့် ဗိုလ်လုပွဲက အုတ်လှရွာလေ၊ ငါတို့နဲ့ ပြိုင်ဘက်ဆိုတာ မမေ့နဲ့၊ ပြီးတော့ ငါတို့က ဒီနှစ် နိုင်ရင် ဟိုးအင်္ဂလန်က မန်ယူလိုမျိုး လေးနှစ်ဆက် ချန်ပီယံ ဖြစ်လာမှာကွ၊ အင်္ဂလန်မှာ မန်ယူ၊ မြန်မာမှာ ငါတို့ အုတ်ဆယ်ရွာလို့ပေါ့ကွာ"

သူကြီးဦးဘငွေက သူ့စကားသူ သဘောကျရင်း ကျေနပ်လို့နေပါတယ်။ သူ့ဘေးနားမှာ ရှိတဲ့ နည်းပြဆရာ ကိုပိန်က သူကြီးဦးဘငွေတောင် ဩဝါဒ ဝင်ပေးနေတာ ငါလို နည်းပြကလည်း ဩဝါဒမပေးရလျှင် နည်းပြအကျော် ပွန်းပဲ့သွားမှာစိုးသည့် ပုံစံမျိုးနှင့် ရှိနေရင်းက သူလည်း ဩဝါဒဝင်ပေးလိုက်ဦးမည်ဟု ဆုံးဖြတ်လိုက်ပါ၏။

"ငါတို့ အသင်းမှာက နိုင်ငံခြားအသင်းတွေလိုမျိုး ခန္ဓာကိုယ် ကျန်းမာသန်စွမ်း သက်လုံကောင်းဖို့ အကူအညီပေးမယ့် လေကျင့်တဲ့ စက်ပစ္စည်းတွေ မရှိဘူး၊ ဒီတော့ လူ့အရင်းအမြစ် ဖြစ်တဲ့ ကြံ့ခိုင်မှုကို သဘာဝနဲ့ သဟဇာတ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပေါင်းစပ်နေတာကွ၊ ဒီတော့ ဒီလောက် လေ့ကျင့်မှ ကိုယ်က
သက်လုံးကောင်းမှာပေါ့၊ ငါတို့လိုပဲ ကမ္ဘာ့ဖလား ဝင်ပြိုင်မယ့် မြောက်ကိုရီးယား
ဘောလုံးအသင်းဆို ဘာစက်ပစ္စည်း လေ့ကျင့်မှု အကူအညီကိုမှ မယူဘဲ သဘာဝ
အတိုင်း တောင်တက် တောင်ဆင်းတွေကို နေ့တိုင်း အရမ်းလေ့ကျင့်နေတယ်လို့
သိရတယ်။ ဒီတော့ ငါတို့ အသင်းအနေနဲ့ လေ့ကျင့်နိုင်မှ တော်ရာကျမယ်
မင်းတို့လည်း သိရဲ့သားနဲ့၊ အုတ်လှရွာနဲ့ အုတ်ဆယ်ရွာက ကမ္ဘာ့ရန်ဆိုတာ
သိကြတယ် မဟုတ်လား၊ ငါတို့ ဘောလုံးကစားလာတဲ့ ခေတ်ကတည်းက
ပဲလေ၊ အဲဒီတုန်းက ငါဟာ...'

နည်းပြ ကိုပိန် လေကြောရှည်နေတာကို နားထောင်နေတဲ့ ဘောလုံး
သမားတွေသာမက သူကြီး ဦးဘငွေပါ နည်းနည်း'ဘု'သွားပါတယ်။

"တော်တော့ မောင်ပိန်၊ မင်းက စကားပြတ်တော့မှာ မဟုတ်ဘူး
ဟော့ကောင် ငါ မှာရဦးမယ်၊ ဘောလုံး မိုလ်လုပွဲနေ့မှာ ကွင်းဘေးနားက
မင်း လေမရှည်နဲ့နော်၊ ကလေးတွေ ဘောလုံးကွင်းထဲက ဘာလုပ်ရမှန်း မသိ
ဖြစ်နေမယ်၊ ငါတို့ရွာမှာ နည်းပြ လုပ်ချင်တဲ့သူက မရှိလို့၊ မင်း ခန့်ခါမှ
မှားပြီလား မသိဘူး"

သူကြီးဦးဘငွေက ဘောလုံးသမားတွေကို ကြည့်လိုက်ပြီး-

"အားလုံး လေ့ကျင့်မှု ရပ်မယ်၊ မှာရဦးမယ်၊ ညဘက် အိပ်ပျက်
မခံနဲ့၊ အရက်မသောက်နဲ့၊ အိမ်ထောင်ရှိတဲ့ သူတွေ ဒီရက်ထဲ သည်းညည်းခံပြီး
မိန်းမနဲ့ ခွဲအိပ်ပါ၊ ဒါဟာ အုတ်ဆယ်ရွာ အောင်မြင်မှုအတွက်ပဲဟေ့"

"ဟုတ်"

ဘောလုံး လေ့ကျင့်ရတာ ပင်ပန်းသဖြင့် မိုက်ဆာနေလို့ အိမ်အမြန်
ပြန်ချင်တဲ့ ဘောလုံးသမားတွေရဲ့ လေသံက တညီတညွတ်တည်း ထွက်လာ
တော့တယ်။

( ၂ )

အုတ်ဆယ်ရွာနဲ့ အုတ်လှရွာ နှစ်ရွာရဲ့ကြားမှာ ရှိတဲ့ လက်ဖက်ရည်
ဆိုင်၊ ထန်းရည်ဆိုင်တွေမှာတော့ လာမယ့် နှစ်ရက်အတွင်း ကျင်းပမယ့် ဘောလုံး
မိုလ်လုပွဲအကြောင်းကို ကမ္ဘာ့ဖလားဘောလုံး မိုလ်လုပွဲလေးလား တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက် ပြောဆိုဝေဖန်နေကြတာ မနက်မိုးလင်းလို့ ဆိုင်တွေ ဖွင့်ကတည်းက နေ့လယ်ခင်းအထိတောင် စကားတွေက ပြောလို့ မပြီးသေးပါ။

"အုတ်လှရွာ ဘောလုံးအသင်းက ငွေကြေးတောင့်တော့ အသင်းသား တွေရဲ့ ဝတ်စုံက တစ်ပွဲ တစ်စုံပေါ့ဗျာ၊ ဒါကလည်း အုတ်လှရွာမှာ လာအခြေချ တဲ့ အိဘရာမှုဆွတ် ဆိုတဲ့ အိန္ဒိယလူမျိုး ထန်းတောတွေ ပိုင်တဲ့ သူက အဲဒီရွာ မှာ သူ့ထက် အသက်နှစ်ဆယ်လောက် ငယ်တဲ့ ကောင်မလေးကို ထပ်ယူထား တာ ဆိုတော့ အသင်းအတွက် ဝတ်စုံတွေကို သူက ဒိုင်ခံဝယ်ပေးနိုင်တာပေါ့၊ ဒီအတွက် အုတ်လှရွာသူတစ်ယောက် ရင်းပေးရတာ တန်တာပေါ့လေ"

ရွာသားတစ်ဦးက ထိုသို့ ပြောသောအခါ အခြားရွာသားတစ်ဦးက မကျေမနပ် မနှစ်မြို့တဲ့ လေသံဖြင့်-

"သွားစမ်းပါဗျာ… အဲဒီအုတ်လှရွာအသင်းက ရွာမှာ တောသူဌေး တွေ များလို့ ဝိုင်းဝန်းထောက်ပံ့လို့ ထောင်ထောင်ဖြစ်နေတာ၊ အုတ်လှရွာသား လက်ရွေးစင်စစ်စစ် ဘယ်နှယောက်ပါလဲ၊ တခြားရွာတွေက ဘောလုံးကန် ကောင်းတဲ့ သူတွေကို သူတို့ ရွာအသင်းထဲမှာ လက်ရွေးစင်အဖြစ် လာကစားဖို့ သမီးပေးသူပေး၊ နွားပေးသူ ပေး၊ ယာခင်းလုပ်စားဖို့ အကြွေးချပေးသူ ပေးပြီး သိမ်းသွင်းထားတာ"

စူပါကော်ဖီမစ်ကို သောက်နေတဲ့ ရွာသားတစ်ဦးကလည်း ဘယ် လောက် ပြောချင်နေသလဲ မသိ။ ပါးစပ်ထဲ သောက်နေတဲ့ ကော်ဖီမစ်ကို စားပွဲခုံဘေးတွင် ထွေးချလိုက်ပြီး-

"အခု… ဗိုလ်လုပွဲသာ ကန်ရမှာ၊ အဲဒီအုတ်လှအသင်းမှာ လူမှုရေး ပြဿနာတွေ ဖြစ်တာ ကြားပြီးပြီလား"

ရွာသားတစ်ယောက် သိချင်လွန်းအားကြီးသည့် ပုံစံဖြင့်-

"ရိုးတိုးရိပ်တိပ်တော့ ကြားတယ်၊ ဘာလဲတော့ သေသေချာချာ မသိဘူး"

ထိုအခါ စူပါကော်ဖီမစ် သောက်တဲ့ ရွာသားက-

"အုတ်လှအသင်းခေါင်းဆောင် ထွန်းရီလေ၊ အရင်တုန်းက အုတ်လှ အသင်းမှာ နောက်တန်း ညာအစွန်လူ ဆော့ပြီး အခု အုတ်တွင်းရွာကို ပြောင်း သွားတဲ့ ဝင်းတင့်ရဲ့ မိန်းမနဲ့ ဖြစ်တာ၊ ထန်းတောနားက ချုံပုတ်များမှာ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားလို့ ဟိုးဟိုးကျော်ပါရိုးလား၊ ဒီလို မလုပ်သင့်ဘူးဆိုပြီး ဝေဖန်သူတွေက ဝေဖန်နဲ့၊ ထွန်းရီ မိန်းမတောင် အိမ်ပေါ်က ကလေးနှစ်ယောက် ခေါ်ပြီး ဆင်းသွားတာ အခုထိ အိမ်ပေါ် ပြန်မတက်သေးဘူး၊ ပြီးတော့ အဲဒီဝင်းတင့် နေရာမှာ ဝင်ဆော့နေတဲ့ ရွှေတိုးကကော၊ သူ့မိန်းမ ချယ်ရီက နတ်ကန္နားစီးလေ၊ ရွှေတိုး မိန်းမကိစ္စ ရှုပ်တာတွေ သိသွားလို့ ရွှေတိုး အမေ မင်္ဂလာဦးအဖြစ် ပေးခဲ့တဲ့ လက်စွပ်ကိုတောင် မဝတ်တော့ဘဲ အပေါင်ဆိုင်မှာ ပေါင်ထားပြီး ပြန်မရွေးတော့ဘူးတဲ့၊ နတ်ကန္နားတွေချည်း လှည့်ကနေတာ ရွာတောင် ပြန် မလာတော့ဘူးတဲ့”

စူပါကော်ဖီမစ် သောက်တဲ့ ရွာသားခမျာ သူ သိခဲ့ရတဲ့ သတင်းတွေကို ဖောက်သည်ချလိုက်ရလို့ ကျေနပ်သွားသလား မသိ။ ပီတိဖြစ်တဲ့ ပုံစံမျိုးနဲ့ ကော်ဖီခွက် တစ်ကျိုက်တည်း မော့ချလိုက်ပါတယ်။



“အင်း… ဒီအတိုင်းဆို ပွဲကတော့ ကြည့်ကောင်းတော့မှာ အခုတ်ဆယ် ရွာမှာက နည်းပြလုပ်ချင်သူ မရှိလို့ သက်တော်ရှည်နည်းပြ ဖြစ်နေတဲ့ ကိုပိုင် ထန်းတောတွေ ပိုင်တဲ့ အိဘရာမူဆွတ် ငွေကြေး ထောက်ပံ့မှုကြောင့် အိဘရာ မူဆွတ် အလိုမကျလို့ နည်းပြ ခဏခဏ ပြောင်းရတဲ့ အုတ်လှ ဘောလုံး အသင်း နောက်ဆုံးနည်းပြ အေးစိုင်နဲ့တော့ တွေ့ကြပြီပေါ့ဗျာ၊ မဟုတ်မှသာ

www.burmeseclassic.com



လွဲမယ်၊ ဘယ်သူတွေ နှစ်ဝါ တစ်နီတွေနဲ့ ထွက်ရပြီး ဘယ်သူ ဗိုလ်စွဲလို့ ဘာတွေ ဖြစ်မလဲဆိုတာ ကြည့်ရဦးမှာပေါ့ဗျာ"

စကားဝိုင်းထဲမှာ ဘာစကားမှ ဝင်မပြောဘဲ ငြိမ်ငြိမ်လေး နားထောင်နေတဲ့ ရွာသားတစ်ဦးက ထိုသို့ မှတ်ချက်ချ စကားသံအဆုံး စကားဝိုင်းကွဲပြီး အသီးသီး တရုတ်နိုင်ငံလုပ် စူပါကပ်ဆိုင်ကယ်တွေ မောင်းပြီး လက်ဖက်ရည်ဆိုင်ထဲကနေ ထွက်သွားတာ လက်ဖက်ရည်ဆိုင်ရှေ့မှာတော့ ဖုန်တွေက ထလို့။

( ၃ )

ဘောလုံးကွင်း လေးဖက်လေးတန်မှာတော့ ပွဲကြည့်ပရိသတ်တွေက ကြက်ပျံမကျလို့ ဆိုရမတတ်ပါပဲ။ ပရိသတ်ကလည်း ယောကျ်ား၊ မိန်းမ လူစုံရုံမက နို့စို့ကလေးတွေတောင် ပါဝင်ပါတယ်။

နှစ်ဖက်သော ဘောလုံးအသင်းသားတွေက ကွင်းထဲမှာ သွေးပူလေ့ကျင့်ခန်း ဆင်းလို့နေပါတယ်။

"အားကစားဝါသနာရှင်များ ခင်ဗျား... မကြာမီ အချိန်မှာ ပရိသတ်များ မျှော်လင့်စောင့်စားနေတဲ့ အုတ်လှရွာနဲ့ အုတ်ဆယ်ရွာတို့ရဲ့ ဘောလုံးဗိုလ်လုပွဲကို ယှဉ်ပြိုင်ကြတော့မှာ ဖြစ်ပါတယ်၊ ဒီတော့ ရှေ့မှာ ပရိသတ်တွေ မြင်နေရတဲ့ ဆုဖလားကြီးဟာ ဘယ်အသင်းဘက်ကို ပါလေမလဲ၊ ပရိသတ်အများစုကတော့ ဒီနှစ်တော့ လေးကြိမ်ဆက် ချန်ပီယံဖြစ်မှာ မဟုတ်လို့ ချန်ပီယံအသစ် အုတ်လှရွာဘက်ကို ပါဖို့ အလေးသာနေတယ်လို့ ဆိုသံတွေကို ကြားရပါတယ်... ဒီတော့..."

"ဟေ့... အဲဒီလို ဘက်လိုက်ပြီး ကြေညာလို့ရမလား"

"ဒုန်း... ဝုန်း..."

ဘောလုံးပွဲ ပြန်ကြားရေးဌာနက အစီအစဉ် ကြေညာသူရဲ့ စကားကို ကျေနပ်သဖြင့် အုတ်ဆယ်ရွာသား ပရိသတ်တွေက ပြန်ကြားရေးဌာနရှိ သော်စပီကာကို ခဲတွေ၊ ပြောင်းဖူးရိုးတွေနဲ့ ဝိုင်းပေါက်ကြပါတယ်။

"ပွဲလုံခြုံရေးများ ထိန်းပေးပါ၊ မျှတစွာဖြင့် အားပေးပါလို့ ကြော်ငြာ ပွဲစပါတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးပွဲ ပြန်ကြားရေးဌာနမှ ကြေညာနေတာကို ကြည့်ပြီး အုတ်ဆယ်ရွာသူကြီး ဦးဘငွေက မကျေမနပ်နှင့် ဖြစ်နေ၏။

"ဒီလို ပြောလို့ရမလား၊ ဒါမျိုးက နိုင်ငံတကာမှာဆို ဒဏ်ငွေရိုက် အပြစ်ပေး၊ အလုပ်ဖြုတ်ပစ်လို့ကို ရတယ်၊ ဒါ ဘက်လိုက်တာ"

"တော်ပါ သူကြီးရယ်၊ ဘောလုံးပွဲက စတော့မှာပဲ၊ စိတ်ချပါ၊ ကျုပ်တို့ရွာအသင်း နိုင်ကိုနိုင်မှာ"

အုတ်ဆယ်ရွာ ဆယ်အိမ်မှူး ကိုဖိုးတုတ်က သူကြီးဦးဘငွေကို လှမ်းပြောလိုက်တာ အနီးအနားက ဖြတ်သွားတဲ့ အုတ်လှရွာသူကြီး ဦးထွန်းအေး ကြားသွားပြီး ဦးဘငွေကို ဒေါသပါတဲ့ အကြည့်နဲ့ ကြည့်သွားပါတယ်။

ဘောလုံးပွဲ စတင်ယှဉ်ပြိုင်မှာမို့ ကွင်းထဲကို ဒိုင်လူကြီး သုံးဦး ဝင်လာပြီး ကွင်းလယ်ဒိုင်က အုတ်ဆယ်ရွာအသင်းခေါင်းဆောင် မောင်ညီနှင့် အုတ်လှရွာ အသင်းခေါင်းဆောင် ထွန်းရီတို့ကို ခေါ်ပြီး နေရာရွေးဖို့ ခေါင်းပန်းလှန်ပါတယ်။ အုတ်လှရွာက တောင်ဘက်ခြမ်းမှာ ဖြစ်ပြီး အုတ်ဆယ်ရွာက မြောက်ဘက်ခြမ်းမှာ ဖြစ်ပါတယ်။

ဘောလုံးပွဲက စတာနဲ့ ဟိုဘက် ဒီဘက် သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်လို့နေပါတယ်။ ဘောလုံး ပိုင်ဆိုင်ဖို့အတွက် ခပ်ကြမ်းကြမ်း ကစားလို့ ဒိုင်လူကြီးက မကြာခဏ သတိပေးရပါတယ်။

"ဟေ့... ဘောလုံး မနိုင်ရင်နေ၊ အုတ်လှ ဘောလုံးသမားတွေကို လှနိုင်အောင် အသားကုန်ခြေဖြတ်ရိုက်"

"အုတ်ဆယ်ဘောလုံးသမားတွေ ရာသက်ပန် အငြိမ်းစားပေးဖို့ ခြေခေါင်း၊ လက်မလွှတ်စေနဲ့၊ အုတ်လှရွာအစွမ်းကို ပြဟေ့"

ဘောလုံး ကစားနေတဲ့ အသင်းနှစ်သင်းက အပြိုင်ကြမ်းသလို ပွဲကြည့်ပရိသတ်တွေရဲ့ အားပေးသံတွေကလည်း နင်လား ငါလားပါပဲ။

အုတ်လှရွာသား အလယ်တန်း ကစားတဲ့ ထွန်းထွန်း ဘောလုံး ခွဲလာတာကို အုတ်ဆယ်ရွာသား နောက်တန်းကစားသမား စံကွန့်က ဘောလုံးကို ဖြတ်သလိုလိုနှင့် ခြေသလုံးကို ဖြတ်ရိုက်လိုက်တာ ထွန်းထွန်း လဲကျသွားပြီး နာလွန်းလို့ အော်နေပါတယ်။ ကွင်းလယ်ဒိုင်လူကြီးက စံကွန့်ကို အဝါကတ် ပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်လူကြီး အဝါကတ်ပြလို့ ရမလား၊ အနီကတ်ပြပြီး ထုတ်ပစ်ရမှာ ဘာကြောင့်မလိုက်နဲ့"

အုတ်လှရွာသား ပရိသတ်တွေက ကွင်းဘေးကနေ အော်ဟစ်ရင်းက ဒိုင်လူကြီးကို မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ဝိုင်းပို့ပါတယ်။

"မောင်ညီ… ဘောလုံးကို ရှေ့ထိ တက်ထောက်၊ ညာဝင်းက တင်မောင်နဲ့ ချိတ်ပြီး ဂိုးရှေ့ထိရောက်အောင် ပြေး"



အုတ်ဆယ်ရွာ နည်းပြ ကိုပိန်က ပါးစပ်ထဲ မန်ယူနည်းပြ ဖာဂူဆန်လို ီကောဝါးရင်းက ညွှန်ကြားနေပါတယ်။

မောင်ညီက နည်းပြ ကိုပိန် ပြောတဲ့အတိုင်း ဘောလုံးကို ဆွဲပြေးရင်း ာ ညာဝင်းမှာ ရှိနေတဲ့ တင်မောင်ဆီ ဘောလုံး လှမ်းအပေး အုတ်လှရွာ ဘာလုံးအသင်းခေါင်းဆောင် ထွန်းရီက ဘောလုံး ဝင်လုံးသလိုနဲ့ ခြေနဲ့ တိုက် ်စ်လိုက်တာ မောင်ညီ လဲကျသွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်… ထွန်းရီ၊ မမိုက်ရိုင်းနဲ့"

အုတ်ဆယ်ရွာသားတွေက ဝိုင်းအော်ပါတယ်။ ဒိုင်လူကြီးက ထွန်းရီကို အဝါကတ်ပြား ပြပြီး သတိပေးပါတယ်။ ဘောလုံးပွဲက ပထမပိုင်း ပြီးခါနီးမှာ ပိုပြီး ပွဲက ကြမ်းလာသလို ဘောလုံးပိုင်ဆိုင်မှုက အုတ်ဆယ်ရွာက ပိုင်ဆိုင်မှု ပိုများနေပါတယ်။

ပထမပိုင်း ပြီးခါနီး တစ်မိနစ်အလိုမှာ အုတ်ဆယ်ရွာ အလယ်တန်းကစားသမား သံချောင်းက ကွင်းလယ်က တောက်လျှောက် ဆွဲလာရင်း ဘောလုံးကို အမြောက်ကန်တင်ပေးတာ အုတ်လှ ဂိုးတိုင် ပင်နယ်တီဧရိယာအစပ်မှာ ရှိနေတဲ့ အုတ်ဆယ်ရွာ ဘောလုံးအသင်း ရှေ့တန်းတိုက်စစ်မှူး ပွေးနီက မြေမကျဘော ကန်လိုက်တာ ဘောလုံးက အုတ်လှ ဂိုးသမား မဖမ်းနိုင်ဘဲ ဝင်သွားပါတယ်။

"ဂိုး… ဂိုး…"

အုတ်ဆယ်ရွာ ပရိသတ်တွေရဲ့ အော်ဟစ်သံက အထက်ကောင်းကင်ယံက နတ်ပြည်အထိ တက်သွားလောက်သံမျိုးပါပဲ။

"ဖြောင်း ဖြောင်း ဖြောင်း"

ပိုပြီးထူးခြားတာက ကွင်းလယ်ဒိုင်လူကြီးပါ။ ဘောလုံး ဂိုးသွားတာကို ဝီစီမှုတ်ပြီး ဘောလုံးကို ကွင်းလယ်မှာ ထားခိုင်းဖို့ မညွှန်ကြားဘဲ ဘောလုံးဂိုးဝင်သွားတာကို ဝမ်းသာအားရနဲ့ လက်ခုပ်တီးပြီး အားပေးလို့ပါ။

"ဒိုင်လူကြီး ဘာဖြစ်လို့ လက်ခုပ်တီးတာလဲ၊ ဂိုးဝင်လို့ လက်ခုပ်တီးတာ ကမ္ဘာပေါ်မှာ ဘယ်ဒိုင်လူကြီးမှ မရှိဘူး၊ ဘာလဲ… ဘက်လိုက်တာလား"

အုတ်လှရွာသား ပရိသတ်တွေက ဒိုင်လူကြီးကို ဝိုင်းအော်တော့မှ ဒိုင်လူကြီးက သတိရပြီး ဝီစီကို မှုတ်ကာ ဘောလုံးကို ကွင်းလယ်မှာ ပြန်တည်ခိုင်းပါတယ်။ ဘောလုံး ကွင်းလယ်မှာ တည်ပြီး မကြာခင်မှာပဲ ပထမပိုင်း ပြီးသွားပါတယ်။

"ဟော့… ဒိုင်လူကြီး၊ ဂိုးဝင်သွားတာကို ခင်ဗျား ဘာဖြစ်လို့ လက်ခုပ်တီးတာလဲ"

ပထမပိုင်း နားနေတုန်းမှာ အုတ်လှရွာ နည်းပြ အေးစိုင်က ကွင်းလယ်ဒိုင်လူကြီးကို ဒေါသတကြီးနဲ့ မေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်… ဒါလား၊ ဒါက ဘောလုံး ဂိုးဝင်သွားတာကျတော့ ကိုယ်က ဒိုင်လူကြီး ဖြစ်တာ မေ့သွားပြီး လက်ခုပ်တီးမိသွားတာ sorry ရှို့"

"ဒါမျိုး လုပ်ရို့မရဘူး၊ ဖီဖာကို တိုင်မယ်"

အုတ်လှရွာနည်းပြ အေးစိုင်က ဒိုင်လူကြီးကို လက်ညှိုးထိုး ပြောဆိုရင်း ထွက်သွားပါတယ်။

ဒုတိယပိုင်း ပြန်စတယ်ဆိုရင်ပဲ ဘောလုံးပွဲက ပိုကြမ်းလာပါတယ်။ အုတ်ဆယ်ရွာ ဘောလုံးအသင်းကလည်း ရထားတဲ့ ဂိုး ပြန်မပေးရရေးအတွက် တစ်သင်းလုံးနီးပါး ပိတ်ဆို့ ကာကွယ်ထားပါတယ်။ အုတ်လှရွာကလည်း ဂိုး ရရှိဖို့အရေး ကြမ်းကြမ်းတမ်းတမ်း ထိုးဖောက်ကစားကာ၊ အုတ်ဆယ်ရွာ ဘောလုံးအသင်းကလည်း ခပ်ကြမ်းကြမ်း ဖြတ်ခုတ်နဲ့၊ ဟိုဘက် ဒီဘက် အဝါကတ်တွေ ပလူပျံနေတာပါပဲ။

"ဘောလုံးကန်နေတာလား… လူသတ်နေတာလားကွ"

"ဒိုင်လူကြီး အဝါတွေ ပြတာ မရပ်သေးဘူးလား"

ပွဲကြည့်ပရိသတ်တွေရဲ့ အော်သံတွေကလည်း နှစ်ဖက်အသင်းကို ဆွပေးသလို ဖြစ်နေပါတယ်။ ဒီလိုနဲ့ ဒုတိယပိုင်းပြီးဖို့ ဆယ်မိနစ်သာ လိုပါတော့တယ်။ ဒီအချိန်မှာ အုတ်ဆယ်ရွာက ပြစ်ဒဏ်ဘောကန်ရမှာမို့ အုတ်ဆယ်ရွာအသင်း ခေါင်းဆောင် မောင်ညီက ဘောလုံးကို တည်တာ ရှေ့ရောက်တယ်ဆိုပြီး၊ အုတ်လှရွာ ဘောလုံးသမား အေးသိန်းက ဘောလုံးကို ဝင်လုပြီး နောက်ဆုတ်ခိုင်းပါတယ်။ ဒါကို မောင်ညီက အေးသိန်း ရင်ဘတ်ကို တွန်းလိုက်ပါတယ်။ ကွင်းလယ်ဒိုင်က ပြေးလာပြီး အေးသိန်း လက်ထဲက ဘောလုံးကို အယူမှာ ဘောင်းဘီအိတ်ထဲ ထည့်ထားတဲ့ အဝါကတ်ပြားက ထွက်ကျသွားပါတယ်။

အဲဒီအဝါကတ်ပြား ထွက်ကျသွားတာကို မြင်လိုက်ရတဲ့ အုတ်လှရွာသား အသင်းခေါင်းဆောင် ထွန်းရီက မြင်သွားပြီးတော့ ပြေးပြီး အဝါကတ်ပြားကို ကောက်ယူလိုက်ပြီး နောက်သလို ပြောင်သလိုနဲ့ ကွင်းလယ်ဒိုင်လူကြီးကို အဝါကတ် ထောင်ပြပြီး ပေးလိုက်ပါတယ်။

အဲဒီမြင်ကွင်းကို မြင်ရတဲ့ ဘောလုံးပွဲကြည့် ပရိသတ်တွေ ရယ်ကြတာ တစ်ကွင်းလုံးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကိုင်ထားတဲ့ ကွင်းလယ်ဒိုင်လူကြီးလည်း အံ့အားသင့် ရှက်သွားရင်းက ဘောင်းဘီအိတ်ကပ်ထဲက အနီကတ်ပြားကို ဆွဲထုတ်ပြီး ထွန်းရီကို အနီကတ်ပြလိုက်ပါတယ်။

အုတ်လှအသင်းခေါင်းဆောင် ထွန်းရီက ဒိုင်လူကြီးကို ဒေါသတကြီး ပြောဆိုရင်းက ကွင်းထဲကနေ ထွက်သွားပါတယ်။

ဘောလုံးပွဲအပြီးမှာတော့ အုတ်ဆယ်ရွာအသင်းက အုတ်လှအသင်းကို နိုင်ပြီး လေးနှစ်ဆက်တိုက် ချန်ပီယံဆုကို ရရှိသွားပါတယ်။

အုတ်လှရွာ ဘောလုံးအသင်းနဲ့ ရွာသားတွေကတော့ မကျေမနပ်နဲ့ ဒိုင်လူကြီးရဲ့ လုပ်ရပ်ကို ပွဲပြီးတဲ့အထိ ပြောမဆုံးပါပဲ။

( ၃ )

အကျေနပ်ကြီး ကျေနပ်နေသူ တစ်ဦးကတော့ အုတ်ဆယ်ရွာသူကြီး ဦးဘငွေပါပဲ။

ဘာဖြစ်လို့လဲဆို လေးနှစ်ဆက် ချန်ပီယံအဖြစ် သူ့ရွာက မှတ်တမ်းဝင်ခဲ့သလို ယှဉ်ပြိုင်သွားခဲ့တဲ့ ဘောလုံးဗိုလ်လုပွဲမှာ ကွင်းလယ်ဒိုင် လုပ်တဲ့သူက အုတ်ဆယ်ရွာ ဘောလုံးအသင်း crazy ဖြစ်တယ်ဆိုတာ ကျန်တဲ့သူတွေ မသိဘဲ သူက သိနေလို့ပဲ ဖြစ်ပါတော့တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# သူတို့အနာဂတ ရှင်နိုင်တဲ့လား



( ၁ )

သခွပ်ပင်ချောင်ရွာကလေး၏ တစ်ကျောင်းတည်းသာ ရှိသော ဘုန်းကြီးကျောင်းဝင်းရှေ့ မြေကွက်လပ်တွင် ဘုန်းကြီးကျောင်းသားလေးများ ဆော့ကစားနေသည့် အသံတွေက ဆူညံလို့နေသည်။ မြန်မာနိုင်ငံ၏ အစွန်အဖျား ဒေသတွင် တည်ရှိသဖြင့် မြို့နှင့်ကလည်း အလှမ်းဝေးလှသဖြင့် ဘုန်းကြီးကျောင်းသားကလေးများ ဆော့ကစားနေသည့် ဘောလုံး ဆိုသော အရာမှာ ဒိတ်စများကို လုံးပြီး ဘောလုံးသဖွယ် ကစားနေကြခြင်း ဖြစ်သည်။

"ရော်နယ်ဒိုသာဂိ… မင်းချည်းပဲ ဘောလုံးကို မကန်နဲ့လေ၊ ငါတို့ကိုလည်း ပေးဆော့ဦး"

နှပ်ချေး ထူလပျစ်နှင့် ပေစီဆိုသော ဘုန်းကြီးကျောင်းသားလေးက မကျေမနပ်နှင့် လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှန်းနီပေစိ… ငါက တိုက်စစ်မှူးလေကွာ၊ ဒါကြောင့် ငါက ဂိုးသွင်း မှာဆိုတော့ ငါက ပိုကန်ရမှာပေါ့"

"မရဘူး သာဂိ၊ မင်းချည်းပဲ ဆော့လို့မရဘူး၊ ကျန်တဲ့လူတွေလည်း ပေးဆော့"

"မပေးဆော့ဘူးကွာ"

"ပေးမဆော့ရင် ထိုးတယ်ကွာ"

"ခွပ်"

"မင်းက ဒီလိုလား ရတယ်"

စောစောတုန်းက အိုးထရက်ဖို့ဒ် ဘောလုံးကွင်းကဲ့သို့ ဖြစ်နေသည့် မြေပြင်မှာ ယခုအခါမှာတော့ သာဂိနှင့် ပေစိ နှစ်ယောက်သား နပန်းလုံး သဖြင့် အီရတ် စစ်မြေပြင်သဖွယ် ဖြစ်သွားပါသည်။

"ချယော့… ဒီနှစ်ကောင် ဘယ်သူ နိုင်မလဲ၊ လောင်းမယ်၊ ဆွမ်းဟင်း တစ်ခွက်ကြေး"

"ရတယ်… ပေစိဘက်က ရှိတယ်"

"ငါတို့က သာဂိဘက်ကဟော့"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းအုံကြည့်နေသော ဘုန်းကြီးကျောင်းသား အချို့နှင့် ကိုရင်ငယ်လေးတွေက လောင်းကြေးထပ်သလိုမျိုး တစ်ဦးနှင့် တစ်ဦး အပြိုင် အော်ဟစ်နေကြသည်။

"ကျောင်းသားတွေ ရပ်စမ်း၊ ဘာဖြစ်နေတာလဲ"

ဘုန်းကြီးကျောင်းပေါ်ကနေ တိုက်အုပ်ဆရာတော်က ဆင်းလာပြီး ပွဲဖြစ်နေသော နေရာသို့ ရောက်လာသည်။

"သြော်... သာဂိနဲ့ ပေစိ ရန်ဖြစ်နေတာကို ကျန်တဲ့သူတွေက ဖျန်ဖြေတဲ့အပြင် အားပေးအားမြှောက် လုပ်နေတာပဲ၊ အားလုံး ဘုန်းကြီးအကြောင်း သိရမယ်၊ ဆော့တာ ကောင်းကောင်းဆော့တာ မဟုတ်ဘူး၊ အားလုံး ကြိမ်လုံးစာ ကျွေးပစ်မယ်၊ တန်းစီ"

တိုက်အုပ်ဆရာတော်က ကျောင်းပေါ် ပြန်ကြွသွားပြီး ကြိမ်လုံးယူကာ တန်းစီနေသော ဘုန်းကြီးကျောင်းသားလေးများ ရှိရာသို့ ပြန်ရောက်လာသည်။

"ဘုန်းကြီးကျောင်းသား အချင်းချင်း ကောင်းကောင်းမဆော့ချင်တဲ့သူတွေ လာ၊ တစ်ယောက်ချင်း ငါ့ရှေ့ကို"

တိုက်အုပ်ဆရာတော် ရှေ့သို့ ကြောက်ရွံ့သည့် ခြေလှမ်းတွေနှင့် ကျောင်းသားတစ်ယောက်ချင်းစီ မဝံ့မရဲ လှမ်းနေကြသည်။

"ကဲ... သာဂိ၊ ဟိုဘက်လှည့်"

"ရှမ်း"

"အား... ကြောက်ပါပြီ"

"ရှမ်း"

"ကြောက်ပါပြီ၊ နောက် ရန်မဖြစ်တော့ပါဘူး"

ကြိမ်လုံးသံများ အဆက်မပြတ် ထွက်ပေါ်ပြီးနောက် တိုက်အုပ်ဆရာတော်က ကျောင်းပေါ် ပြန်ကြွသွားသည်။ ထို့နောက် ကြိမ်စာ ကျွေးခံရသည့် ဘုန်းကြီးကျောင်းသားလေးများခမျာ ယခုမှ ဆိမ်းချုပ်ထားရတာတွေ ပွင့်အန်ထွက်ကွဲထွက်သည့်အလား တင်ပါးတွေကို လက်တွေနှင့် ကိုယ်စီ ပွတ်ရင်းမျက်နှာ ရှုံ့မဲ့ကာ အော်နေကြသည်မှာ စောစောတုန်းက ဘောလုံးကန်စဉ်ပြင်းထွင်းနှင့် တခြားစီပင် ဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

တကယ်တော့ ဤဘုန်းကြီးကျောင်းမှ ကျောင်းသားလေးများသည် မည်သူတစ်ဦး တစ်ယောက်မျှ သူတို့ ပြောဆိုပြီး အော်ဟစ်နေသော ဘောလုံးသမားများ ဘောလုံးကန်တာ တီဗီဖန်သားပြင်ကနေ ကြည့်ဖူးသူ တစ်ယောက်မျှ မရှိ။ ဘုန်းကြီးကျောင်းမှ ကိုရင် ရှင်ပဏ္ဍိတ ရွာထဲ ဆွမ်းခံသွားရင်း ဆွမ်းခံသည့် အိမ်များထဲမှ အားကစားဂျာနယ် ဝယ်ဖတ်သော အိမ်တစ်အိမ်မှ ဂျာနယ်ဟောင်းများကို တစ်ခါတလေ ယူလာတတ်သည်။ ဂျာနယ်ဟောင်း ပေးသည့် အိမ်ရှင် ကိုတေက ဘောလုံးပွဲများနှင့် ပတ်သက်ပြီး တစ်စွန်းတစ်စ ပြောတာကို မှတ်ထားကာ ဘုန်းကြီးကျောင်း ရောက်သည့်အခါ ဂျာနယ်တစ်စောင်ကို ရှေ့ချပြီး ဂျာနယ်ထဲမှာ ပါရှိသော ဘောလုံးသမား ဓာတ်ပုံများကို လက်ညှိုးထိုးပြီး နာမည်တွေ ရှင်းပြ၊ ဘယ်အသင်းမှာ ကစားတာ စသဖြင့် သိသလောက် မှတ်သလောက် ရှင်းပြသည်။ ကိုရင်ပဏ္ဍိတ၏ ရှင်းပြချက်ကို နားထောင်နေသည့် ဘုန်းကြီးကျောင်းသားလေးတွေက သူတို့မျက်စိထဲမှာ စိတ်ကူးနှင့် မှန်းပြီး အကျေနပ်ကြီး ကျေနပ်လို့နေရင်းက မကြာခဏဆိုသလို ကြားရဖန်များလာပြီး သူတို့ ပါးစပ်တွေထဲမှာ ဘောလုံးသမား နာမည်တွေက စွဲထင်လို့နေတော့သည်။

ယခုလည်း ကိုရင်ပဏ္ဍိတ မနက်တုန်းက ဆွမ်းခံပြန်လာရင်း ဂျာနယ်တစ်စောင် ယူလာခဲ့သည်။ နေ့လယ်ခင်း ကျောင်းရှေ့က သစ်ပင်ကြီး အောက်မှာ ဂျာနယ်ကို ဖြန့်ရင်း သူ ကြားသိလာခဲ့သော အကြောင်းအရာများကို ရှင်းပြဖို့ ဘုန်းကြီးကျောင်းသားလေးများကို သူ့ဘေးနားမှာ ဝိုင်းထိုင်ခိုင်းပြီး သူက ဂျာနယ်စာမျက်နှာ အတွင်းပိုင်းအား လှန်လိုက်သည်။

"အခု တောင်အာဖရိကမှာ ကျင်းပနေတဲ့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲက နာမည်ကြီးအသင်းတွေ ဂိုးသိပ်မသွင်းနိုင်ဘူးလို့ ဒီဂျာနယ်ထဲမှာ ရေးထားတယ်၊ ဒါပေမဲ့ အင်္ဂလန်အသင်းက ရွန်နီ ဂိုးမသွင်းနိုင်ပေမယ့် ရှုံးထွက်ပွဲကို တက်သွားတယ်။

ကိုရင်ပဏ္ဍိတက ဂျာနယ်ထဲမှ ရွန်နီ၏ ဓာတ်ပုံကို လက်ညှိုးထိုးပြရင်း ရှင်းပြနေတာ ဘုန်းကြီးကျောင်းသားကလေးတွေက ဘာစကားသံမှ မပြောဘဲ ကိုရင်ပဏ္ဍိတ ဆက်လက်ပြောကြားမည့် စကားသံကိုသာ နားစွင့်

www.burmeseclassic.com



နေကြသည်။ ထိုအထဲမှာ သာဂိနှင့် ပေစိက ဂျာနယ်ထဲမှ ရွှန်နီ၏ ဓာတ်ပုံကို သာ မျက်တောင်မခတ်တမ်း ကြည့်လို့နေသည်။

"ရွှန်နီတို့ အသင်းက ဘာနဲ့ တွေ့မှာလဲ ကိုရင်ရဲ့"

"သာဂိကလည်း... ဂျာမနီနဲ့ တွေ့မှာ"

"အဲဒီပွဲကို ကြည့်ချင်လိုက်တာ ကိုရင်ရာ၊ ခက်တာက ဘုန်းကြီး ကျောင်းမှာ တီဗွီကလည်း မရှိဘူး၊ ရွာထဲမှာ သွားကြည့်ရင် ဆရာတော်က ဆူမှာ၊ အင်္ဂလန်အသင်းတော့ ကြည့်ဖူးချင်တယ်၊ ကိုရင်ပဏ္ဍိတ ပြောတာချည်း ဲ နားထောင်နေရတာ၊ အဲဒီလူတွေ မျက်ဝါးထင်ထင် ကန်တာ သိပ်ကြည့်ချင် လိုက်တာ"

သာဂိက ကိုရင်ပဏ္ဍိတကို ပြောရင်းမှ ဂျာနယ်ထဲမှာ ရွှန်နီ၏ ဘောလုံး ကန်နေသည့်ပုံကို ဝမ်းနည်းသည့် အမူအရာမျိုးဖြင့် ကြည့်လိုက်ပြီး-

"ကိုရင်ပဏ္ဍိတ... အဲဒီရွှန်နီ ပါတဲ့ ဂျာနယ်စာရွက်ကလေး ကျွန်တော့် ကို ပေး၊ ကျွန်တော် အိပ်တဲ့ ခေါင်းရင်းက ထရံမှာ ကပ်ထားချင်လို့"

"ရပါတယ်ကွာ... ရော့ ယူ"

ကိုရင်ပဏ္ဍိတက ဂျာနယ်စာရွက်ကို ဆွဲယူလိုက်ပြီး သာဂိအား ပေးလိုက်သည်။ သာဂိက ဝမ်းသာအားရဖြင့် ရွှန်နီ ပါသော ဂျာနယ်စာရွက် ကို ယူပြီး ပြေးထွက်သွားတာကို ကြည့်ပြီး ကိုရင်ပဏ္ဍိတက အကျေနပ်ကြီး ကျေနပ်လို့ နေနေပါတော့သည်။

( ၃ )

သည်နေ့ ဘုန်းကြီးကျောင်းသားလေးတွေသာမက ကိုရင်ပဏ္ဍိတ အပါအဝင် ကိုရင် တော်တော်များများ မရိုးမရွ ဖြစ်နေကြသည်။ ကိုရင်ပဏ္ဍိတ ာ လက်ထဲမှာ ဂျာနယ်ကို ကိုင်ထားရင်း သက်ပြင်းတွေ အခါခါချလို့နေသည်။

"ဘယ်လိုလုပ်မလဲ ကိုရင်ပဏ္ဍိတရယ်၊ ကိုရင်ပဏ္ဍိတ ပြောသလိုဆို ဒီည တောင်အာဖရိကမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲကြီး ရှုံးထွက် ပြိုင်ပွဲမှာ အင်္ဂလန်နဲ့ ဂျာမနီ ကန်မှာတဲ့၊ ကြည့်ချင်လိုက်တာဗျာ"

ဘုန်းကြီးကျောင်းသား သာဂိက တစ်စုံတစ်ခုကို လက်လွှတ်ဆုံးရှုံး ရသလိုမျိုး ပုံစံနှင့် မချိတင်ကဲ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွာ… ကိုရင်ပဏ္ဍိတ ပြောတဲ့ ရွှန်နီတို့၊ ဂျူရတ်တို့ ဘောလုံးကန်တာ တစ်ခါဖူးမှ မကြည့်ဖူးတော့ သိပ်ကြည့်ချင်တာပဲ၊ သူတို့ရဲ့ ပုံတွေကို ဂျာနယ်ထဲမှာပဲ မြင်ရတော့ တီဗွီမှာ သူတို့ ကန်တာ မြင်ဖူးချင်လိုက်တာ"

ဘုန်းကြီးကျောင်းသား ပေစီ စကားအဆုံး ကိုရင်ပဏ္ဍိတက-

"ငါလည်း ဒီည တီဗွီက ပြမယ်ဆိုတာ ဆွမ်းသွားခံတဲ့ အိမ်က ပြောလို့ သိရတာ၊ ရွာထဲ သွားကြည့်ဖို့ ဆရာတော်က ခွင့်ပြုမှာ မဟုတ်ဘူး"

ကိုရင်ပဏ္ဍိတက သက်ပြင်းတွေ မှုတ်ထုတ်လိုက်ပြီး ဂျာနယ်တစ်စောင် ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တာ ဂျာနယ်မျက်နှာဖုံးမှ ဘောလုံးသမား ရွှန်းနီ၏ ပုံမှာ မဲ့ရွဲ့သလိုမျိုး ဖြစ်နေပါသည်။

"ကိုရင်ပဏ္ဍိတ… ကျွန်တော် စဉ်းစားမိတာ တစ်ခု ရှိတယ်၊ အဲဒါ က တိုက်အုပ်ဆရာတော်ကတစ်ဆင့် ကျောင်းထိုင်ဆရာတော်ကို လျှောက်ပေး ဖို့ပဲ"

"ဘာများတုံး သာဂိရဲ့"

"ဒီလိုလေ… ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားတွေ စုထားတဲ့ ပိုက်ဆံလေးတွေ ရှိတယ်၊ တစ်ယောက်ကို ငွေ လေးရာစီ စိုက်ပြီး ရွာစွန်က မာမွတ်ဆီက တီဗွီ ငှားပြီး ဒီဘုန်းကြီးကျောင်းမှာ ပြမယ်လို့၊ ခွင့်ပြုပါလို့"

သာဂိ စကားကြောင့် ကိုရင်ပဏ္ဍိတ တွေဝေသွားပါသည်။ သို့သော် ကျန်သည့် ဘုန်းကြီးကျောင်းသားတွေနှင့် ကိုရင်လေးတွေကတော့ သာဂိ၏ အစီအစဉ်ကို ထောက်ခံလို့နေပါသည်။

"ဟုတ်ပါတယ် ကိုရင်ပဏ္ဍိတရယ်၊ တိုက်အုပ်ဆရာတော်ကို လျှောက် မှာသာ လျှောက်ပေးပါ"

ကျန်သည့် ကိုရင်တွေကပါ ဝိုင်းဝန်းတိုက်တွန်းသဖြင့် ကိုရင်ပဏ္ဍိတ ခမျာ ခေါင်းကို လက်နှင့် ကုတ်လို့သာနေပါသည်။ နောက်ဆုံးတော့-

"ဒီလိုဆိုလည်း အားလုံး လာ၊ တိုက်အုပ်ဆရာတော်ကို သွားလျှောက် မယ်"

"ဟေး…"

အားလုံး တညီတညွတ်တည်း တိုက်အုပ်ဆရာတော် သီတင်းသုံး သည့် ကျောင်းဆောင်သို့ ပြေးသွားလိုက်ကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

"မင်းတို့တွေက ဘောလုံးပွဲ ကြည့်ချင်လို့ စိတ်အားထက်သန်တာက ပြဿနာတော့ မဟုတ်ဘူး၊ တစ်ခါဖူးမှ မကြည့်ဖူးတော့ ကြည့်ချင်မှာပဲ၊ ခက်တာက ဆရာတော်ကြီးက ခွင့်ပြုပါ့မလား"

တိုက်အုပ်ဆရာတော်က ဘုန်းကြီးကျောင်းသားလေးများနှင့် ကိုရင်ငယ်များကို ကြည့်ပြီး မှတ်ချက်စကား ဆိုပါသည်။

"တတ်နိုင်ဘူးလေ... ပြောတော့ ပြောကြည့်ပေးမယ်"

တိုက်အုပ်ဆရာတော် ယခုလို သဘောကောင်းတာမျိုးကို ကိုရင်လေးများနှင့် ကျောင်းသားလေးများက တစ်ခါဖူးမှ မကြုံဖူးသဖြင့် ဝမ်းသာနေကြသည်။

"ဘုန်းကြီးကျောင်းနဲ့ ဘောလုံးပွဲနဲ့က မအပ်စပ်ဘူး ထင်တယ်၊ ဒါနဲ့ ကမ္ဘာ့ဖလားဆိုတာ ဘာတုံးကွဲ့"

တိုက်အုပ်ဆရာတော်က ကျောင်းထိုင်ဆရာတော်ကို အကျိုးအကြောင်း လျှောက်သည့်အခါ ကျောင်းထိုင်ဆရာတော်ကပြန်မေးခြင်း ဖြစ်သည်။ တိုက်အုပ်ဆရာတော်လည်း ဘာမှန်း ရေရေရာရာ မသိသဖြင့် မည်ကဲ့သို့ ဖြေဆို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တင်ရမှန်း မသိ ဖြစ်သွားပါသည်။ ထိုအချိန်မှာ ကိုရင်ပဏ္ဍိတက သွက်သွက်လက်လက်ဖြင့်-

"ဒီလိုပါ ဆရာတော်ဘုရား၊ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ နိုင်ငံတွေက ပြိုင်ရတယ်၊ ခြေစစ်ပွဲအောင်တဲ့ အသင်းတွေက နောက်ဆုံးအဆင့်မှာ ဖလားကြီးကို လုရတယ်၊ ပထမ ရတဲ့သူက ဖလားကြီးကို ရတာ၊ လေးနှစ် တစ်ကြိမ် လုရတာ"

"ဟေ... လေးနှစ် တစ်ကြိမ်မှ လုရအောင် ဖလားက ဘယ်လို ဖလားတုံးကွဲ့၊ တို့ကျောင်းက ငွေဖလားကြီးလောက် ရှိလို့လား"

ကျောင်းထိုင်ဆရာတော်က အံ့အားတသင့်ဖြင့် ပြန်မေးသည့်အခါ ကိုရင်ပဏ္ဍိတက ရယ်မောရင်းမှ-

"ဖလားတော့ မဟုတ်ဘူး၊ ကိုရင် ဂျာနယ်ထဲမှာ မြင်ဖူးတာက ဘောလုံးလို ရှိတဲ့ ဟာကြီးကို လက်က ကိုင်ထားတာ၊ ရွှေတုံးကြီး ဘုရား"

"ဟေ... ရွှေတုံးကြီးလား၊ ဒါဆို တန်ဖိုးကြီးမှာပေါ့၊ ကိုရင် ပြောတဲ့ အရဆိုရင် ဘုန်းကြီးတောင် စိတ်ဝင်စားလာပြီ၊ ဒါနဲ့ ဒီညက ဘယ်သူနဲ့ ဘယ်သူလဲ"

"ဒီည ဂျာမနီနဲ့ အင်္ဂလန်တဲ့၊ ရှုံးထွက် ကန်မှာ ဘုရား"

"ဒါဆို ဒီလိုလုပ်၊ ဘုန်းကြီးကျောင်း အောက်ထပ်က ဆွမ်းစားဆောင်မှာ ပြကွာ၊ ဘုန်းကြီးလည်း မကြည့်ဖူးတော့ ဗဟုသုတရတာပေါ့၊ တီဗွီဗ္ဒကို တော့ တိုက်အုပ်ဆရာတော်က ကပ္ပိယကြီးဆီက တောင်းပေးလိုက်"

"ဟေး... ဒါမှ တို့ဘုန်းဘုန်း"

ကျောင်းထိုင်ဆရာတော် စကားအဆုံး ကိုရင်ပဏ္ဍိတ အပါအဝင် ဘုန်းကြီးကျောင်းသားလေးများ၊ ကိုရင်လေးတွေပါ ဝမ်းသာအားရ ထခုန်လိုက်ကြပါသည်။

ထိုအထဲမှာ အပျော်ဆုံးကတော့ ကိုရင်ပဏ္ဍိတ၊ ပေစိနှင့် သာဂိတို့ပင် ဖြစ်ပါတော့သည်။

( ၅ )

"ကိုရင်တို့ တီဗွီကို သတိထားပြီး ဖွင့်ပါ၊ ခလုတ်တွေ မှားနှိပ်ရင် ပျက်တတ်တယ်၊ အင်တိန်နာ တပ်ဖို့ လူတစ်ယောက် ပြည့်ပေးလိုက်မယ်

www.burmeseclassic.com

www.burmeseclassic.com



သူက လိုင်းဖမ်းဖို့ ပြပေးလိမ့်မယ်၊ ပြီးရင် သူ့ကို ပြန်လွှတ်ပါ၊ မာမွတ်တို့နားနဲ့ ညစ်နိုင်းရမှာမို့လို့"

ဘုန်းကြီးကျောင်းမှ ထင်းတင်သော လှည်းပေါ်သို့ တီဗွီပုံးကြီးကို ဘုန်းကြီးကျောင်းသားလေးများက ဝိုင်းတင်အပြီး တီဗွီပိုင်ရှင် မာမွတ်က ကိုရင်ပဏ္ဍိတအား မှာစရာရှိတာများကို မှာနေပါသည်။

"ဟေး ဟေး..."

ကိုရင်လေးနှင့် ကျောင်းသားလေးများက တီဗွီတင်ထားသော လှည်းကို အတင်းတွန်းနေကြသဖြင့် ကိုရင်ပဏ္ဍိတက-

"ဟေ့... အရမ်းမတွန်းနဲ့၊ တီဗွီ ကွဲသွားရင် လျော်နေရမယ်၊ ပေစိနဲ့သာဂိ တီဗွီအင်တိန်နာကို သေသေချာချာ ကိုင်"

လက်ထဲမှာ အားကစားဂျာနယ် ကိုင်ထားသော ကိုရင်ပဏ္ဍိတက ဘေးနားကနေ လိုက်ပါ ညွှန်ကြား ပြောဆိုရင်း တီဗွီကို တင်ပြီး တွန်းလာသော လှည်းက ဘုန်းကြီးကျောင်းဝင်းထဲ ရောက်လာပါသည်။

"တီဗွီကို သေသေချာချာ မ,လာခဲ့ဟေ့"

တိုက်အုပ်ဆရာတော်က ဆွမ်းစားဆောင်ထဲ တီဗွီ မ,ယူလာသော ဘုန်းကြီးကျောင်းသားလေးများနှင့် ကိုရင်အချို့ကို သတိပေးစကား ဆိုနေပါသည်။ တီဗွီကို စားပွဲခုံပေါ် တင်ပြီးသောအခါမှာတော့ ဆွမ်းစားဆောင်ထဲမှာ ဘုန်းကြီးကျောင်းသားလေးများက ဖျာခင်းပြီး နေရာဦးနေကြပါတော့သည်။

"ဒီညတော့ ကြဲဖတ်တို့၊ ဂျူလက်တို့၊ ရွှန်းနေတို့ကို ကြည့်ရပြီဟေ့"

ဘုန်းကြီးကျောင်းသားတစ်ဦးက သူ သိပ်ကြည့်ချင်သည့် ဘောလုံးပွဲကို တွေးရင်း ကျေကျေနပ်နပ်ကြီး ပြောလိုက်တာကို ပေစိက မျက်နှာရှုံ့မဲ့လိုက်ရင်းမှ-

"ဘယ်ကသာ ကြဲဖတ်ရမှာလဲ၊ လမ်းပတ်၊ ဂျူရက်၊ ရွှန်နီကွ.... ကဲ... မှောင်ခင် တီဗွီအင်တိန်နာ တက်ထောင်ရမယ်၊ ပါလာတဲ့သူကို လုပ်နိုင်းလိုက်၊ ကိုရင်ပဏ္ဍိတ ပါလာတဲ့သူကို လုပ်နိုင်းဖို့ ကိုရင်ပဏ္ဍိတကို ပြောရဦးမယ်"

ပေစိက ကိုရင်ပဏ္ဍိတကို အကျိုးအကြောင်း သွားပြောပြီးသည့်အခါ သာဂိက ကျောင်းခေါင်မိုးနားက တိုင်မှာ အောက်က လှမ်းပေးသော တီဗွီအင်တင်နာကို တက်ချိတ်ပါသည်။ ထိုအချိန်မှာ ဘုန်းကြီးကျောင်းသားလေး

www.burmeseclassic.com

www.burmeseclassic.com



ဈေးနှင့် ကိုရင်လေးအချို့က တီဗွီကို လှည့်ပတ်ပြီး ထူးဆန်းသလိုမျိုး တစ်ယောက်ပြီး တစ်ယောက် ကြည့်နေကြလို့ ကိုရင်ပဏ္ဍိတက အနားမကပ်ဖို့ သတိပေးနေရပါသည်။ တီဗွီအင်တင်နာ တပ်ဆင်ပြီးသောအခါ တီဗွီ ငှားလိုက်သောမာမွတ်ထံမှ လူက တီဗွီကို မည်သို့မည်ပုံ ဖွင့်ရပုံအား ကိုရင်ပဏ္ဍိတအား ရှင်းပြပြီး ပြန်သွားပါသည်။

ကိုရင်ပဏ္ဍိတက နည်းနည်းမှောင်စပျိုးလာသည့်အခါ စောစောတုန်းက ညွှန်ကြားပြသပေးသွားသည့် ရီမုကွန်ထရိုးခလုတ်ကို နှိပ်ပြီး တီဗွီလိုင်းတွေ တစ်လိုင်းပြီး တစ်လိုင်း ဖမ်းတာကြည့်ပြီး အော်ဟစ်ရင်း ခုန်သူက ခုန်၊ ဆော့သူက ဆော့နှင့် ဆွမ်းစားကျောင်းဆောင်ထဲမှာ တကယ့်ပွဲတော်ကြီးလေအလား ဖြစ်နေပါတော့သည်။

( ၆ )

ည ၈ နာရီသတင်း လာနေသည့်အခါ တီဗွီကို ကြည့်နေသောဘုန်းကြီးကျောင်းသားလေးများ၊ ကိုရင်ငယ်လေးများနှင့်အတူ ရှင်ပဏ္ဍိတ၊ ပေစိနှင့် သာဂိတို့မှာ မနေနိုင်တော့ပါ။ သူတို့ သိပ်ကြည့်ချင်သော ဘောလုံးပွဲမြန်မြန်လာပါစေဟု ဆုတောင်းနေမိပါသည်။

ထိုအချိန်မှာပဲ ကျောင်းထိုင်ဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့ပါ တီဗွီ ပြသနေသော နေရာသို့ ကြွလာပါသည်။

"ဘောလုံးပွဲ မလာသေးဘူးလား၊ ဘယ်အသင်းက ဘာလဲဆိုတာ ဘုန်းကြီးကို ပြောဦးနော်"

"စိတ်ချ ဘုန်းဘုန်း၊ ကိုရင်က ဂျာနယ်ထဲမှာ ပုံတွေ မြင်ဖူးတယ်၊ ဘယ်အသင်းက အင်္ဂလန်အသင်းဆိုတာ ပြောပြမယ်"

ကိုရင်ပဏ္ဍိတက ကျောင်းထိုင်ဆရာတော် အမေးကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်ဖြေပါသည်။

အချိန်က တဖြည်းဖြည်းနှင့် ည ၈ နာရီခွဲသို့ ရောက်လာသည့်အခါ ဘောလုံးပွဲကို စတင်ပြသပါတော့သည်။

"အဲဒါ ရွန်နီ… အဲဒါ လမ်းပတ်၊ အဲဒါ ဂျရတ်၊ ဒီအသင်းအနီဝတ်ထားအင်္ဂလန်"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ပဏ္ဍိတက တီဗွီဖန်သားပြင်မှာ မြင်နေရသော ဘောလုံးသမား တွေကို ကြည့်ပြီး ပြောပြနေပါသည်။ ဆွမ်းစားဆောင်ထဲမှာ ရှိနေသူတွေ အားလုံးက ဘောလုံးပွဲကို တီဗွီမှ တစ်ခါဖူးမျှ မကြည့်ဖူးသဖြင့် အံ့အားတသင့် အားပေးရင်း အပျော်ကြီး ပျော်နေပါသည်။

ဘောလုံးပွဲက စသည်နှင့် ဂျာမနီအသင်းက တရစပ် တိုက်စစ်ဆင် တာ အင်္ဂလန်အသင်း တောင့်မခံနိုင်ပါ။ ကိုရင်ပဏ္ဍိတ၊ ပေစီနှင့် သာဂိတို့ မျှော်လင့်ထားသော ရှန်နီ၊ ဂျရတ်၊ လမ်းပတ်နှင့် အခြားသော အင်္ဂလန် ဘောလုံးအသင်းသားများမှာ လုံးဝခြေစွမ်းပြနိုင်ခြင်း မရှိတာကို မြင်တွေ့နေရပါ သည်။

"ဂိုး..."

မထင်မှတ်ဘဲ ဂျာမနီအသင်းက အင်္ဂလန်အသင်းကို ဂိုးသွင်းလိုက် သည့်အခါ ကိုရင်ပဏ္ဍိတ၊ ပေစီနှင့် သာဂိ အပါအဝင် အင်္ဂလန်အသင်းကို အားပေးသူတွေ ဘာသံမှ ထွက်မလာပါ။ တိုက်အုပ်ဆရာတော်နှင့် ကျောင်းထိုင် ဆရာတော်တို့ကတော့ ဘာစကားသံမျှ မဟာဘဲ ဘောလုံးပွဲကိုသာ ဆက်ကြည့် နေပါသည်။

"ဂိုး... အင်္ဂလန် ဂိုးသွင်းပြီ"

ဘောလုံးပွဲရှိန် တက်ချိန်မှာ အင်္ဂလန်က ဂိုးသွင်းလိုက်သဖြင့် ထခုန်သူ ခုန်နှင့် ဖြစ်ကုန်ပါသည်။ ထိုစဉ်...

"ဟာ... မီးပျက်သွားပြီ"

ဆွမ်းစားဆောင်တစ်ခုလုံး ဝမ်းနည်း ယူကျုံးမရသည့် အသံမျိုးတွေက တစ်ယောက် တစ်ပေါက် ထွက်လာပါသည်။

"မီးထွန်းဖို့ ဖယောင်းတိုင် ရှာပေါ့၊ မီးပြန်လာမှ ပြန်ကြည့်ကြ"

တိုက်အုပ်ဆရာတော်က အမိန့်ပေးလိုက်သဖြင့် ဖယောင်းတိုင် သွား ရှာသူက ရှာပြီး တီဗွီဘေးနားမှာ မီးထွန်းပါသည်။ အားလုံးက အမှောင်ထဲမှာ မီးလာကို ထိုင်စောင့်နေပါသည်။

"မင်းတို့ ဘောလုံးပွဲကလည်းကွာ၊ ဟိုပြေးလိုက် ဒီပြေးလိုက်နဲ့ ဘာမှ မဟုတ်ပါဘူး၊ အရေးထဲ နဲ့သံတွေကလည်း ပုစဉ်းရင်ကွဲတွေအော်တာ ကြားနေတာပဲ၊ နားညည်းတယ်၊ တော်ပြီ... တရားပဲ ပြန်မှတ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ေက်ာင္းထိုင္ဆရာေတာ္က ထိုသို႔ ေဝဖန္ မွတ္ခ်က္စကား ေျပာရင္း ဆြမ္းစားေဆာင္ထဲကေန ျပန္ၾကြသြားပါသည္။ က်န္သည့္သူေတြကေတာ့ ဖေယာင္းတိုင္ ထြန္းထားေသာ ဆြမ္းစားေက်ာင္းေဆာင္ထဲမွာ မီးအလာကို ေစာင့္ရင္း ေဘာလုံးပြဲေတာ့ ၿပီးေတာ့မွာပဲ... ၿပီးေတာ့မွာပဲ... ဆိုၿပီး စိတ္ထဲက ေတြးလို႔ေနၾကပါသည္။

"ေဟး... မီးျပန္လာၿပီ၊ မီးျပန္လာၿပီ၊ တီဗြီ ျပန္ဖြင့္ပါ"

ဆြမ္းစားေဆာင္ထဲ မီးျပန္လင္းလာသျဖင့္ ဝမ္းသာအားရ ေအာ္ဟစ္ရင္း တီဗြီကို ဖြင့္လိုက္ေသာအခါ အဂၤလန္အသင္းသားမ်ား မ်က္စိမ်က္ႏွာတစ္ေယာက္မွ မေကာင္းဘဲ ေဘာလုံးကို ကစားခ်င္သလို မကစားခ်င္သလိုမ်ိဳး ျဖစ္ေနတာ ေတြ႔ပါသည္။

"ဂိုး"

"ဟာ... အဂၤလန္ ဂိုးသြင္းခံရျပန္ၿပီ"

ဂ်ာမနီက ထပ္မံၿပီး အဂၤလန္ကို ဂိုးသြင္းသြားၿပီး၊ ဂ်ာမနီအသင္းသားမ်ား ေအာင္ပြဲခံေနတာကို ၾကည့္ၿပီး ကိုရင္ပဏၰိတ၊ ေပစိနွင့္ သာဂိတို႔အား မေက်မနပ္ ေရရြတ္ေနရင္းမွ တီဗြီမွ ဂိုးအေရအတြက္ကို ျပေသာအခါ အဂၤလန္အသင္းက ေလးဂိုး၊ တစ္ဂိုးနွင့္ ရႈံးေနပါသည္။ ေနာက္ဆုံးေတာ့ ေဘာလုံးပြဲအၿပီးမွာ အဂၤလန္အသင္းက ရႈံးနိမ့္သြားၿပီး ၿပိဳင္ပြဲက ထြက္သြားရပါသည္။

တစ္ခါဖူးမွ ေဘာလုံးပြဲကို မၾကည့္ဖူးဘဲ ၾကည့္လိုက္ရေသာ ေဘာလုံးပြဲမွာပင္ မိမိတို႔ အားေပးေသာ အဂၤလန္အသင္း ရႈံးနိမ့္သျဖင့္ ညဘက္ အိပ္စက္သည့္အခါ မည္သူမွ မအိပ္စက္နိုင္ဘဲ မနက္ မိုးလင္းခါနီးမွ အိပ္ေပ်ာ္သြားသျဖင့္ မနက္ အရုဏ္တက္ ဆြမ္းခ်က္ တုံးေမာင္းေခါက္ခ်ိန္မွာ အိပ္ရာမွ မနိုးၾကသျဖင့္ တိုက္အုပ္ဆရာေတာ္က လာနိႈးမွ အားလုံး လန္႔နိုးကုန္ၾကေတာ့သည္။

( ၇ )

ဘုန္းႀကီးေက်ာင္းသား ေပစိနွင့္ သာဂိတို႔ နွစ္ေယာက္ နံနက္ထမင္းကိုပင္ ေကာင္းေကာင္းမစားနိုင္ဘဲ ေနလယ္ခင္းမွာ စိတ္ပ်က္လက္ပ်က္နွင့္ ဘုန္းႀကီးေက်ာင္းဝင္းထဲက သစ္ပင္ႀကီးေအာက္မွာထိုင္ေနၾကသည္။

www.burmeseclassic.com



"ရွှန်နီ ဂိုးသွင်းမလားလို့ ကြည့်မိပါတယ်၊ နောက်ဆုံးတော့ သူ့ခများလည်း ကံမကောင်းဘူးကွာ"

"ဟုတ်တယ် သာဂိရာ… ဘာလုပ်ရမှန်း မသိဘူး"

ထိုအချိန်မှာပဲ ကိုရင်ပဏ္ဍိတက သူတို့နှစ်ယောက်နား ရောက်လာပါသည်။

"ကိုရင် ဆွမ်းခံတော့ ရွာထဲက လူတွေလည်း အင်္ဂလန်အသင်းအကြောင်း ပြောနေကြတာ ကိုရင်လည်း စိတ်မကောင်းဘူး၊ ဒီတော့ ရွှန်နီအတွက် ကိုရင်တို့ တစ်ခုခု လုပ်မှ ဖြစ်မယ်"

"ကိုရင်ပဏ္ဍိတက ဘယ်လို လုပ်ချင်တာလဲ"

"သာဂိရာ… ကိုရင့်မှာ အကြံရှိပါတယ်"

"ဘယ်လို အကြံလဲ ကိုရင်ရဲ့၊ ပေစိကိုလည်း ပြောပါဦး"

ကိုရင်ပဏ္ဍိတက ပေစိနှင့် သာဂိကို ကြည့်လိုက်ပြီး-

"အင်္ဂလန်က ရွှန်နီက ဗုဒ္ဓဟူးသားဆိုတော့ ဗုဒ္ဓဟူးနေ့ ရောက်တိုင်း ရွာထိပ်က ဘုရားမှာ ဗုဒ္ဓဟူးနံနဲ့ စတဲ့ ပန်းတစ်မျိုးမျိုးကို ယူပြီး ဗုဒ္ဓဟူးနံထောင့်မှာ သာမယ့် ကမ္ဘာ့ဖလား ရောက်ရင် ဂိုးတွေ သွင်းနိုင်ပါစေလို့ ဆုတောင်းရင်း ပန်းကပ်ကြတာပေါ့"

"ကောင်းတယ် ကိုရင်ပဏ္ဍိတရာ"

သာဂိနှင့် ပေစိက ကိုရင်ပဏ္ဍိတ အကြံကို သဘောတူ နှစ်ခြိုက်သဖြင့် ထောက်ခံစကား ဆိုကြပါသည်။

( ၈ )

ရွာထိပ်က စေတီမှာ ဗုဒ္ဓဟူးနေ့ ရောက်တိုင်း ဗုဒ္ဓဟူးနံထောင့်မှာ ကိုရင်ပဏ္ဍိတ၊ ပေစိနှင့် သာဂိတို့ သုံးဦးသား ပန်းကပ်နေကြသည့် မြင်ကွင်းကို အင်္ဂလန်နိုင်ငံမှာ ရှိနေသော ဘောလုံးသမား ရွှန်နီသာ သိလျှင်တော့ မည်သို့ပင် သူ့စိတ်ထဲမှာ ရှိနေမလဲဆိုတာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ရွှန်နီ ဂိုးသွင်းနိုင်ဖို့ ပန်းကပ်သော ထိုသုံးဦးတို့ သိနိုင်မည် မထင်ပါ။

လေးနှစ်ဆိုသော အချိန်ကာလအတွင်း ရွှန်နီတစ်ယောက် ဘာဖြစ်လာဦးမလဲကွယ်။

□

www.burmeseclassic.com

www.burmeseclassic.com

# ကြက်တူရွေးငပေါ ရွေးပေးရက်တယ်



( ၁ )

"ဝင်းရွှေ... ဝင်းရွှေ... ထ ထ"

ဝင်းရွှေ တော်တော်စိတ်ညစ်သွားပါသည်။ ညတုန်းက ဘောလုံးပွဲကြည့်ပြီး ကောင်းကောင်းအိပ်မည် လုပ်ခါမှ မွေးထားသော ကြက်တူရွေးငပေါက အသံကျယ်ကြီးဖြင့် နိုးနေသဖြင့် အိပ်ရာက လန့်နိုးလာပါသည်။ ညတုန်းက အင်္ဂလန်အသင်းက ဆလိုဗက်ကီးယားကို နိုင်သွားသဖြင့် မိမိ အားပေးသော အသင်း အောင်ပွဲရသဖြင့် ကြည်ကြည်နူးနူး အိပ်စက်နေတုန်း သင်းကြောင့် ကြည်နူးမှုတွေ ပျက်သုဉ်းရပြီလို့။

"ဝင်းရွှေ ဝင်းရွှေ... ထ ထ၊ အိပ်မနေနဲ့ ငါ့ကို အစာကျွေးဦး"

ကြက်တူရွေး ငပေါ ဆိုသည့်ကောင်က မလွယ်။ ရေှင်းသီးများများ ကျွေးသဖြင့် စကားတတ်လွန်းသောကြောင့် ပတ်ဝန်းကျင်က သည်ကောင်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာ နားညည်းလွန်းသဖြင့် မခံနိုင်။ သည့်ကြည့်တူရွေး ငပေါကလည်း အိမ်နီးချင်းတွေ အမြင်ကတ်လောက်အောင် စကားက တတ်မှတတ်။

"ချဲလ်ဆီးကို မန်ယူက ဘယ်နိုင်မလဲ၊ မန်ယူ မန်ယူ ရှုံး ရှုံး"

ဝင်းရွှေ အိမ်မှာ သူငယ်ချင်းတွေနှင့် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲကို ကြည့်သောအခါ လှောင်အိမ်ထဲမှာ ရှိနေသော ကြက်တူရွေးငပေါက တီဗွီ အန်သားပြင်ပေါ်မှ ပုံရိပ်တွေကို မြင်နေရပြီး ဝင်းရွှေ၏ သူငယ်ချင်းတွေနှင့် ဝင်းရွှေတို့ ဘောလုံးပွဲ ကြည့်ရင်း သူတို့ ငြင်းခုံတာကို နားထောင်ပြီး လိုက်ပြော တတ်သဖြင့် မန်ယူကို မြတ်နိုးသော ဝင်းရွှေအဖို့ ကြက်တူရွေးငပေါကို ဒေါသ ထွက်ပြီး မကျိန်ဆဲရုံပင်။

သည်ကြက်တူရွေး ငပေါကို ဝင်းရွှေ ရွာသို့ သွားသောအခါ သူဦးကြီး က အမွေပေးလိုက်ခြင်း ဖြစ်သည်။ ကြက်တူရွေးဆိုသည်မှာ စကားတတ်အောင် သင်ရမည်ဟု ကြားဖူးသဖြင့် ဝင်းရွှေက ငရုတ်သီးများများ ကျွေးပြီး စကား တစ်လုံးစ နှစ်လုံးစ သင်ရင်းမှ သည်ကောင် စကားတွေ တတ်လာပြီး မရပ်မနား ပြောလွန်းသဖြင့် သူ့ခမျာ ကိုယ့်အတတ် ကိုယ်စူးပြီလို့။

( ၂ )

"ဟာ... ဒါမျိုးကတော့ မယုံနိုင်စရာဘဲ၊ အခု တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ရေဘဝဲပေါလ်ကတော့ ကမ္ဘာ့အံ့ဖွယ်ပဲပေါ့"

ဝင်းရွှေ လက်ဖက်ရည်ဆိုင်ကို ရောက်တော့ ကိုထွန်းက အားကစား ဂျာနယ်တစ်စောင်ကို လက်က ကိုင်ရင်း ကျန်သူတွေအား ပြောနေသဖြင့် ဝင်းရွှေ တော်တော်စိတ်ဝင်စားသွားသည်။

"ဘယ်လို အံ့ဖွယ်တွေလဲဗျ"

ဝင်းရွှေက မနေနိုင် မထိုင်နိုင် မေးမိနေသည်။

"ဟာ... ဝင်းရွှေရာ ဘာအံ့အားသင့်ဖို့ ကောင်းလဲ မမေးနဲ့၊ မှန်ပုံး ထဲမှာ မွေးထားတဲ့ ရေဘဝဲကို မှန်ပုံး နှစ်ခုပေါ်မှာ ယှဉ်ပြိုင်ကစားမယ့် နိုင်ငံ အလံတစ်ခုစီ တင်ထားတယ်၊ အဲဒါ ရေဘဝဲက သူ တက်တဲ့ နိုင်ငံအလံ ချိတ်ထားတဲ့ မှန်ပုံးပေါ်မှာ ရှိနေရင် အဲဒီနိုင်ငံအသင်း နိုင်ပြီ၊ သူချိန်ကြာရင်

www.burmeseclassic.com

www.burmeseclassic.com




ကြာသလို၊ မြန်ရင် မြန်သလို ဂိုးသွင်းတာ မြန်မယ်၊ နှေးမယ် တွက်ချက်ကြတာ ဆားဘီးယားအသင်းကို ဂျာမနီ ရှုံးမယ့်ပွဲမှာ ဆားဘီးယားမှန်ပုံးကို သင်းက ရွေးပေးတယ်လေ၊ အခုလည်း အင်္ဂလန်နဲ့ ဂျာမနီပွဲကို ဘယ်လိုလာဦးမယ် မသိဘူး''

ကိုထွန်းက အသေးစိတ် ရှင်းပြပြီး မောသွားလို့ ထင်ပါရဲ့။ ရေနွေးကြမ်းကို ငုံ့သောက်လိုက်သည်။

''အင်္ဂလန်နဲ့ ဂျာမနီပွဲကိုကော ရှောဝဲက ဘာပေးထားလဲ''

''ပေးတာပေါ့ ဝင်းရွှေရ၊ ဂျာမနီ နိုင်မှာတဲ့၊ ရှောဝဲက အင်္ဂလန်အလံ အုပ်ထားတဲ့ မှန်ပုံးနဲ့ ဂျာမနီအလံ အုပ်ထားတဲ့ မှန်ပုံးမှာ ဂျာမနီမှန်ပုံးပေါ် အမြန်ရောက်သွားတော့ ဂိုးပြတ်နိုင်မယ့် သဘောမှာ ရှိတယ်''

ကိုထွန်း စကားကြောင့် ဝင်းရွှေ တော်တော်ပေါက်ကွဲသွားပါသည်။ သူ ကြိုက်သော အင်္ဂလန်အသင်းက ဂျာမနီကို ဘောလုံးပင် မကန်ရသေးဘဲ ဂိုးပြတ် ရှုံးမည်ဟု နိမိတ်ဖတ်သဖြင့် နည်းနည်းတော့ အောင့်သီးအောင့်သက်ဖြစ်သွားပါသည်။



''ကိုထွန်းရာ... ဒီရှောဝဲ မှန်၊ မမှန် ကြည့်ရမှာပေါ့''

ဝင်းရွှေ ကံမကောင်းပါ။ အင်္ဂလန်အသင်းက ဂျာမနီအသင်းကို ဂိုးပြတ် ရှုံးပါသည်။ နောက်ရက်တွေမှာလည်း ရှောဝဲပေါလ် ရွေးချယ်ပေးသော အသင်းက နာမည်ကြီး အာဂျင်တီးနားအသင်းကို နိုင်ပြီး ဆီမီးဖိုင်နယ် တက်သွားသဖြင့် ဝင်းရွှေအဖို့ မယုံ၍မရတော့ပါ။ ရှောဝဲကြောင့် သူ့သူငယ်ချင်းတော်တော်များများ အရှုံးကြုံကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

"ဝင်းရွှေရေ… ဧည့်သည် လာတယ်၊ ဝင်းရွှေရေ… ဧည့်သည် လာတယ်"

ကြက်တူရွေး ငပေါက အိမ်ထဲမှာ အားကစားဂျာနယ် ဖတ်နေသော ဝင်းရွှေကို အသံပြုသဖြင့် ဝင်းရွှေ ကြည့်လိုက်သောအခါ ကိုမြင့်ဖေ ဖြစ်နေပါသည်။

"ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲက ဆီမီးဖိုင်နယ်ရယ်၊ ဗိုလ်လုပွဲရယ်၊ တတိယနေရာလုပွဲရယ် သုံးပွဲ ကျန်သေးတယ်ဟေ့"

"ဟုတ်တယ် ကိုမြင့်ဖေရေ… အဲဒါ ဂျာနယ်အဟောင်း ပြန်ဖတ်နေတာ ရေဘဝဲပေါလ် ဘယ်အသင်းကို ရွေးချယ်မလဲလို့"

ဝင်းရွှေ စကား နားထောင်နေသော ကိုမြင့်ဖေက အိမ်ရှေ့မှာ ချိတ်ဆွဲထားသည့် ကြက်တူရွေးလှောင်ချိုင့်ကို ကြည့်လိုက်ပြီး ဘာအကြံရသွားသလဲ သိ၊ လက်ဖျောက်တစ်ချက် တီးလိုက်ပါသည်။

"ဝင်းရွှေရာ… မင်းအိမ်က ကြက်တူးရွေးက လူ့စကား နားလည် ပြောတတ်တာပဲ၊ ရေဘဝဲပေါလ်ထက် အများကြီး သာမှာ သူ့ကို ငါတို့ မြီးမြီး မြက်မြက်လေး ရအောင် ရေဘဝဲလ်ပေါလ်လိုပဲ ရွေးခိုင်းကြည့်ပါလား၊ ကံစမ်း တာပေါ့"

"ကိုမြင့်ဖေ… ခင်ဗျား ပေးတဲ့ အကြံက မဆိုးဘူး၊ ခက်တာက ဘယ်လို ရွေးရမလဲဗျ၊ နည်းနည်းပါးပါး လူတွေသိမှ အိမ်က ကြက်တူရွေး ငပေါလည်း ရေဘဝဲလို နာမည်ကြီးပြီး ဂျာနယ်တွေထဲပါမှ ကောင်းမှာ"

ကိုမြင့်ဖေ အကြံပြုချက်ကြောင့် ဝင်းရွှေ တော်တော်တက်ကြွသွားပါသည်။ ဟုတ်ပါရဲ့။ သူ့ကြက်တူရွေး ငပေါက လူ့စကား နားလည်တာပဲ။ ရေဘဝဲပေါလ် ထိုင်တောင် ငိုသွားရပါဦးမည်။

"ကိုမြင့်ဖေ… ကြက်တူရွေးကို ဘယ်လိုနိုင်မယ် အသင်း ရွေးခိုင်းမလဲ"

"ဒါများကွာ… သူ့ကို ငရုတ်သီးပွများများ ကျွေးထား၊ ဉာဏ် ကောင်းအောင်လို့ ဘောလုံးအသင်း နှစ်သင်း ကစားမယ့် ဘောလုံးအသင်း ထဲက နာမည်ကြီးဘောလုံးသမား တစ်ဦးစီကို ဂျာနယ်ထဲမှာ ပါတဲ့ ပုံတွေ

www.burmeseclassic.com

www.burmeseclassic.com



ကတ်ကြေးနဲ့ ဖြတ်ပြီး ညှပ်မယ်၊ လှောင်အိမ် ဟိုဘက် ဒီဘက်မှာ ချိတ်ထား မယ်၊ ကြက်တူရွေးက သွားကိုက်ဆွဲတဲ့ ဘောလုံးသမားပုံ ပါတဲ့ စာရွက်ကို ကိုက်မိရင် အဲဒီအသင်း နိုင်ပြီပေါ့"

"ဒါ မဆိုးဘူး၊ နည်းနည်းပါးပါး ရှိတာလေးတွေနဲ့ ရင်းလိုက်ဦးမယ် ဒီအကြောင်းကို ရပ်ကွက်ထဲမှာလည်း ပြောထားဗျာ၊ ကမ္ဘာကျော် ရှောဝဲပေါလ်ရဲ့ အပြိုင် ကျွန်တော့် ကြက်တူရွေးကလည်း နိုင်မယ့်အသင်းကို ရွေးပေးမှာလို့ ခတ်ပွဲ တွေ ဘာတွေ ရိုက်ပြီး အင်တာနက်ပေါ်တောင် တင်ရင် နာမည်ကြီးသွားနိုင်တယ်"

"စိတ်ချ ဝင်းရွှေ… ငါတို့ လုပ်တဲ့ ကြက်တူရွေးက ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို ရွေးပေးမယ့် အစီအစဉ် လူတွေ သိပြီး နာမည် ကြီးစေရမယ်"

အစီအစဉ်ကို အကြံပေးသူ ကိုမြင့်ဖေက သူ့စကားနှင့် သူ ကျေနပ် နေသလို ကြက်တူရွေးပိုင်ရှင် ဝင်းရွှေကလည်း သူ့ကြက်တူရွေး ငပေါက ကမ္ဘာကျော်သော ရှောဝဲပေါလ်နှင့် အပြိုင်ယှဉ်ပြီး စိတ်ကူးယဉ်ရင်း ကျေနပ်မဆုံး ဖြစ်နေပါတော့သည်။

( ၃ )

ဝင်းရွှေ အိမ်ထဲမှာ လူက ပြည့်နေပြီး အားလုံးက အားကစားဂျာနယ် အချို့ကို လက်မှာ ကိုင်ထားကာ ကြက်တူရွေး လှောင်အိမ်ဆီသို့သာ အာရုံ စူးစိုက်ကြည့်နေကြသည်။ ကြက်တူရွေး လှောင်အိမ်ထဲမှာတော့ ဟော်လန် ကစားသမား ဗန်ပါစီပုံကို ကတ်ကြေးဖြင့် ညှပ်ထားသောပုံနှင့် ဥရုဂွေး ကစားသမား ဖော်လန်ပုံကို ကတ်ကြေးဖြင့် ညှပ်ထားသော ပုံနှစ်ပုံကို ချိတ် ကိုယ်စီဖြင့် လှောင်အိမ် ဟိုဘက် ဒီဘက်မှာ ချိတ်ဆွဲထားသည်။ ကြက်တူရွေး ငပေါကတော့ လှောင်အိမ်အလယ်မှာ ငရုတ်သီးပွကို စားရင်းမှ သူ့စိတ်ထဲမှာ တစ်ခါဖူးမှ သည်လောက် အိမ်ထဲတွင် လူများဖူးသဖြင့် အံ့အားသင့်နေသလား မသိ။ အသံတောင် မထွက်နိုင်ရှာပါ။

"ကဲ… သားလေး ငပေါရေ၊ ဒီည အောင်ပွဲလေး ရွေးပေးဦးဟေ့ ဟောဒီဂျာနယ်ထဲမှာတော့ ရှောဝဲက ဟော်လန်တဲ့ကွ၊ မင်းရဲ့ မှန်သလား မမှန်သလား ကြည့်ချင်လို့ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



သခင်ဖြစ်သူ ဝင်းရွှေ အသံကြောင့် ကြက်တူရွေးခမျာ လှောင်အိမ်ထဲကနေ အိမ်ထဲမှာ ရှိနေသော လူတွေကို ကြည့်လိုက်၊ ဟိုဘက် ဒီဘက် ချိတ်ဆွဲထားသော ပုံနှစ်ပုံကို ကြည့်လိုက်နှင့် ဖြစ်နေသည်။

"သေချာပြီ၊ ဒီညပွဲက သရေဖြစ်ဖို့ များတယ်၊ အချိန်ပိုတွေ ပင်နယ်တီတွေ ပါမလား မသိဘူး၊ ကြက်တူရွေးက မရွေးနိုင်ဘဲ ဇဝေဇဝါ ဖြစ်နေတယ်"

အရေးထဲ ကိုမြင့်ဖေက ထင်မြင်ချက် ဝင်ပေးပါသည်။

"ဟော··· သွားနေပြီ"

ဝင်းရွှေက သူ့ကြက်တူရွေးက တရွေ့ရွေ့ဖြင့် ဟော်လန်ကစားသမားနံပါတ်စီ ချိတ်ဆွဲထားသော ပုံနား ရှိရာသို့ သွားပြီး ပုံကို နှုတ်သီးဖြင့် ဆိတ်ဆွဲလိုက်ပါသည်။

"ဟော်လန်ပဲဟေ့၊ အချိန်ပိုသွားမှာ မဟုတ်ဘူး၊ ရောဘဝဲနဲ့ အတူတူပဲ"

အားလုံးက မြင်တွေ့နေရသော မြင်ကွင်းကို ကောက်ချက်ချပြီး အိမ်ထဲမှ သူက ထ၊ ကြက်တူရွေး လှောင်ချိုင့်နား သွားသူက သွားနှင့် ရှိနေကြသည်။



"ဒီည လိမ္မော်ရောင် ဟော်လန်အသင်းသားတွေ အောင်ပွဲခံလို့ကတော့ ကြက်တူရွေးကို ကောင်းကောင်းပြုစုဖို့ ကြက်တူရွေးမတစ်ကောင် ဝယ်ပေးမယ်ဟေ့"

ထိုအစီအစဉ်ကို အကြံပေးသော ကိုမြင့်ဖေက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောရင်း အိမ်ပေါ်ကနေ ဆင်းသွားပါသည်။

ဝင်းရွှေကတော့ သည်နေ့ည သူတို့အတွက် အောင်ပွဲညဖြစ်ပြီလို့ တွေးရင်း ကြက်တူရွေး ငပေါကို တစိမ့်စိမ့်ဖြင့် ကြည့်နေပါတော့သည်။

ကြက်တူရွေး ငပေါကတော့ လှောင်အိမ်ထဲမှာ ချိတ်ထားသော ပုံတွေကို သူ့နှုတ်သီးဖြင့် ထိုးဆွလို့ ကောင်းနေတုန်းပင်။

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

သည်နေ့ နံနက် ရပ်ကွက်ထဲမှာ ကြက်တူရွေး ငပေါ၏ ကောင်းချီး... တွေက ညံစီလို့နေပါသည်။ မနေ့က ရွေးပေးခဲ့သော ဟော်လန်က ဥရုဗွေး... သုံးဂိုး နှစ်ဂိုးဖြင့် နိုင်သွားသောကြောင့် အပေါ်ဂိုးပေါင်း အပေါ်တွေ တော်... လန်းသွားကြပါသည်။

"ဒီမှာမို့လို့ပေါ့ကွာ... နိုင်ငံခြားမှာဆိုရင် ငါ့ကြက်တူရွေးက က... ကျော်ပြီ"

"ဝင်းရွှေ... အဲဒါ အသာထား၊ ဒီနေ့ စပိန်နဲ့ ဂျာမနီပွဲအတွ... လုပ်ဟ၊ ဒီနေ့တော့ ပွဲသိမ်းဖြစ်အောင် လုပ်မယ်၊ ဟောဒီမှာ အိမ်ဂရန် တွေ့လာ... ပေါင်ပြီးတော့ ညက အနိုင်နဲ့ ဆတိုးလုပ်မှာ"

ကိုမြင့်ဖေဘ အင်္ကျီအိတ်ကပ်ထဲမှ အိမ်ဂရန်ကို ထုတ်ပြပါသည်... မနေ့ကလိုပဲ ဝင်းရွှေ အိမ်မှာ လူက ပြည့်နေပါသည်။

"ကိုဝင်းရွှေရေ... ကြက်တူရွေးလေးကို ရွေးပေးပါဦးလို့"

ရပ်ကွက်ထဲက လူငယ်တစ်ဦးက တောင်းဆိုသဖြင့် ဝင်းရွှေလည်... ကြက်တူရွေး လှောင်ချိုင့်ထဲမှာ စပိန်အသင်းက ဒေးဗစ်ဗီလာပုံနှင့် ဂျာမနီအသင်... မှ ကလိုဆေးပုံ ကတ်ကြေးဖြင့် ညှပ်ထားသည်ကို သွားချိတ်ဆွဲလိုက်ပါသည်။

"ဟော... ရွေးပြီ ရွေးပြီ၊ ဘာတဲ့ ဂျာမနီတဲ့"

"ဟာ ဒါဆို ဒီဂျာနယ်တွေထဲမှာ ဖော်ပြထားတဲ့ ရေဘာဝဲက စပိန်... ရွေးတာနဲ့ လွဲနေပြီ"

တစ်ယောက်တစ်ပေါက် ဝေဖန်သံများက ညံစီလာသဖြင့် ...ငး... နည်းနည်း ဒေါသထွက်သွားပါသည်။

"မရတော့ကော ဘာဖြစ်လဲ၊ ညတုန်းက ရခဲ့ကြပြီးပြီ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ ဂျာမနီက အစဉ်အလာအ... စပိန်ကို မနိုင်ဘူး၊ ပြီးခဲ့တဲ့ ဥရောပဖလားဘောလုံး ဗိုလ်လုပွဲ...န်းကလည်... စပိန်က တစ်ဂိုးတည်းနဲ့ နိုင်တာ ဘာပဲပြောပြော စပိန်ပဲ"

"အေး... သတ္တိမရှိရင် စပိန် လိုက်ကြ၊ ငါနဲ့ ကိုမြင့်ဖေကတော့... ဂျာမနီပဲ၊ သတ္တိရှိရှိနဲ့ကို အိမ်ဂရန်ပေါင် ရင်းပစ်မယ်၊ ကြက်တူရွေး ငပေါက... မှန်မလား၊ အဲဒီရေဘာဝဲကပဲ မှန်မလားပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်သည့် လေသံနှင့် ဝင်းရွှေ ကြိမ်းဝါးသံက အတော်ကျယ်သွားသလို ကိုမြင့်ဖေ၏ ဒေါသမျက်စောင်းကလည်း အိမ်ပေါ်မှာ ရှိနေသောသူတွေကို ကြည့်ကာ နဂါးမျက်စောင်းထိုးလိုက်သလိုပင် ဖြစ်ပါသည်။

( ၅ )

"ကျွန်မ နေပြည်တော်မှာ ရုံးက တာဝန်ကျလို့ သွားနေ၊ ရှင်ကဒီမှာ အိမ်ဂရန်ပေါင်ပြီး ဘောလုံးပွဲ လောင်းတယ်၊ မဟုတ်မက အကြံပေးတာကို ရှင်က လျှောက်လုပ်တယ်၊ ကောင်းကြသေးရဲ့လား၊ ပေါင်ထားတဲ့ အိမ်ဂရန်ဘာနဲ့ ရွေးမလဲ၊ အဲဒါ ကျွန်မအမေ ဝယ်ထားပေးတဲ့ အိမ်၊ ရှင် အိမ်ပေါ်ကဆင်း"

နောက်တစ်နေ့မနက်မှာတော့ ဂျာမနီဘောလုံးအသင်းက ရှုံးပြီး စပိန်အသင်းက ဗိုလ်လုပွဲ တက်သွားသဖြင့် အိမ်ဂရန်ပေါင်ပြီး ဘောလုံးပွဲလောင်းသော ဝင်းရွှေ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း မိန်းမဖြစ်သူ မရီ နေပြည်တော်မှနေ ပြန်ရောက်လာပြီး အကြောင်းစုံ သိသွားသဖြင့် ပေါက်ကွဲကာ အိမ်ပေါ်မှ ဆင်းခိုင်းပါတော့သည်။

"ယူသွား… ရှင့်ကြက်တူရွေးပါ"

မိန်းမကို ကြောက်နေသော ဝင်းရွှေတစ်ယောက် မရီ၏ တစ်ချက်လွှတ်အမိန့်ကြောင့် ကြက်တူရွေး လှောင်အိမ်ကို ယူပြီး အိမ်ပေါ်မှ ဆင်းလာသည့်အခါ လမ်းတွင် သူ့လိုပဲ အိတ်တစ်လုံး ဆွဲလာသော ကိုမြင့်ဖေကို တွေ့ပါသည်။

"ကိုမြင့်ဖေ… ခင်ဗျား အကြံပေးကောင်းလို့ အခု ကျုပ်ကောကြက်တူရွေးကော လမ်းပေါ် ရောက်နေပြီ၊ ဘယ်လိုရှင်းမလဲ"

"ငါလည်း မရှင်းတတ်တော့ပါဘူးကွာ၊ အခုလည်း ယောက္ခမက အဖြစ်မှန် သိသွားလို့ နှင်ချလိုက်တော့ ငါ့ရွာ ခဏပြန်နေရတော့မယ်၊ မိန်းမဆိုတာ ပြောမနေနဲ့၊ ငါ့ကို တစ်မနက်လုံး ရစရာမရှိအောင် ပြောတာ"

"ဒါဆို ကျုပ်လည်း ခင်ဗျားနဲ့ အတူ ရွာကို လိုက်ခဲ့မယ်"

အဲဒီနောက်တော့ နှစ်ယောက်သား ကြက်တူရွေးလှောင်အိမ် ဆွဲပြီး ဝင်းရွှေတစ်ယောက် ကိုမြင့်ဖေတို့ရွာမှာ ခေတ္တခဏ လိုက်နေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရက်တွေမှာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဘယ်သူ ဗိုလ်စွဲသလဲ ဆိုတာ ကြည့်လည်း မကြည့်။ သိလည်း မသိချင်တော့ဘဲ ချစ်ဇနီးမယားများ လာခေါ်မည့် ရက်ကိုသာ လက်ချိုးရေတွက်၍ စောင့်နေကြပါသည်။


ဩော်… ကြက်တူရွေး ငပေါ်ရယ် ရွေးမှ ရွေးတတ်လေခြင်း။

❑

www.burmeseclassic.com

www.burmeseclassic.com

# နှဲတွေလောက်တော့ သနားတယ်



( ၁ )

သိမ်ကုန်းသူကြီး ဦးစံထွား ကမ္ဘာ့ဖလား ဘောလုံးပွဲကို တီဗွီမှ ကြည့်နေရင်းကနေ တော်တော်စိတ်ညစ်နေပါတယ်။ ဘယ့်နှယ်… ဘောလုံးပွဲကို ကောင်းကောင်းမကြည့်ရဘဲ နားထဲ ပုစဉ်းရင်ကွဲအသံတွေကို တီဗွီထဲကနေ ကြားနေရလို့ ဖြစ်ပါတယ်။

"ဟေ့… လှကွန့် တီဗွီကို အသံတိုးလိုက်စမ်းကွာ၊ ဘယ့်နှယ်… ပုစဉ်းရင်ကွဲတွေက ဘောလုံးကွင်းထဲ ရောက်နေမှန်း မသိဘူး၊ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဖြစ်ပြီး ဒီလောက် ဆူညံနေတာ ဘောလုံးအဖွဲ့ဝင် လူကြီးတွေက ဘာမှ မပြောဘူးလား မသိဘူး"

သူကြီးဦးစံထွား စကားကြောင့် တပည့်ကျော် လှကွန့်က ရယ်လိုက်ပြီး သူကြီးဦးစံထွား မျက်နှာကို ကြည့်ရင်းက တော်တော်ဗဟုသုတနည်းတဲ့ သူပါလားလို့ အထင်သေးမလို ဖြစ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူကြီးကလည်းဗျာ… ဘယ်က ပုစဉ်းရင်ကွဲအသံတွေ ဟုတ်ရမှာလဲ၊ အဲဒါ တောင်အာဖရိကာ ရိုးရာ ဗူဗူဇီလာ တူရိယာအသံတွေ၊ အာ… မှတ်ရတာ"

"ဟော… သူတို့မှိုလို့ ပါးစပ်မဆွဲကောင်းတယ်၊ အဲဒီအသံတွေ ဒီလော… မှတ်မှတော့ ဘောလုံးသမားတွေ ဘယ်လို ဘောလုံး ကန်တော့မလဲ၊ ဒိုင်လူကြီး ရဲ့ ဝီစီမှုတ်သံကို ဘယ်ကြားရတော့မှာလဲ၊ ဘောလုံးပွဲရသ ပျက်တယ်"

သူကြီး တပည့်ကျော် လှကွန့်က တီဗွီအသံကို တိုးလိုက်ပါတယ်… သူကြီးကတော့ တီဗွီဖန်သားပြင်ပေါ်မှာ အကြိတ်အနယ် ယှဉ်ပြိုင်နေတဲ့ ဘောလုံး ပြိုင်ပွဲကို ကြည့်ပြီး အတွေးတွေက မနှစ်က ဆယ်ရွာပတ်လည် အမှတ်… ဘောလုံးပြိုင်ပွဲကို စိတ်ရောက်သွားပါတယ်။

□

သိမ်ကုန်းရွာနဲ့ ကပ်လျက်မှာရှိတဲ့ ဖန်ခါးရွာက ခေတ်အဆက်ဆက် ကမ္ဘာ့ရန်တွေလို့ ပြောရမလိုပါပဲ။ ရွာနှစ်ရွာ မတည့်ကြတာက ဟိုးအင်္ဂလိ…



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကာတည်းက ချောတိုင်တက်ပွဲ၊ ပြေးပွဲ ပြိုင်ပွဲ၊ ဘောလီဘောပြိုင်ပွဲတွေက စလို့ သူ့ထက်ငါ အပြိုင်ယှဉ်ပြိုင်ရင်း အခု ကမ္ဘာခြားတဲ့ ခေတ်အထိ အားကစားနည်းနဲ့ ပတ်သက်လာရင် ရန်ဘက်ဖြစ်တုန်း။

ပိုဆိုးတာက လွန်ခဲ့တဲ့ ငါးနှစ်ကလို ခရိုင်ဘောလုံးပြိုင်ပွဲတွေ ယှဉ်ပြိုင်တဲ့အချိန်ကစပြီး တစ်ရွာနဲ့ တစ်ရွာ ခြေချင်းက မတိမ်းမယိမ်းဆိုတော့ သူတစ်ပြန်ကိုယ်တစ်ပြန်နဲ့ သူဗိုလ်စွဲလိုက်၊ ကိုယ် ဗိုလ်စွဲလိုက်နဲ့။ မနှစ်ကတော့ ဗိုလ်လုပွဲမှာ ဖန်ခါးရွာက အားပေးတဲ့ ပရိသတ်တွေက သိမ်ကုန်း ဂိုးတိုင်နောက်နားကနေ သိမ်ကုန်းဂိုးသမား ဖမ်းလို့မရအောင် အိုးစည်၊ ဒိုးပတ်တွေ မရပ်မနား တီးတဲ့အတွက်ကြောင့် သိမ်ကုန်း ဂိုးသမား နားအနှောင့်အယှက် ဖြစ်ပြီး ဂိုးတွေအပေးခံရတာ နောက်ဆုံး ဖန်ခါးရွာက ဒိုင်းရသွားပါရောလား။

ဒါကြောင့် အခု ဗူဗူဇီလာ ခေါ်တဲ့ ဟာတွေနဲ့ ဘောလုံးပွဲ ကြည့်ရင်း မှတ်နေကြတာ မြင်တော့ လာမယ့် နှစ်လအတောအတွင်း ကျင်းပမယ့် ခရိုင်ဘောလုံးယှဉ်ပြိုင်ပွဲမှာ ပြိုင်ဘက် ဖန်ခါးရွာကို ဘယ်လို ယှဉ်ပြိုင် အနိုင်ယူရမလဲဆိုတာ သိမ်ကုန်းရွာသူကြီး ဦးစံထွားတစ်ယောက် ဘောလုံးပွဲကြည့်နေရင်းက ကောင်းကောင်းကြီး သဘောပေါက်သွားပါတော့တယ်။

( ၂ )

တောင်အာဖရိကမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးက ပြီးသွားပေမယ့် မပြီးသေးသူက သိမ်ကုန်းသူကြီး ဦးစံထွားပါပဲ။ သူ့ဦးနှောက်အရေးအသားထဲမှာ မေ့ပျောက်လို့ မရ ဖြစ်နေတာက ဗူဗူဇီလာ တူရိယာတွေပါပဲ။ ဒီဗူဗူဇီလာတွေနဲ့ ပတ်သက်ပြီး သူ ကျိတ်ကြံနေတာကို သူကလွဲပြီး ဘယ်သူမှ မသိပါ။

“လှကွန်း… ငါတို့ရွာမှာ နဲ့မှုတ်တတ်သူ ဘယ်နှယောက် ရှိသလဲ”

ခရိုင် ဘောလုံးပြိုင်ပွဲ ကျင်းပခါနီး နှစ်ပတ်အလိုမှာ သိမ်ကုန်းသူကြီး ဦးစံထွားက မေးလိုက်လို့ တပည့်ကျော် လှကွန်းက နားမလည်ဘဲ ဖြစ်သွားပါတယ်။

“သူကြီး ဘာကိစ္စ ရှိလို့ နဲ့မှုတ်တတ်သူတွေ မေးရတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ အကြောင်းရှိလို့ပေါ့ကွ၊ ငါတို့ ရွာမှာ နဲ့မှုတ်တတ်သူ ဘယ်နှယောက် ရှိလဲ၊ နဲ့ဘယ်နှလက်လောက် ရှိလဲ၊ စာရင်းကောက်ထား၊ နဲ့မှုတ်တတ်သူတွေ ငါ့ဆီ ခေါ်လာပြီး ဒီနှစ်ရက်အတွင်း အမြန်ပေးတွေ့၊ ကြားလား၊ ဩော်... ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖန်ခါးရွာက လုံးဝမသိစေနဲ့"

"ဟုတ်ကဲ့ သူကြီး၊ အခုပဲ သွားစုံစမ်းပြီး အကြောင်းပြန်ပါမယ်"

တပည့်ကျော် လှကွန့်က စက်ဘီးကို အမြန်နင်းပြီး ခြံဝိုင်းထဲက ထွက်သွားတာကို ဦးစံထွားက ခြေတံရှည်အိမ်ပေါ်ကနေ ပြုံးပြုံးကြီး ကြည့်လို့ နေပါတယ်။

❑

သိမ်ကုန်းသူကြီး ဦးစံထွားနဲ့ ခြံဝိုင်းထဲက ကွပ်ပျစ်ရှေ့မှာ နဲ့ကိုင်ထားသူ လူဆယ်ယောက်ကို ဦးစံထွားက မြန်မာရုပ်ရှင်ဇာတ်ကားတွေထဲက လူကြမ်းခေါင်းဆောင်က တပည့် လူဆိုးတွေကို ကြည့်သလိုမျိုး တစ်ယောက်ချင်းရဲ့ မျက်နှာတွေကို လိုက်ကြည့်လို့နေပါတယ်။

"ဒီရွာမှာ နဲ့မှုတ်တတ်တာ ဒီလူ အကုန်ပဲလား"

"ဟုတ်"

သူကြီးဦးစံထွားရဲ့ စကားကို အားလုံးက တညီတညွတ်တည်း ဝိုင်းပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဒါဖြင့်ရင် တခြားရွာတွေက နဲ့သမားတွေ သွားရှာဦး၊ ဒါပေမဲ့ ဒီကိစ္စကို ဖန်ခါးရွာက မသိစေနဲ့ဦး"

"သူကြီး ကျွန်တော်တို့ မသိလို့ မေးပါရစေဦး၊ ဘာဖြစ်လို့ သူကြီးက နဲ့သမားတွေ ဒီလောက် ရှာခိုင်းရတာလဲ၊ ဆို က ရေး တီး ပြိုင်ပွဲလို ဒီရွာမှာ နဲ့မှုတ်ပြိုင်ပွဲ လုပ်မလို့လား"

ရွာထဲက နဲ့သမားတစ်ဦးက ပြောလိုက်သဖြင့် သူကြီးဦးစံထွားက-

"အကြောင်းရှိလို့ပေါ့ကွာ၊ မနှစ်က ငါတို့ရွာနဲ့ ဖန်ခါးရွာ ဘောလုံးဗိုလ်လုပွဲတုန်းက ဖန်ခါးရွာက ငါတို့ရွာရဲ့ ဂိုးတိုင်နောက်မှာ အိုးစည် ဒိုးပတ်တွေ တီးပြီး ဒုက္ခပေးသွားတာ၊ ဒီနှစ် အဲဒီအသင်းနဲ့ တွေ့ရင် သင်းတို့ကို ဒုက္ခပေး မလို့၊ ကျင်းပပြီးသွားတဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဗူဗူဇီလာတွေ မှုတ်သလို

www.burmeseclassic.com

www.burmeseclassic.com



မျိုး အဲဒါနဲ့တူတဲ့ အသံတွေနဲ့ သင်းတို့ကို ပညာပေးရမှာ ငါတို့ရွာကနေပြီး နဲ့သမားတွေက ဗူဗူစီလာနဲ့တူတဲ့ နဲ့တွေ မှုတ်မယ်၊ ငါတို့ရွာ ကစားသမားတွေရဲ့ နားထဲမှာ ဂွမ်းဆို့ထားလို့ ဖန်ခါးရွာ ဘောလုံးသမားတွေ မသိဘဲ ဘောလုံးကန်မယ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲလို ဆူညံအသံတွေကြောင့် သင်းတို့ရွာက မနှစ်က ငါတို့ရွာကို ဒုက္ခပေးသလိုမျိုး သင်းတို့ကို နဲ့မှုတ်တဲ့ အသံတွေနဲ့ ဒုက္ခပေးရင် သင်းတို့ ဘောလုံးသမားတွေ ဘာတတ်နိုင်မှာလဲ''

သူကြီးဦးစံထွားက အကျေနပ်ကြီး ကျေနပ်လို့ ရယ်နေပါတယ်။ ဒီအခါ တပည့်ကျော် လှကွန့်က-

''သူကြီး··· နဲ့သမားတွေ ရှာပေးမယ်၊ ရသလောက်ပေါ့၊ ဘယ်လောက် ပေးမှာလဲ''

''ဒါတွေ မမေးနဲ့၊ ဆံန်တစ်အိတ်နဲ့ ငွေတစ်သောင်း ပေးမယ် ပြော၊ မင်း ရသလောက် နဲ့သမားတွေကို ထပ်ရှာ''

''ကဲ··· အားလုံး နဲ့သမားတွေ အမြန်ရှာ သူကြီးပြောတာ ကြားတယ် နော်''

''ဟုတ်''



www.burmeseclassic.com

www.burmeseclassic.com



နွဲ့သမားတွေက သူကြီး ခြံဝိုင်းထဲက ထွက်သွားတာကို ဦးစံထွားက သူ့အစီအစဉ် အောင်မြင်လာတော့မှာ ဖြစ်တဲ့အတွက် ဖန်ခါးရွာနဲ့ သူ့ရွာ ဘောလုံး ယှဉ်ပြိုင်မယ့်ပွဲကိုပဲ ဘာဆက်လုပ်ရမလဲ စဉ်းစားနေမိပါတယ်။

❑

နွဲ့တွေ ကိုယ်စီကိုင်ပြီး တခြားရွာက ရောက်ရှိလာတဲ့ နွဲ့သမားတွေကို ကြည့်ပြီး သူကြီးဦးစံထွား ကျေနပ်နေပါတယ်။ တပည့်ကျော် လှကွန့်ကို တော်လှချည်ရဲ့လို့လည်း ချီးကျူးနေမိပါတယ်။ ဒီလောက်များတဲ့ နွဲ့သမားတွေကို အချိန်တိုအတွင်းမှာ ရှာနိုင်တာက သူ့အစွမ်းပဲကိုး။

"အခုဆို ငါတို့ နွဲ့အလက် လေးဆယ်နဲ့ နွဲ့သမား လေးဆယ် ရပြီ၊ ဒီတော့ ငါတို့ ယှဉ်ပြိုင်ကစားတဲ့ ပွဲတိုင်းမှာ ဘောလုံးကွင်းဘေးကနေ မင်းတို့ရဲ့ နွဲ့သံတွေကို လက်စွမ်းပြကြ၊ ဒါဆို ကျန်တဲ့ အသင်းတွေ ဒီနွဲ့သံတွေကြောင့် ဒုက္ခရောက်ပြီး ရှုံးပြီ၊ ငါတို့အသင်းသားတွေကတော့ နားထဲ ဂွမ်းဆို့ထားလို့ အေးဆေးပဲ"

သူကြီးဦးစံထွားက သူ့အစီအစဉ်ကို ဂုဏ်ယူဝင့်ကြွား ပြောဆိုအပြီးမှာ တပည့်ကျော် လှကွန့်က-

"ဒါထက် သူကြီး ဒီနွဲ့သမားတွေကို ကျွေးဖို့ မွေးဖို့ ဘယ်လို စီစဉ်ထားသလဲ"

"ဘာမှ မပူနဲ့၊ ဘုန်းကြီးကျောင်းမှာ နေရေး စားရေး အားလုံး စီစဉ်ထားတယ်၊ လိုလေသေးမရှိစေရဘူးပေါ့၊ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲက ဗူဗူဇီလာတွေထက်ကို သာစေရမယ်"

"သူကြီး... ဗူဗူဇီလာ အသာထား၊ အခု နွဲ့သမားတွေကို ဘုန်းကြီးကျောင်း ခေါ်ထားပြီး ဘာမှ မစားရသေးဘူးတဲ့"

လှကွန့်က နွဲ့သမားတွေကို ခြံဝိုင်းထဲကနေ ဘုန်းကြီးကျောင်းကို သွားဖို့ ဦးဆောင် ခေါ်သွားပါတယ်။ သူကြီးဦးစံထွားကတော့ မီးရိုထဲကနေ ပိုက်ဆံတွေ ယူပြီး သူ ခေါ်ထားတဲ့ နွဲ့သမားတွေကို နေ့တွက်တွေ ရှင်းပေးဖို့ နောက်ကနေ လိုက်သွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

သိမ်ကုန်းသူကြီး ဦးစံထွား တော်တော်ပျော်နေပါတယ်။ ဘာဖြစ်လို့လဲဆို သူ စီစဉ်ထားသလို နွဲသမားတွေက သိမ်ကုန်းရွာနဲ့ ယှဉ်ပြိုင်တဲ့ ဘောလုံးပွဲတိုင်းမှာ လက်စွမ်းပြကောင်းမှုကြောင့် အခြားဘောလုံးအသင်းတွေ နွဲသံကြောင့် နားမခံနိုင်ဘဲ အယောင်ယောင်အမှားမှား ဖြစ်ရင်း ဂိုးတွေ ပေးပြီး အရှုံးပေးလိုက်ရတာ နောက်ဆုံး ဖန်ခါးရွာနဲ့ ယှဉ်ပြိုင်မယ့် ဗိုလ်လုပွဲကို ရောက်လာပါတော့တယ်။

"လှကွန့်… ဒါပဲပေါ့ကွာ၊ တောင်အာဖရိက ဘောလုံးပြိုင်ပွဲက ဗူဗူဇီလာ တူရိယာကို မြင်ပြီး ငါ စီစဉ်လိုက်တဲ့ နွဲက တွေ့တယ်မဟုတ်လား၊ ငါတို့ရွာ ဘောလုံးကန်တိုင်း နွဲသမားတွေရဲ့ လက်စွမ်းပြသံက ပရိသတ်တွေသာမက ဘောလုံးသမားတွေတောင် ဘယ်သူမှ နားမခံနိုင်ဘူး၊ အဲ… ငါ့ဘောလုံးသမားတွေက အေးဆေးပဲ၊ နားထဲ ဂွမ်းဆို့ထားတာ ဘယ်သူမှ မသိတာဘဲဟေ့"

ဖန်ခါးရွာနဲ့ ဘောလုံး ယှဉ်ပြိုင်ခါနီးမှာ သိမ်ကုန်းရွာသူကြီး ဦးစံထွားက သူ့လျှို့ဝှက်ချက်ကို တပည့်ကျော် လှကွန့်ကို ထုတ်ဖော်ပြောနေပါတယ်။



ဘောလုံးပွဲက ယှဉ်ပြိုင်တာ ဒုတိယပိုင်းတောင် ပြီးခါနီးပြီ။ ဖန်ခါးရွာနဲ့ သိမ်ကုန်းရွာ ဘောလုံးအသင်းက တစ်ဖက်နဲ့ တစ်ဖက် ဂိုးမသွင်းနိုင်သေးပါ။

သူကြီးဦးစံထွား ငှားထားတဲ့ နွဲသမားတွေနဲ့ သူ့ရွာက နွဲသမားတွေက ဘောလုံးကွင်းဘေးကနေ နွဲတွေ အပြိုင်မှုတ်ပါသော်လည်း ဖန်ခါးရွာ ဘောလုံးသမားတစ်ယောက်မှ ကြားတယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ မထင်။ ထို့အတူ ကွင်းလယ်ဒိုင်လူကြီးနဲ့ အလံကိုင်ဒိုင်နှစ်ယောက်ကလည်း ဘာမှ မဖြစ်သလို ကိုယ့်တာဝန်ကိုယ် ယူနေပါတယ်။

ဖန်ခါးရွာသားတွေကတော့ ဘောလုံးပွဲ အားပေးနေရင်း နှံမှုတ်သံတွေကို နားညည်းသလား မသိ။ ပြောင်းဖူးရိုး၊ ခဲတွေနဲ့ ဘောလုံးပွဲ ကြည့်နေရင်း ပိတ်ပစ်လို့ လုံခြုံရေးအဖွဲ့တွေက ထိန်းရပါသေးတယ်။

"ဂိုး... ဂိုး..."

ဘောလုံးပွဲ ပြီးခါနီးမှာ ဖန်ခါးရွာက သိမ်ကုန်းရွာကို ဂိုးသွင်းပြီး ဘောလုံးသမားတွေကော ဖန်ခါးရွာသားတွေပါ အော်ဟစ်ခုန်ပေါက်ကြတာ ကမ္ဘာပျက်မယ့်အတိုင်းပါပဲ။ သိမ်ကုန်းသူကြီး ဦးစံထွားအဖို့ ဘယ်လိုဖြစ်ကုန်သလဲလို့ မတွေးတတ်နိုင်ပါ။

အဖြစ်မှန်က ဆုပေးမှ စတာပါ။ ပထမဆု ရသွားတဲ့ ဖန်ခါးရွာကို ခရိုင်မှူးက ဒိုင်းဆုပေးပြီးတဲ့အခါ ဖန်ခါးရွာ ဘောလုံးသမားတွေက နားထဲက ဂွမ်းတွေ ဆွဲထုတ်ပြီး သိမ်ကုန်းရွာသူကြီး ဦးစံထွားရှေ့မှာ လွှင့်ပစ်ကြပါတယ်။ ထိုအခါ ဒိုင်လူကြီး သုံးယောက်ကလည်း ဒီအတိုင်းပါပဲ။ သူတို့နားထဲက ဂွမ်းတွေ လွှင့်ပစ်လို့ပါ။

"ဒီမှာ ကိုစံထွား... ခင်ဗျားလည်း သူကြီး၊ ကျုပ်လည်း ဖန်ခါးရွာသူကြီးပဲ၊ ခင်ဗျား ဘာလုပ်မယ်ဆိုတာ ဘောလုံးပွဲ နှစ်ပွဲလောက် လေ့လာပြီးကတည်းက ကျုပ် သိပြီးသား၊ ဘောလုံးပွဲမှာ ဒီလောက်များတဲ့ နှံတွေ မှုတ်နေပိုထောက်တော့ မရိုးသားဘူးလို့ ကျုပ် သိတယ်၊ ဒါကြောင့် ခင်ဗျားရွာနဲ့ ကန်တဲ့ ဗိုလ်လုပွဲမှာ ကျုပ်အသင်းသားတွေနဲ့ ဒိုင်တွေကို ဂွမ်းထုပ် ဝယ်ပေးပြီး နားထဲ ထည့်ခိုင်းထားတာ"

ဖန်ခါးရွာသူကြီး ဦးမြ စကားက သိမ်ကုန်းရွာသူကြီး ဦးစံထွားအဖို့ အနာပေါ် တုတ်ကျသလို ဖြစ်လို့ ဘာမှ မပြောနိုင်ပါ။

နောက်ဆုံး ဒီထက်ဆိုးတဲ့ စကားတစ်ခွန်းကို ဖန်ခါးရွာသူကြီး ဦးမြက ပြောလိုက်တာပါ။

"တောင်အာဖရိကက ကမ္ဘာ့ဖလားမှာ ပရိသတ်တွေက နားညည်းတဲ့ ပုစဉ်းရင်ကွဲလို မြည်တဲ့ ဗူဗူစီလာ တူရိယာတွေကို မှုတ်တာ ဘာကြောင့် နားမညည်းသလဲလို့ နောက်တော့မှ သိရတယ်။ သင်းတို့တွေ နားထဲ ဂွမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မှုတ်တာကိုး၊ ဒါ့ကြောင့် ခင်ဗျားမှာက နှဲသမားတွေ ဒီလို ဒုက္ခပေးမှာ စိုးလို့ ဘယ်ရမလဲ၊ ကျူပ်ကလည်း ကျူပ်အသင်းသားနဲ့ ဒိုင်တွေကို ဒီလို စီစဉ်လိုက်တာဗျို့… ဟား ဟား ဟား”

သိမ်ကုန်းသူကြီး ဦးစံထွား ဘာပြောရမှန်း မသိဘဲ ငူငူကြီး ကျန်ရစ်ခဲ့ပါတယ်။ သူကချည်း အပိုင်လို့ ထင်ထားတာ၊ ကိုယ့်ထက်သာတဲ့ လူတွေ ဒီကမ္ဘာကြီးမှာ အများကြီး ရှိပါလားဆိုတာ သူ့ခမျာ ဗူဗူစီလာ တွေ့ရိယာ နေရာမှာ နှဲတွေ အစားထိုးမိလို့ မှားမှန်း မသိဖြစ်ခဲ့ရတာ နောင်တရရုံမှတစ်ပါး အခြား မရှိတော့ပါ။


ဩော်… ဦးစံထွားခမျာ ဗူဗူစီလာနဲ့၊ နှဲတွေနဲ့ အလဲအလှယ်လုပ်ပြီး ဇာတ်တီးတတ်ပါလေရဲ့။

□

www.burmeseclassic.com

www.burmeseclassic.com

# လွှမ်းရစ်တော့ အာဆင်နယ်ရယ်




( ၁ )

"သွားပါပြီကွာ… ငါ့အာကြီးအသင်း ဘာမဟုတ်တဲ့ အသင်းတွေကို ရှုံးရတာ ဒီကွင်းသစ်ကြီးကို ပြောင်းလာတော့ ကွင်းက ဟိုက်သူရီကွင်းလို မဟုတ်တော့ မြက်ကချော၊ ကွင်းက ချောတော့ ဘောလုံးကောင်းကောင်း ကန်လို့ မရလို့ပေါ့ကွာ"

ဤသုံးသပ်ချက်ကို တီဗွီဖန်သားပြင်ပေါ်မှာ ဖြစ်နေသော အာဆင်နယ် ဘောလုံးအသင်းက သူ့အိမ်ကွင်း Fly Emirate မှာ အခြားအသင်းနှင့် ယှဉ်ပြိုင်လို့ ရှုံးသည့်အခါ ထိုပွဲစဉ်ကို မမိုတ်မသုန် အာပေါင်အာရင်းသန်သန် နှင့် ပွဲမပြီးခင် အာဆင်နယ်အသင်း ကောင်းကြောင်း ပြောရင်းက ပွဲပြီး ရှုံးသည့် အခါ ထိုသုံးသပ်ချက်မျိုး ကိုထွန်းဝင်းထံမှ ကြားရမြဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်းဝင်းကလည်းဗျာ… ကွင်းနဲ့ မဆိုင်ပါဘူး၊ ကစားသမား ဟာ အဓိကပဲဟာ… ကစားသမား အသုံးမကျလို့ ရှုံးရင် ရှုံးတယ် ပြောစမ်း ပါ"

ကိုထွန်းဝင်း ခရေဇီဖြစ်သော အာဆင်နယ်အသင်းကို ထိုကဲ့သို့ မှတ်ချက်ပေးလို့ကတော့ ကိုထွန်းဝင်း ပေါက်ကွဲမှုဟာ အာဆင်နယ်အသင်းက အမြောက်ကြီးထက်ပင် ပြင်းထန်သွားပါတော့သည်။

"ဟေ့ကောင်… ဘာလဲ၊ အာကြီးအသင်းကို မင်း ဘယ်လိုပြောလိုက် တာလဲ၊ ဘာအဆင့်မရှိဘူးလဲ၊ ပရီးမီးယားလိဂ်မှာ ရှုံးပွဲမရှိ အမှတ်ပေးပြိုင်ပွဲမှာ ဗိုလ်စွဲတာ ငါ့အာကြီးအသင်းကလွဲပြီး ဘယ်အသင်း ရှိလဲ၊ ငါ့အာကြီးအသင်း လောက် ကစားကွက် မြန်တာမျိုးကော ပရီးမီးယားလိဂ်မှာ ရှိလို့လား၊ ဘောလုံးပွဲက ဝိပဿနာတရား မှတ်သလိုမျိုး ကန်နေတဲ့ အသင်းတွေထက် ငါ့အာကြီးက သာတယ်"

အာဆင်နယ် ပရိသတ် ကိုထွန်းဝင်းက ထိုသို့ ပေါက်ကွဲပြသည့်အခါ အမြဲတမ်း သူ့ကိုစပြီး နိုင်သော စကားတစ်ခွန်းက ရှိပါသည်။

"ဟုတ်ပါပြီဗျာ… ခင်ဗျားရဲ့ အာကြီးက သိပ်ဟုတ်တယ် ဟုတ် လား၊ ဒီမှာ ချန်ပီယံလိဂ်ဖလား ရမှ အဲဒီစကား လာပြော"

ကိုထွန်းဝင်း ထိုအခါ ဘာမှ မပြောနိုင်တော့ပါ။

"မင်းတို့ လုပ်ထားပေါ့ကွာ၊ ငါ့အာဆင်နယ် ချန်ပီယံလိဂ် ဗိုလ်စွဲမှ တွေ့မယ်"

ညစဉ်ညတိုင်း အိပ်စက်တိုင်း အာဆင်နယ်အသင်း ချန်ပီယံလိဂ်မှာ ဗိုလ်စွဲပါစေဟု ကိုထွန်းဝင်း ဘုရားရှိခိုးပြီး ဆုတောင်းပါသည်။

သို့သော် ဆုတောင်းကား မပြည့်ပါ။ အိပ်မက်ထဲမှာတောင် ကိုထွန်းဝင်း အဖို့ တစ်ခါဖူးမှ အာဆင်နယ်အသင်း ချန်ပီယံလိဂ်မှာ ဗိုလ်စွဲသည်ဟု တစ်ခါမှ အိပ်မက်မက်ခြင်း မရှိ။

( ၂ )

ကိုထွန်းဝင်းတစ်ယောက် အာဆင်နယ်အသင်းကို စွဲလမ်းနှစ်သက်ရ သည့် အကြောင်းတရားများထဲတွင် အွန်နရီ၏ လုပသော ဂိုးသွင်းမှုများကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ပါသည်။ ထို့အပြင် အားဆင်ဝင်းဂါး၏ ဘာမှ မဟုတ်သော လူငယ်များကို ထင်ရှားလာအောင် မြေတောင်မြှောက်ပေးမှုကိုလည်း သူ လေးစားတာ ပါဝင်ပါသည်။

ထို့အပြင် အဓိက အရေးကြီးသော အချက်တစ်ချက်က ရှိပါသေးသည်။ ကိုထွန်းဝင်းက သူ့သားသမီးတွေကို မည်မျှပင်ဆိုးဆိုး အလိုလိုက်ပြီး အပြစ်မမြင်၊ အချစ်ဝင်သလိုမျိုး အားဆင်နယ်နည်းပြ အားဆင်ဝင်းဂါးကလည်း သူ့အသင်းသားများ ယှဉ်ပြိုင်သည့် ကစားပွဲမှာ ရှုံးဖြစ်ခြင်း၊ အနီကတ်ပြပြ၊ အဝါကတ်ပြပြ ကိုယ့်ဘက်က မည်မျှပင်မှားမှား အက်ဖ်အေအဖွဲ့ချုပ်ကို ကိုယ့်အသင်းသားဘက်က ကာကွယ် အလိုလိုက်ပေးတာမျိုးဟူသည့် အချက်လည်း ပါဝင်ပါသည်။

"ဗီယာရီလို ကစားသမားမျိုးကို အသင်းပြောင်းတာ နည်းတောင်နည်းသေးတယ်၊ ကိုယ့်ကို ကမ္ဘာကျော်အောင် လုပ်ပေးတဲ့ ဆရာကို စော်ကားတဲ့ ဒီကောင် ပြောင်းပလေ့စေ၊ ဘာဖြစ်လဲ၊ သူ့နေရာမှာ ဗန်းပါစီ၊ ဖာဖရီဂက်စ်တို့ ရှိတယ်၊ ဘာဖြစ်လဲ"

အားဆင်နယ်အသင်း ခေါင်းဆောင် ဗီယာရီတစ်ယောက် ဂျူဗင်တပ်အသင်းကို ပြောင်းသွားတော့ နည်းပြ အားဆင်ဝင်းဂါးနှင့် အားဆင်နယ်အသင်းပိုင်ရှင်တွေတောင် ကိုထွန်းဝင်းလောက် ဒေါသထွက်ချင်မှ ထွက်ပါလိမ့်မည်။ ကိုထွန်းဝင်းကတော့ သူ့ပေါက်ကွဲမှုကို အိမ်အထိ သယ်လာပါတော့သည်။

"အဖေကလည်းဗျာ... ဘာဖြစ်လဲ၊ ပြောင်းတော့ကော ဒီလောက် အားဆင်နယ် ဆုဖလားတွေ ရဖို့ သူက အသင်းခေါင်းဆောင် လုပ်ပြီး တိုက်ပွဲဝင်စိတ်ဓာတ် အပြည့်နဲ့ အသင်းကို ဆုဖလားတွေ အနိုင်တွေ ရအောင် လုပ်ပေးတာ၊ သူ့တန်ဖိုးကို မသိဘဲ အမြတ်ရအောင် လုပ်ပစ်တာ၊ ကျွန်တော်သာဆို အားဆင်နယ်ကို မုန်းလို့ ဗီယာရီနေရာမှာဆို အာပုံတောင် စားမှာ မဟုတ်ဘူး"

ကိုထွန်းဝင်း သား၏ စကားအဆုံး ကိုထွန်းဝင်း ဒေါသတွေက အထွတ်အထိပ်သို့ ရောက်သွားပါသည်။

သူ့ဒေါသတွေက အိမ်နံရံမှာ ကပ်ထားသော အားကစားဂျာနယ်များမှ အချပ်ပို မေတ္တာလက်ဆောင်ပေးသည့် အားဆင်နယ်အသင်းမှ ဗီယာရီဓာတ်ပုံကို ခွာပြီး အပိုင်းပိုင်း အစစ ဆုတ်ဖြဲလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထားကွ… ဂမ်းနားတွေရဲ့ အမြောက်ကြီးက ဗီယာရီရှိမှ မဟုတ်ဘူး၊ ကျန်တဲ့လူတွေနဲ့လည်း ဖြစ်တယ်"

အော်ကြီးဟစ်ကျယ်နှင့် အော်ပြောလိုက်သော ကိုထွန်းဝင်း အသံကြောင့် အိမ်နောက်ဖေးမှာ ဟင်းချက်နေသော ဇနီးဖြစ်သူ မချိုက ထွက်လာပြီး မျက်စောင်းထိုးတော့မှ ငြိမ်သွားပါသည်။

"ဒီနေရာမှာတော့ အာဆင်ဝင်းဂါးကြီးလည်း ငါ့လိုပဲ သူ့မိန်းမ ကြောက်ရမှာပဲကွ သိလား၊ ငါ့သား"

သားဖြစ်သူကို ရယ်ကျဲကျဲ လုပ်ပြီး ပြောတော့ သားဖြစ်သူက ပြုံးပြီး အိမ်ပေါ်ကနေ အိမ်အောက်ကို ဆင်းသွားပါတော့သည်။

အာဆင်ဝင်းဂါးသာ ကိုထွန်းဝင်း စကား ကြားရလို့ကတော့ အသရေဖျက်မှုနှင့်များ တရားစွဲလေမလား မသိ။

( ၃ )

"ကဲ… ဘာတတ်နိုင်လဲ၊ မင်းတို့တွေ အထင်သေးတဲ့ အာဆင်နယ်က ဘာစီလိုနာနဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲ ပြိုလေကွာ"

ကိုထွန်းဝင်း အနှစ်နှစ် အလလ မျှော်လင့်တောင့်တခဲ့သော သူ့အာဆင်နယ် အသင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲ ရောက်သွားသဖြင့် သိန်းငါးရာဆု အကြိမ် တစ်ရာ ပေါက်သလိုမျိုး ကိုထွန်းဝင်း ဝမ်းသာတာ ပြောဖွယ်မရှိတော့။ ချန်ပီယံလိဂ် ဘောလုံး ဗိုလ်လုပွဲ ကျင်းပသည့် နေ့မှာတော့ ကိုထွန်းဝင်းတစ်ယောက် ဘာအလုပ်မှ မလုပ်တော့။ တစ်နေ့လုံး လက်ဖက်ရည်ဆိုင်မှာ သူ့အာဆင်နယ် အသင်း ဗိုလ်စွဲမည့်အကြောင်းကို တွင်တွင်ကျယ်ကျယ် ပြောပါတော့သည်။

"ဒီည… အဲ… မနက်အစောကြီး ကန်မယ့်ပွဲကို ကြည့်လိုက်၊ အာကြီးက ဆုဖလားကြီးကို ဘယ်သယ်သွားမလဲဆိုတာ…"

ကိုထွန်းဝင်း ထိုပွဲစဉ်ကို ကြည့်သောအခါ အာဆင်နယ် ဂိုးသမား လေးမန်း လုပ်ပုံကို ကြည့်ရင်း အတော်ဒေါသဖြစ်သွားပါသည်။ ပွဲက မငြိမ်းရသေး။ သူက အနီကတ်ပြ အထုတ်ခံရပြီ။ ဘာစီလိုနာ အသင်းမျိုးကို ဆယ်ယောက် လျှော့နှင့် အာဆင်နယ်တို့ အလူးအလဲ ခံနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဘာစီလိုနာ၏ သွင်းဂိုးတစ်ဂိုးဖြင့် အာဆင်နယ်တို့ အရှုံးပေးလိုက်ရသည်။ လေးလံသော ခြေလှမ်းများဖြင့် ကိုထွန်းဝင်း အိမ်သို့ ပြန်လာခဲ့ပါသည်။ နောက်တစ်နေ့မှာ သူ ထမင်းတောင် ကောင်းကောင်းမစားနိုင်။ အားကစားဂျာနယ်လည်း ဝယ်မဖတ်ပါ။

ကိုထွန်းဝင်း မိန်းမ မချိုကတော့ တစ်ရက်တာ အားကစားဂျာနယ်ဖိုး သက်သာရုံမက နောက်နှစ်ဝက်လောက်အထိ အာဆင်နယ် အလွမ်းဝေဒနာ ခံစားနေရသော ကိုထွန်းဝင်း ဘောလုံးပွဲတွေ ပြီးသည်အထိ ခံစားပါစေလို့ ဆုတောင်းနေပါသည်။

ဒါမှ အားကစားဂျာနယ်ဖိုးတွေ သက်သာမှာလေ။

( ၄ )

"အွန်နရီ ခြေမပေါ်တာ ဘာဖြစ်လဲ၊ အခု သားလေး ဝဲကော့ အာဆင်နယ်မှာ ခြေစွမ်းပြနေပြီလေ၊ ဝဲလ်ကော့လေးရဲ့ စွဲမက်စရာတွေ လာတော့မှာ၊ ဘယ်အသင်းတွေ လိုက်မီသေးလဲ၊ တချို့ဆို အာဆင်နယ် ပရိသတ်တွေတောင် ဖြစ်လာတော့မှာ"

ယခုနောက်ပိုင်း အာဆင်နယ်မှ တိုက်စစ်မှူးလေး ဝဲလ်ကော့အကြောင်းကို မကြာခဏ ကိုထွန်းဝင်း ပြောပါလေတော့သည်။

ကိုထွန်းဝင်း ချီးကျူးတာ မှန်ပါသည်။ အာဆင်နယ်အသင်းခမျာ ပွဲစဉ်တော်တော်များများ ရှုံးပါသည်။ ကာလင်းဖလားမှာလည်း ချဲလ်ဆီးကို



www.burmeseclassic.com



ရှုံးသည်။ အက်ဖ်အေဖလား‌မှ ထွက်ရသည်။ ထို့အပြင် ချန်ပီယံလိဂ်မှာလည်း ထွက်လိုက်ရပါသည်။ အာဆင်နယ်ကို ခေတ္တပရိသတ်ဖြစ်မိသူတွေ မေတ္တာပို့ပါတော့သည်။

"ဘာအာဆင်နယ်လဲ၊ အသင်းကို ချစ်မယ် လုပ်ခါမှ ဒီအသင်းက ပရိသတ် မေတ္တာကို မလိုချင်တဲ့အသင်း၊ ချစ်တတ်တဲ့ နှလုံးသားတွေကို မြေကြီးပေါ် ပစ်ချတဲ့အသင်း"

ကိုထွန်းဝင်း ရှေ့မှာ ထိုစကား ပြောသောအခါ ကိုထွန်းဝင်း ပေါက်ကွဲပါတော့သည်။

"မင်းတို့ကို အာဆင်နယ်အသင်း ဘယ်သူ ကြိုက်ခိုင်းလဲ၊ ကိုယ့်ဘာသာ ကိုယ် ကြိုက်တာ မဟုတ်လား"

"ကိုယ့်ဘာသာကိုယ် ကြိုက်လို့ ခံရခက်တာပေါ့ဗျ။ အာဆင်နယ်က နည်းနည်းလေး နိုင်မယ် မထင်နဲ့၊ အွန်နရီက တစ်ဖက်အသင်းကို ရိုလို့ရိုးပြီးတော့ တစ်ဖက်အသင်းကို အထင်သေးသလို အမူအရာလုပ်၊ လေးမန်းလည်း ဘာထူးလဲ၊ ကိုယ် နိုင်ရင် အချိန်ဆွဲနဲ့ ဒီအသင်း ပရီးမီးယားလိဂ်မှာ ရှေ့နှစ် ချန်ပီယံလိဂ် ခြေစစ်ပွဲဝင်ဖို့ အဆင့်လေးဝင်ရင် ဟောဒီ ဘောလုံးပွဲကြည့်တဲ့ မျက်လုံးတွေကို ဖောက်ပစ်မယ်ကွာ မန်ယူတို့ ချဲလ်ဆီးတို့ လီဗာပူးတို့နဲ့ တခြားစီပဲ"

အာဆင်နယ်အသင်းအား ရက်ရက်စက်စက် မညှာတမ်း ပုတ်ခတ်ဝေဖန်နေသော ရပ်ကွက်ထဲမှ ကိုမောင်မြင့်အား ကိုထွန်းဝင်း ဘာစကားမှ မဆိုနိုင်။ သူတို့ ပြောတာကလည်း ဟုတ်နေပါသည်။

"အခုဆို ဟန်ဆောင်ကာမှုပို သီချင်းအလိုက် အာဆင်နယ်အသင်းကို တောင် သီချင်းစပ်ထားတယ်၊ *တော်ပါ... အာဆင်နယ် ရက်စက်နိုင်လွန်းတယ်၊ သုံးဂိုး သွင်းမယ်၊ လေးဂိုး သွင်းမယ်၊ တစ်ဂိုးမှ မသွင်းဘူးကွယ်*"

ကိုမောင်လှက စကားပြောရင်း သီချင်းဆိုလို့ အဆုံး အနီးအနားမှာ ရှိသော လူတွေက ဝိုင်းဟားပါတော့သည်။

"အေးပေါ့ကွာ... မင်းတို့ အခုတော့ ပြောအားရှိပြီပေါ့၊ စစ်ဗိုလ်ချုပ်ကြီး မက်အာသာရဲ့ စကားနဲ့ ပြောရရင် တစ်နေ့ ပြန်လာမယ်ဟေ့၊ အကြီးအသင်း တစ်နေ့ ပြန်လာမယ်၊ မှတ်ထားကွ"

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းဝင်း၏ ကြွေးကြော်သံက လက်ဖက်ရည်ဆိုင်ထဲ ကျယ်လောင်သွားပါသည်။ အာဆင်နယ် ချစ်သူတစ်ဦး၏ ရင်ထဲမှ ထွက်ကျလာသော စကားလုံးတွေအတွက် ဤကမ္ဘာမြေမှာ စာနာပေးသူ တစ်ယောက်မှတောင် မရှိတော့ဘူးလားလို့ ကိုထွန်းဝင်း စဉ်းစားမိသွားသည်။

"သေချာတာကတော့ အာဆင်နယ် ကိုထွန်းဝင်းရေ၊ ဒီပုံအတိုင်းဆိုရင်တော့ ခင်ဗျား အာဆင်နယ်အသင်း အောက်တန်းဆင်းရဖို့က ကျိန်းသေပြီဗျို့"

"ဘာကွ"

ကိုမောင်လှ၏ ထိုစကားလုံးက ကိုထွန်းဝင်း ရင်ဘတ်ထဲသို့ ဓားချက်ပေါင်းများစွာ စိုက်ဝင်သလိုမျိုး ခံစားလိုက်ရသဖြင့် ကြော်ငြာတွေထဲက စူပါမင်းသားကြီး ပြောသလိုမျိုး ပြောချလိုက်ပါသည်။

( ၅ )

နာကျင်ရှက်ရွံ့ မခံချင်သော စိတ်တွေနှင့် လက်ဖက်ရည်ဆိုင်ကနေ အိမ်ကို ပြန်လာသော ကိုထွန်းဝင်းကို ဇနီးဖြစ်သူ မချိုက လက်ဖက်ရည်ဆိုင်မှာ စကားများခဲ့သော အကြောင်းတွေ သိနှင့်နေပြီး ဖြစ်ပါသည်။

"ရှင် မရှက်ဘူးလား၊ လက်ဖက်ရည်ဆိုင်ထဲမှာ အော်ကြီးဟစ်ကျယ်နဲ့ စကားများတာ၊ ရှင့်ကို အပြတ်ပဲပြောမယ်၊ ကျွန်မနဲ့ အာဆင်နယ် ရှင် ကြိုက်တာ ရွေး၊ ဒါပဲ"

ဇနီး မချို၏ တစ်ချက်လွှတ် စကားအား ကိုထွန်းဝင်း မငြင်းဆန်နိုင်ပါ။ မိချိုကို ကွာပြီး အာဆင်နယ်အသင်းကို အဂ်လန်အထိ လိုက်အားပေးဖို့က မဖြစ်နိုင်။

"အေးပါကွာ... ငါက မင်းကို မပြတ်နိုင်တော့ အာဆင်နယ်ကို ဖြတ်ပြီး မင်းကြိုက်တဲ့ မန်ယူကိုပဲ အားပေးရတော့မှာပေါ့"

ကိုထွန်းဝင်း စကားအဆုံး ဇနီးဖြစ်သူ မချို ပြုံးလိုက်သည့် အပြုံးက ဒီကမ္ဘာမှာ အလှဆုံး အပြုံးဟု ကိုထွန်းဝင်းက သတ်မှတ်လိုက်ပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

# မေ့တတ်ပါပေ့ ကိုရင်ညို




( ၁ )

အားကစားဂျာနယ်ကို လက်ဖက်ရည်စားပွဲဝိုင်းပေါ် ပစ်ချလိုက်ပြီး ကိုရင်ညို တော်တော်ပျော်သွားပါသည်။ လက်သီးလက်မောင်းကို တန်းရင်း ကိုရင်ညို ကြွေးကြော်လိုက်သည်။

"ကဲ… ဘာတတ်နိုင်သေးလဲ၊ ဘာစီလိုနာက ရီကာတ်ရယ်၊ ချဲလ်ဆီး နဲ့ မော်ရင်ညိုကွင်းမှာ မင်းတို့ ဒူးထောက်လိုက်ရပြီ မဟုတ်လား၊ ဒါမှ ငါ့ မော်ရင်ညိုကွ"

ကိုရင်ညိုက ခြေအငြိမ်မနေနိုင်ဘဲ လွတ်နေသော ပလတ်စတစ် ကုလားထိုင်ကိုပါ ခြေထောက်နှင့် ပြေးကန်လိုက်သဖြင့် ခုံက ဘေးစားပွဲဝိုင်းမှ လက်ဖက်ရည်သောက်နေသော ရပ်ကွက်ထဲက ဘုဂလန့် ဦးစိန်သန်း ခြေထောက် ကို သွားထိပါသည်။

www.burmeseclassic.com



“ဟော့ကောင်… မင်း သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို မသိဘူးလား၊ ကိုယ့်ဘေးနားမှာ လူကြီး ရှိတာကို သတိထားဦးကွ၊ မျက်စိလေး ဘာလေးက ရှေ့ကြည့် နောက်ကြည့် ကြည့်ဦး”

“ကန်တော့ ဦးစိန်သန်းရယ်၊ ဝမ်းသာလွန်းလို့ပါဗျာ၊ ချန်ပီယံလိဂ် အုပ်စုပွဲမတိုင်ခင် နိုင်ငံခြားသတင်းထောက်တွေက ချဲလ်ဆီးအသင်းရဲ့ ကွင်းဝကို သွား၊ ကုလားအုပ်တွေနဲ့ စုံစမ်းပြီး သတင်းရေးလိုရေး၊ နှိမ်လိုနှိမ်နဲ့ ကျွန်တော့် မော်ရင်ညိုရဲ့ ချဲလ်ဆီးကို သေးသိမ်အောင် လုပ်တာ၊ အခု ဘာစီလိုနာလို အသင်းမျိုးကို နိုင်သွားလို့ ဝမ်းသာသွားတာပါဗျာ”

ဦးစိန်သန်းက ကိုရင်ညိုကို ဘုကြည့် ကြည့်ရင်း-

“မင်း နောက်တစ်ခါ ဝမ်းသာမယ်ဆို ဘေးဘီကို ကြည့်ပြီး ဝမ်းသာ အေး… အခု ငါ သောက်တဲ့ လက်ဖက်ရည်ဖိုးကို မင်း ရှင်းလိုက်၊ ဒါပဲ”

ရေနွေးကို တစ်ခွက် မော့သောက်ပြီး ဦးစိန်သန်းက ထိုင်ရာမှ ထထွက်သွားသည်။ ကိုရင်ညိုက မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ဦးစိန်သန်းကို ကြည့်နေသည့် မြင်ကွင်းက ရည်းစားက ယောကျ်ားယူတော့မှာမို့ နှမြောတသ အကြည့်မျိုး ဖြစ်လို့နေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



( ၂ )

"ချဲလ်ဆီးအသင်းကို ကြိုက်တာက မော်ရင်ညိုကြောင့်ဗျ၊ ဘာဖြစ်လို့လဲဆို ငါ့နာမည် ကိုရင်ညိုနဲ့ တူလို့ရယ်၊ ပြီးတော့ မော်ရင်ညို ပြောတဲ့စကားတွေက တစ်ဖက်လူပေါ် ပိသသာလေးနဲ့ ပြေးထုလိုက်သလို ဖြစ်လို့ကွ"

အရပ်ထဲမလည်း ကိုရင်ညိုတစ်ယောက် အဲဒီစကားတွေ တွေ့သမျှလူကို လက်ဖက်ရည်တိုက်ပြီး ပြောလေ့ရှိပါသည်။ ဒါ့အပြင် အားကစားစာစောင်၊ ဂျာနယ် မျက်နှာဖုံးမှာ ဖော်ပြထားသည့် မော်ရင်ညို၏ ပုံကိုလည်း ပလတ်စတစ်လောင်းပြီး အိမ်ခေါင်းရင်းမှာ ချိတ်လို့ထားသေးသည်။ ဒါကို တူဖြစ်သူကိုသက်က ဦးလေးဖြစ်သူ ကိုရင်ညိုကို ပြောသော စကားက ရှိပါသေးသည်။

"ဦးရင်ညိုနဲ့များဗျာ... သေသွားတဲ့ အဘိုးနဲ့ အဘွားရဲ့ ဓာတ်ပုံကို အခု မောင်ရင်ညို ချိတ်တဲ့နေရာမှာ ချိတ်ထားရင် တမလွန်ကနေ အဘိုးနဲ့ အဘွားက ဦးရင်ညိုကို ကျေနပ်နေမှာဗျ"

တူဖြစ်သူက ထိုစကားကို ပြောလေတိုင်း ကိုရင်ညိုကတော့ အိမ်နံရံမှာ ပလတ်စတစ်လောင်းပြီး ကပ်ထားသော မော်ရင်ညိုပုံကို ကြည့်လို့၊ မော်ရင်ညိုကတော့ ပလတ်စတစ်လောင်းထားသော ပုံထဲမှာ တစ်လောကလုံး သူ့လုပ်စာ စားရသည့် ပုံစံမျိုး ဖြစ်လို့နေသည်။

"ဟေ့ကောင် ရင်ညို... တစ်ခါတလေလေးများ မော်ရင်ညိုကို ချီးကျူးသလိုမျိုး မင်းရဲ့ အစ်ကိုကြီး ငါ့ကို ချီးကျူးကြည့်ပါလားကွာ၊ မင်းကိုရင်ကြီးဘဝ လူထွက်လာပြီး ဘာမှ မလုပ်တဲ့ သုံးနှစ်လောက် ငါက တင်ကျွေးထားရတာလေကွာ"

"ဒါကတော့ ဝဋ်ကြွေးတွေ ဟိုဘဝက ကျွန်တော့်အပေါ် ရှိလို့ဆပ်တယ်ပဲ သဘောထားပေါ့ဗျာ"

ကိုရင်ညို၏ အစ်ကိုကြီးက ထိုသို့ ပြောတိုင်း ထိုစကားက ကိုရင်ညို ပြန်ပြောလေ့ရှိသော စကားဖြစ်သည်။ ညီအစ်ကို မောင်နှမတွေထဲတွင် အငယ်ဆုံး။ ငယ်စဉ်ဘဝကတည်းက ကိုရင်ဝတ်ပြီး ပဉ္စင်းတက်ခါနီးမှာ ပဉ္စင်းမတက်ဘဲ ကိုရင်ကြီးဘဝမှ လူထွက်လာသော ကိုရင်ညိုကို ညီအစ်ကို မောင်နှမတွေက အပြစ်မမြင်၊ အားလုံးက ဝိုင်းချစ်ကြသည်။ ကိုရင်ညို လုပ်ချင်တာလုပ်၊ ကိုရင်ညို မဟုတ်တာတော့ မလုပ်။ သို့သော် ဘောလုံးပွဲရှိတော့ မပြတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ဘောလုံးဂျာနယ်တွေ ဝယ်သည်။ ဘောလုံးကန်သည်။ ဘောလုံးသာ သူ့ဘဝ။

( ၃ )

အခုတလော့မှာ ကိုရင်ညို ဘောလုံးကန်ချင်စိတ် သိပ်မရှိ။ သူ့အတွေးထဲမှာ အမြဲရှိနေတာက သူ အားကျသော မော်ရင်ညိုလို ဘောလုံးနည်းပြဆရာသာ ဖြစ်ချင်သည်။ ခက်တာက ကိုရင်ကြီးဘဝက လူထွက်လာရသဖြင့် ကျောင်းလက်ရွေးစင်၊ ရပ်ကွက် လက်ရွေးစင်၊ မြို့နယ်လက်ရွေးစင်၊ တိုင်းလက်ရွေးစင်တွေလည်း မဖြစ်ခဲ့သဖြင့် နည်းပြလုပ်လို့က မရ။ သူ့အဖို့ စားလည်းနည်းပြ၊ သွားလည်း နည်းပြ လုပ်ချင်သည့်စိတ်တွေက လွှမ်းမိုးလို့နေသည်။

"ကျုပ်သာ ဘောလုံးတစ်သင်းကို နည်းပြလို့ ရလို့ကတော့ မော်ရင်ညိုလို ကိုရင်ညို လက်စွဲကျမ်းဆိုပြီး ကိုယ့်ရဲ့ အသင်းသားတွေကို အဲဒီစာအုပ်ထဲက အတိုင်း ကျင့်ခိုင်းပစ်မယ်၊ ဘာရမလဲ··· ကျုပ်ရဲ့ နည်းစနစ်အောက်မှာ ကျန်တဲ့ အသင်းတွေ ပြားပြားဝပ်သွားစေရမယ်"

"ဒါပေါ့ ကိုရင်ညိုရယ်··· ဘာမှ ပူမနေပါနဲ့၊ ဒီဘဝ နည်းပြဆရာ မဖြစ်လည်း နောက်ဘဝကျရင် ဖြစ်မှာပေါ့ဗျာ၊ ကြိုးစား"

"မှန်တာပေါ့ဗျာ၊ ကဲ··· လက်ဖက်ရည်ဖိုး ကျုပ်ပဲ ရှင်းမယ်"

သူ ပြောသော စကားကို နားထောင်ပြီး သူ တိုက်သော လက်ဖက်ရည်ကို သောက်ပြီး ရွှဲပြောတာကိုပဲ ကိုရင်ညိုက အဟုတ်ကြီး ထင်လို့နေပါသည်။

တစ်နေ့တော့··· ကိုရင်ညိုအတွက် သူ မျှော်လင့်ထားသော အကြောင်းအရာ တစ်ခုက သူ့ထံသို့ ရောက်ရှိလာပါတော့သည်။

( ၄ )

ရပ်ကွက်ထဲမှာ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ကျင်းပသည့်အခါ ကိုရင်ညိုတို့ ရပ်ကွက်ထဲမှာ ငါးယောက်ကြေး ဒဗလူ ဘောလုံးပြိုင်ပွဲလည်း ပါဝင်ပါသည်။ ကြိုက်သည့်အသင်း ပြိုင်ပွဲဝင်ကြေး နှစ်ထောင် ပေးပြီး ယှဉ်ပြိုင်နိုင်ပါသည်။ အရပ်ထဲမှာ ရှိသော ဘောလုံးဝါသနာရှင် လူငယ်လေးတွေက ဝင်ပြိုင်ဖို့ စာရင်းပေးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲဝင်ကြေး နှစ်ထောင် မပေးနိုင်သော ဘောလုံး ဝါသနာရှင် လူငယ်လေးတွေလည်း ရှိပါသည်။ ထိုအခါ နည်းပြ လုပ်ချင်သော ကိုရင်ညို အတွက် အဓိကအချက် ဖြစ်လာပါသည်။

"မင်းတို့ ဘာမှမပူနဲ့၊ ပြိုင်ပွဲဝင်ကြေး ငါ စိုက်ပေးမယ်၊ ပြီးတော့ မင်းတို့ ကန်မယ့်ဝတ်စုံ ငါ ချုပ်ဆီးအင်္ကျီ ဝယ်ပေးမယ်၊ ဘောလုံးက စလို့ပေါ့ ကွာ၊ အဲ… ဒါပေမဲ့ နည်းပြဆရာ ငါ လုပ်မယ်"

"ရတာပေါ့ ကိုရင်ညိုရယ်… ကိုရင်ညိုလိုလူမျိုးမှ နည်းပြ မလုပ်ရင် ဘယ်လိုလူက လာလုပ်မှာလဲ"

ဘောလုံးပြိုင်ပွဲ ဝင်ချင်သည့် လူငယ်ကလေးတွေက ဝင်ကြေးမပေးဘဲ ဘောလုံးလည်း ကန်ရမည်။ ပြီးတော့ ဘောလုံးကန်အင်္ကျီလည်း အလကား ရဦးမည်ဆိုတော့ ကိုရင်ညို နည်းပြလုပ်မည့် ကိစ္စကို ကန့်ကွက်သူမရှိ ထောက်ခံ ကြပါသည်။

"အေး… ဒါဆိုရင်တော့ ပြိုင်ပွဲလုပ်ဖို့က ငါးရက် လိုသေးတယ် ဆိုတော့ လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန် လုပ်ရမယ်"

ကိုရင်ညိုက သူ့အသင်း လေ့ကျင့်ဖို့အတွက် ဘောလုံး ကစားမည့် နေရာကို ရှာသည်။ ရှာမတွေ့။ နောက်ဆုံး သူတို့လမ်းထဲက ပေနှစ်ဆယ် မြေကွက်တစ်ကွက် ကို သွားတွေ့သည်။ မြေကွက်ကို ဝယ်ထားပြီး ပိုင်ရှင်က အိမ်မဆောက်သေးဘဲ ခြံစည်းရိုး ခတ်ထားသည်။ ထိုပေနှစ်ဆယ် မြေကွက် ထဲမှာ ကိုရင်ညိုနှင့် သူ့အသင်းသားတွေ ဘောလုံး ငါးလုံးဖြင့် လေ့ကျင့်ခန်းတွေ အပြင်းအထန် လုပ်ပါတော့သည်။ ပါးစပ်မှာ ဝီစီခဲထားသော ကိုရင်ညို ဝီစီသံက လမ်း ထဲက လူတွေ နားငြီးရသည်။  သည်ကြားထဲ ကိုရင်ညို အသင်းသားတွေရဲ့ ကော် ဘောလုံး လေ့ကျင့်ချက်က

www.burmeseclassic.com



ခြံစည်းရိုးကျော်ပြီး ဘေးအိမ်တွေက ပြတင်းပေါက် ထိလိုထိ၊ သူများ အိမ်ခေါင်မိုးပေါ် ကျလိုကျ။ အဆိုးဆုံးကတော့ မြေကွက်ကို ခြံခတ်ထားသော ခြံစည်းရိုးတွေ ကျိုးကုန်၍ အသစ်ပြန်လုပ်ပေးရတာ ငွေနှစ်သောင်းလောက် ကုန်သွားပါတော့သည်။

သို့သော် နည်းပြကြီး ကိုရင်ညိုကတော့ ပြုံးပြုံးပါပဲ။

( ၅ )

"ကိုရင်ညို နည်းပြလုပ်တာက ကိစ္စမရှိဘူး၊ အဓိကက မော်ရင်ညိုလို ကုတ်အင်္ကျီ ဝတ်ရမယ်လေ"

"ဟုတ်ပါရဲ့ ကိုဘသောင်းရေ… ကျေးဇူးပဲ၊ မေ့နေတာဗျာ"

နည်းပြ လုပ်နေသော ကိုရင်ညိုကို လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုဘသောင်းက ကြပ်ပေးပါသည်။ ဘယ်ရမလဲ။ ကိုရင်ညိုတစ်ယောက် ဈေးတကာ့ဈေးသို့ ပြေးပြီး လမ်းဘေး ပုံပုံကြီးစတိုးတွင် ချရောင်းနေသော ဘောထည်တွေထဲက ကုတ်အင်္ကျီ ခပ်နွမ်းနွမ်းတစ်ထည်ကို ရှာပါတော့သည်။ နောက်ဆုံး သူ လိုချင်သော မော်ရင်ညို ဝတ်သော ကုတ်အင်္ကျီနှင့် ခပ်ဆင်ဆင် တူသော ကုတ်အင်္ကျီအဟောင်းကြီး တစ်ထည်ကို သူ ငွေနှစ်ထောင်ပေးပြီး ဝယ်လာပါတော့သည်။

"ဦးရင်ညိုကလည်းဗျာ… ဘာအရူးထတာလဲ၊ ဒီအင်္ကျီကြီးက လက်နှီးစုတ်ကျနေတာပဲ"

"မင်း ဘာသိလဲကွ၊ မော်ရင်ညိုက ဒါမျိုး ဝတ်တာ"

"ဒါဆိုရင် မော်ရင်ညို ပြောသလိုမျိုး ပြောဖို့လည်း စကားတွေ ရှာထားဦး"

ကိုရင်ညို၏ တူဖြစ်သူ ကိုသက်က ကိုရင်ညို ဝတ်လာသော ကုတ် အင်္ကျီကို ကြည့်ပြီး မနှစ်မြို့သော အမူအရာနှင့် ကိုရင်ညိုကို ပြောလိုက်ပါသည်။

"ကျေးဇူးပဲ ငါ့တူရေ… ပြိုင်တဲ့နေ့ကျရင် ဟုတ်တာပေါ့၊ မော်ရင်ညို ပြောသလို စကားလည်း ပြောရမယ်၊ မော်ရင်ညိုရဲ့ အမူအရာမျိုးလည်း ကျင့်ရမယ်၊ မော်ရင်ညို အောင်ပွဲခံသလိုမျိုးလည်း လုပ်ရဦးမှာပဲ၊ ဦး မေ့သွား တယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



တူဖြစ်သူ ကိုသက်ကတော့ သူ့ဦးလေး ကိုရင်ညိုကို သူ သတိပေး တာ မှားများမှားသွားပြီလေလားလို့။

## ( ၆ )

မှန်ရှေ့မှာ ကိုရင်ညိုတစ်ယောက် ချဲလ်ဆီးဘောလုံးပွဲတွေကို စလောင်းက သူ ကြည့်ခဲ့သမျှ မော်ရင်ညိုရဲ့ အမူအရာ မျက်နှာပေးတွေအတိုင်း ကျင့်ပါသည်။ မျက်နှာက ရွဲ့လိုက်၊ နှုတ်ခမ်းကို စူလိုက်၊ မျက်စောင်းထိုးလိုက်၊ မျက်နှာကြော ကို တင်းလိုက်၊ အံကိုကြိတ်လိုက်၊ သွားကို ကြိတ်လိုက်နှင့် မသိလျှင် စိတ်မနှံ့သူ လေအလားပါပဲ။

ဒါ့အပြင် လေ့ကျင့်ခန်းဆင်းနေသော သူ့အသင်းသားတွေရှေ့မှာလည်း မော်ရင်ညို အောင်ပွဲခံသလိုမျိုး ခုန်ပေါက်လိုက်၊ ဒူးနှန့်ပြလိုက်နှင့်။ ပြီးတော့ မော်ရင်ညို ပုံစံအတိုင်း သူ့အသင်းသားတွေကို အမိန့်တွေ ထုတ်ပြန်ပါသေး သည်။

“ဘောလုံးပွဲ ကစားမယ့်ရက်က တစ်ရက် နှစ်ရက်ပဲ လိုတယ်၊ စည်းကမ်းကို လိုက်နာပါ၊ မလိုက်နာရင် ဘယ်သူ ဘယ်လောက်ပဲ ကောင်းကောင်း အသင်းရဲ့ ပထမ ငါးယောက် ပွဲထွက်ခွင့်ထဲ ပါရမှာ မဟုတ်ဘူး၊ ဒီထက်ဆိုး ရင် အသင်းကနေကို ထုတ်ပစ်မယ်”



“ကိုရင်ညို ကျွန်တော်တို့ကို အသင်းက ထုတ်ရင် ဘယ်သူတွေ အစား သွင်းမှာလဲ၊ စာရင်းက ပိတ်နေပြီဟာ၊ ဘောလုံးကန်မှာက ငါးယောက်၊ အရန် က သုံးယောက်တည်းဟာ၊ ကိုရင်ညို ထုတ်လိုက်ရင် အရန်အင်အား မတောင့်တင်းဘဲ ရှုံးသွားမှာပေါ့”

ကိုရင်ညို အသင်းသား အချို့က စောဒကတက်ပါသည်။

ထိုအခါကျတော့လည်း ကိုရင်ညိုက ပြုံးပြုံးဖြဲဖြဲ လုပ်ရင်းမှ–

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ... ငါက မော်ရင်ညိုလို ပြောကြည့်တာပါကွာ၊ မင်းတို့ကလည်း"

ကိုရင်ညို အသင်းသားတွေကတော့ ကိုရင်ညိုကို ကြည့်ပြီး ဟားပါတော့သည်။

"ကိုရင်ညို... မော်ရင်ညိုလို သူများအသင်းတွေကိုလည်း ခန့်တဲ့တဲ့ရိတဲ့ စကားတွေ လုပ်ဦးလေ"

ကိုရင်ညိုကို အသင်းသားတစ်ယောက်က ကြပ်ပေးပါသည်။ ဒါကိုကိုရင်ညိုက လက်ခံသည့်အနေနှင့် ခေါင်းညိတ်ပြပါသည်။

ကိုရင်ညို နောက်တစ်နေ့ မကူးပါ။ လွတ်လပ်ရေးနေ့ ဒဗလျူဘောလုံးပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေသော အခြားအသင်းသား လူငယ်လေးတွေ ဘောလုံးကျင့်သည့် နေရာသို့ ရောက်အောင် သွားပါသည်။

"ဘောလုံးပွဲဟာ စစ်ပွဲပဲ၊ တစ်ဖက်အသင်းရဲ့ ပျော့ကွက်တွေကိုရှာတတ်ဖို့ လိုတယ်"

"ဒိုင်လူကြီးတွေ ဘက်လိုက်ကြည့်ပါလား၊ ရာသက်ပန် အနားယူရအောင် လုပ်ပစ်မယ်"

"မင်းတို့ အသင်းတွေ အားလုံးက ငါတို့အသင်းကို အမြဲတမ်းရှုံးစေချင်နေတာ မဟုတ်လား"

"စိတ်ချ... ဘောလုံး ကစားတဲ့အခါ ကွင်းဘေးမှာ ရုက္ခစိုးနတ်မင်းလို မတ်မတ်ကြီး ရပ်တည်နေနိုင်ပါတယ်ကွ"

"ဘာလဲ... နည်းပြဆရာဆိုတာ ဘယ်နေ့လုပ်လုပ် နည်းပြဆရာဟာနည်းပြဆရာပဲကွ"

"အေး... ဒီလို ဒဗလျူရပ်ကွက် ပြိုင်ပွဲတွေမှာ နည်းပြမရှိဘဲကန်နေတဲ့ ဝလေ့ကို ကိုရင်ညိုက ဖျက်ပေးပြီး အင်တာနေရှင်နယ် ဖြစ်အောင်လုပ်ပေးနေတာကွ"

"ဗိုး... ဖောင်း... အား"

ထိုကဲ့သို့ ပါးစပ်က ဟောင်ဖွာဖွာနှင့် ပြောနေသော ကိုရင်ညိုကော်ဘောလုံးကန် လေ့ကျင့်နေသော လူငယ်လေးတစ်ဦးက အလစ်မှာ အငြိုက ကတ်ကတ်နှင့် ဘောလုံးဖြင့် မျက်နှာတည့်တည့် ပစ်ကန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကောင် ကန်တာလဲကွ"

"ဒီမှာ ကိုရင်ညို… ထိတာတောင် နည်းသေးတယ်၊ ဘယ့်နှယ်ဗျာ၊ သူများတွေ ဘောလုံးကန်နေတာ ဘေးနားက စာလာဖတ်နေတာကိုးဗျ"

ကိုယ့်အပြစ်နှင့် ကိုယ်မို့ ကိုရင်ညို မျက်နှာကို လက်နှင့် ပွတ်ရင်းက လစ်ထွက်လာရပါတော့သည်။

( ၇ )

ကိုရင်ညို မျှော်လင့်နေသော လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ ဒဗလျူ ဘောလုံးပြိုင်ပွဲက ရပ်ကွက်ထဲမှာ စတင်ပါပြီ။

ဘောလုံးပြိုင်ပွဲ ကျင်းပသည့် အချိန်က နေ့လယ် တစ်နာရီတိတိ နေပူပြင်းသောအချိန် ရပ်ကွက်အစွန်က လယ်ကွင်းထဲမှာ ဖြစ်ပါသည်။

တစ်ဖက်အသင်းတွေ ယှဉ်ပြိုင်နေချိန်မှာ ဘောင်းဘီရှည် ကုတ်အင်္ကျီနှင့် ဘောပင်တစ်ချောင်း၊ စာရွက်အပိုင်းအစ နှစ်ခုကို လက်မှ ကိုင်ထားသော ကိုရင်ညိုက မော်ရင်ညိုအလား သူ့အသင်းသားတွေကို ညွှန်ကြားနေတာက ဒီစီဒီသုံးချပ်စာမက ရှိလို့နေပါသည်။

ဘောလုံးပွဲ လာကြည့်သူအချို့က နေပူကြီးမှာ ကုတ်အင်္ကျီဝတ်ပြီး ချက်နှာ ချွေးတဒီးဒီးကျနေသော ကိုရင်ညိုကို ကြည့်ပြီး ရယ်ကြပါသည်။ သို့သော် ကိုရင်ညိုက မည်သူ့ကိုမျှ ဂရုမစိုက်။

ဤသို့ဖြင့် ကိုရင်ညို၏ ချယ်ဆီးညို ဘောလုံးအသင်းနှင့် ရပ်ကွက်ထဲက မန်ယူမောင်ဘောလုံးအသင်းတို့ ကစားရမည့် အလှည့်သို့ ရောက်လာပါသည်။ ကိုရင်ညိုက ခေါက်ကုလားထိုင်တစ်လုံးကို ယူလာပြီး ထုံးဖြင့် တားထားသော ဘောလုံးစည်းအနီးနားမှာ ခုံကို ထားလိုက်ပါသည်။ ပြီးတော့ ထိုင်လိုက်ပါသည်။

"ကိုရင်ညို… ဘောလုံးထိမယ်၊ ခင်ဗျားရဲ့ ခုံကို နောက်ဆုတ်ထိုင်"

ပြိုင်ပွဲ ဖြစ်မြောက်ရေး အဖွဲ့ဝင် သိန်းဝင်းက ကိုရင်ညိုကို လာသတိပေးလိုက်ပါသည်။

"ဟေ့ကောင် သိန်းဝင်း၊ ဘာလို့ နောက်ဆုတ်ရမှာလဲ၊ အင်္ဂလန်မှာဆိုရင်း ဘောလုံးစည်းနဲ့ နည်းပြ ထိုင်တဲ့နေရာက နီးနီးလေးပဲဟာ"

www.burmeseclassic.com



"ကိုရင်ညို… ဟိုက အင်္ဂလန်၊ ဒီက မြန်မာပြည်၊ စည်းကမ်းမလိုက်နာရင် ခင်ဗျားကို အဝါကတ်ပြလို့ ရတယ်နော်"

သိန်းဝင်းက သူ့အင်္ကျီအိတ်ကပ်ထဲကနေ စီးကရက်ဘူးခွံကို ကတ်ကြေးဖြင့် ညီအောင် ညှပ်ထားသော ကတ်နှင့် ဘူးခွံအနီရောင် ညှပ်ထားတာကိုပါ ထုတ်ပြပါသည်။

"မင်းတို့တွေ အခုကတည်းက တစ်ဖက် မန်ယူမောင်အသင်းကို ဘက်လိုက်နေပြီ၊ စိတ်ချ… ငါ နောက်ဆုတ်ပေးမယ်၊ နတ်သားလေးလို နေနိုင်တယ်"

ကိုရင်ညိုက ကုလားထိုင်ကို ယူပြီး စည်းနှင့် ခပ်ဝေးဝေးမှာ ထိုင်လိုက်ပါသည်။

ဘောလုံးပွဲက စပါပြီ။ ချဲလ်ဆီးညိုအသင်းကော မန်ယူမောင်အသင်းကော သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်ကြပါသည်။ သို့သော် ဘောလုံးက ကော်ဘောလုံးကို နှစ်ထပ် လုပ်ထားတာဖြစ်သဖြင့် ထင်တိုင်းမပေါက်။ ဘေးထွက်ဘောတွေက များနေပါသည်။ ကိုရင်ညိုက စာရွက်အပိုင်းအစ တစ်ခုပေါ်မှာ ဘောပင်နှင့် ရေးပြီး ဘောလုံး စည်းဘေးနားကို သွားပြီး နောက်တန်း ဆော့သော မောင်ထွန်းကို ခေါ်လိုက်ပါသည်။

"မောင်ထွန်း… အဲဒီစာရွက်ထဲမှာ ငါ ရေးထားတဲ့အတိုင်း ကျန်တဲ့ လူတွေကို လိုက်ပြော"

မောင်ထွန်းက စာရွက်ယူပြီး ကွင်းထဲ ပြန်ဝင်သွားသည်။ ကိုရင်ညိုက ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး မော်ရင်ညိုလိုမျိုး ကုတ်အင်္ကျီကြီး တဖားဖားနှင့် နေပူထဲမှာ ပဲပေးပြီး မတ်တတ်ရပ်လို့နေသည်။

"ဟေ့… ရှေ့ကဖယ်"

"ဒေါင် အား"

ကုတ်အင်္ကျီကြီး တဖားဖားနှင့် ပဲပေးပြီး မတ်တတ်ရပ်နေသော ကိုရင်ညိုကို နောက်ကနေ ပြောင်းဖူးရိုးဖြင့် ပိတ်ပစ်လိုက်သဖြင့် ကိုရင်ညိုက ဟိုကြည့် ဒီကြည့် ကြည့်ကာ ပြန်ထိုင်မည်အလုပ် စောစောတုန်းက ကိုရင်ညို စာရွက်ပေးလိုက်သော မောင်ထွန်းက ဘောလုံးကွင်းထဲကနေ ကိုရင်ညိုအား ပြေးလာရင်း-

www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်ညို… စာရွက်ထဲ ဘာရေးလိုက်တာလဲ၊ ကျုပ်တော် လက်ရေးကို မဖတ်တတ်ဘူး"

"မဖတ်တတ်လည်း နေကွာ"

ကိုရင်ညိုက ဒေါသတကြီး ခြေဆောင့်လိုက်ပြီး ကုလားထိုင်မှာ ပြန်ထိုင်လိုက်သည်။ ထိုအချိန်မှာပဲ ဘောလုံး ဆွဲပြေးလာသော ကိုရင်ညိုအသင်းမှ သန်းဝင်းအား မန်ယူမောင်အသင်းက ကစားသမား တစ်ဦးက ခြေဖြတ်ရိုက်လိုက်သည်။

"ဟော့… ဒိုင်လူကြီး၊ အနီကတ် မပြဘူးလား"

ကိုရင်ညိုက ထိုင်ရာမှနေ ထကာ ကွင်းထဲ ပြေးဝင်ပြီး ဝင်ပြောလိုက်သည်။ ကွင်းဘေးနားမှာ ရှိနေသော ပျော်ပွဲရွှင်ပွဲ ဖြစ်မြောက်ရေး အဖွဲ့ဝင်တွေက ကွင်းထဲ ပြေးဝင်ပြီး ကိုရင်ညိုကို ဝိုင်းဆွဲပြီး ကွင်းပြင်သို့ ဆွဲခေါ်လာကြသည်။

"ကိုရင်ညို… ဒီတစ်ခါနဲ့ဆို ခင်ဗျား နှောင့်ယှက်တာ နှစ်ခါရှိပြီနော်"

"ဘာနှောင့်ယှက်ရမှာလဲ သိန်းဝင်းရ… မင်းဒိုင်က အနီကတ်ပြဖို့ မပြတာ"

"ဟော့… ဒါ မတော်တဆဖြစ်တာ၊ ပြီးတော့ ဒီဘောလုံး ယှဉ်ပြိုင်ပွဲက ပျော်ပွဲရွှင်ပွဲမျိုး လုပ်တာဗျ"

"ဘာပျော်ပွဲရွှင်ပွဲလဲကွ၊ ယှဉ်ပြိုင်မှုဟာ ယှဉ်ပြိုင်မှုပဲ၊ နိုင်ငံတကာမှာ ဒါမျိုး မရှိဘူး"

"နိုင်ငံတကာမှာ ရှိချင်ရင် ခင်ဗျား နိုင်ငံခြားမှာ နည်းပြသွားလုပ်"

"ဟာကွာ… သိန်းဝင်း၊ မင်းကွာ… ဟင်"

ကိုရင်ညိုက ချဲလ်ဆီးအသင်းက မော်ရင်ညို အမူအရာအတိုင်း ခြေထောက်နှင့် ကောက်ရိုးငုတ်ကို လှဲကန်ရင်းက ထိုင်ခုံမှာ ပြန်ထိုင်ရင်း မျက်နှာကို ရှုံ့မဲ့ထားအောင် ထားလိုက်သည်။ ကိုရင်ညို၏ အသင်းသားတွေလည်း ဂိုးသွင်းပါသည်။ သို့သော် ဂိုးပေါက်က မတည့်။ ကိုရင်ညို စိတ်ချမ်းသာ ဖြစ်လာပါသည်။ အရေးထဲ နေကပူသဖြင့် ကိုရင်ညိုခမျာ ကုန်းအင်္ကျီ ဝတ်ထား အိုက်လှသဖြင့် ချွေးကလည်း ခန္ဓာကိုယ် တစ်ပြင်လုံး ရွှဲစိုနေသည်။ ကိုရင်ညိုမှာ

www.burmeseclassic.com



မနေနိုင်။ ဘောလုံးစည်း ဘေးနား သွားရင်း သူ့အသင်းသားတွေကို မော်ရင်ညို လုပ်သလို လက်ခေါက်မှုတ်ပြီး လက်ညှိုး လက်ခလယ်နှင့် အမူအရာတွေ လုပ်ပြလို့နေသည်။

"ဟ… ဘာတွေလဲ… ဝို…"

ကိုရင်ညို ရှိသည့် နေရာသို့ ပြောင်းဖူးရိုးတွေ၊ ရွှံ့ခဲတွေက ကျလာသဖြင့် ကိုရင်ညို နောက်လှည့်ကြည့်ရင်းက သိန်းဝင်း ရှိသည့်နေရာသို့ သွားလိုက်သည်။

"ဟော့လူ… ပြောင်းဖူးရိုးတွေ၊ ရွှံ့ခဲတွေနဲ့ ပေါက်တာကျတော့ ခင်ဗျားတို့က ဘာမှ မပြောဘူးလား"

"ကိုရင်ညို… ခင်ဗျား ငြိမ်ငြိမ်လေး ထိုင်နေရင် ဘာမှ ဖြစ်မှာ မဟုတ်ဘူး၊ ခင်ဗျားက မျက်စိစပါးမွေး စူးစရာလို ဖြစ်နေတာကိုး"

ကိုရင်ညိုက မကျေမနပ်နှင့် သူ ထိုင်သော ခေါက်ကုလားထိုင်ကို ပစ်ကန်လိုက်သည်။ ထိုအချိန်မှာပဲ ဘောလုံးပွဲက မိနစ် နှစ်ဆယ်သာ တစ်ပွဲကို ကစားရသဖြင့် ပြီးသွားပါသည်။ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်။ ပွဲက ရှုံးထွက်ပွဲ ဖြစ်သဖြင့် ဂိုးကျဉ်း ပင်နယ်တီကန်ပြီး အဆုံးအဖြတ်ယူရပါတော့မည်။

ကိုရင်ညိုက စာရွက်တစ်ရွက်ပေါ်မှာ သူ့အသင်း ငါးယောက် နာမည် ရေးပြီး ဒိုင်လူကြီးကို သွားပေးသည်။ ဒိုင်လုပ်သူက ကိုရင်ညိုကို ကြည့်ပြီး-

"ဟော့… ကိုရင်ညို ဒါ ကမ္ဘာ့ဖလား ကန်နေတာမှ မဟုတ်တာ၊ စာကြီးပေကြီး လုပ်ဖို့ မလိုပါဘူးဗျ၊ အခု ရှိနေတဲ့ ငါးယောက်စီ တစ်ယောက် တစ်လှည့် ကန်ရင် ပြီးပြီ… ခင်ဗျားဗျာ"

"သေချာပြီ… ခင်ဗျား ဘယ်တော့မှ အင်တာနေရှင်နယ်ဒိုင်လူကြီး မဖြစ်ဘူး"

"ကျုပ်က ဒိုင်လူကြီးမှ မဟုတ်တာ၊ ကလေးတွေ ပျော်ဖို့ အငှားကား မမောင်းဘဲ ဒိုင်လာလုပ်ပေးတာ၊ ကျုပ်အတွက် နေ့တွက်တောင် ထိခိုက်တယ်"

ကိုရင်ညိုက ဒိုင်လူကြီးအနားမှ သူ့အသင်းသားများ ရှိရာ သွားပြီး ညွှန်ကြားနေပါသည်။ သူ့အသင်းသားတွေက ကိုရင်ညို၏ စကားနားထောင်သလား၊ မထောင်သလားတော့ မသိ။ ပတ်ဝန်းကျင် ပရိသတ်ထဲမှာ ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တွေ လာကြည့်သလား၊ မကြည့်သလား ခေါ်တော တစ်သိန်းအားနှင့် ရှာဖွေနေပါသည်။

ပင်နယ်တီကန်သောအခါ မန်ယူမောင်အသင်းက လေးဂိုးဝင်ပြီး ဂိုးသမား မရှိသော ဂိုးကျဉ်းဂိုးထဲသို့ နည်းပြ ကိုရင်ညို၏ ချဲလ်ဆီးညိုအသင်းက တစ်ဂိုးမှ မဝင်ပါ။ မန်ယူမောင်အသင်းကို အရှုံးပေးလိုက်ရပါသည်။ ကိုရင်ညိုခမျာ ရှက်လွန်းသဖြင့် မျက်နှာ ဘယ်လိုထားရမှန်း မသိ။

"ဒီမှာ ကိုရင်ညို… နည်းပြလုပ်မယ် ဆိုရင် မသေမချင်း မှတ်ထား၊ ကိုယ့်အသင်းသားတွေကို ပင်နယ်တီဝင်အောင် ကန်တတ်ဖို့ သင်ထားဦး၊ မော်ရင်ညိုကို အားကျတယ်ဆိုပြီး သူ့လို ကုတ်အင်္ကျီ လိုက်ဝတ်၊ မော်ရင်ညို အမူအရာတွေလို လိုက်လုပ်၊ ခနဲ့တဲ့တဲ့ စကားတွေ အတုခိုးလို့ချည်းပဲ မရဘူး။ မှတ်ထား"

ပျော်ပွဲရွှင်ပွဲ ဖြစ်မြောက်ရေးကော်မတီ သိန်းဝင်း ပြောသည့် စကားက ကိုရင်ညိုအဖို့ အခံရခက်သည်မှာ ပြောဖွယ်မရှိ။ ကိုရင်ညိုအဖို့ မော်ရင်ညိုလို အမူအရာတွေ အတုခိုးပြီး ကျင့်လိုက်ရတာ။ နောက်ဆုံး ကိုယ့်အသင်းသားတွေ ပင်နယ်တီကန်ဖို့ မေ့မှ မေ့ရက်ပေလို့။

( ၈ )

အရပ်ထဲမှာ ကိုရင်ညိုတစ်ယောက် မော်ရင်ညိုအကြောင်း ပြောသံ မကြားရတော့ပါ။ အိမ်နံရံမှာ ချိတ်ထားသော မော်ရင်ညိုပုံလည်း မရှိတော့ပါ။

ကိုရင်ညို အိမ်မှာတော့ ကုတ်အင်္ကျီကြီးက ယခုအခါ ကြမ်းပြင်မှာ ရေစိုလျှင် သုတ်သော အဝတ်စုတ်ကြီး ဖြစ်လို့နေပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မနှယ်ဦးကွန်း မတတ်နိုင်



( ၁ )

ဦးကွန်း တော်တော်ပျော်နေသည်။ သူ့ဘဝမှာ ထိုအရာမျိုး ပြန်မှ ပြန်ရပါ့မလားလို့ စိုးတထင့်ထင့် ဖြစ်နေရာမှ ယခုတော့ အောင်မြင်မှုပန်းတိုင်ကို မျက်ဝါးထင်ထင် မြင်နေရသောကြောင့် ဖြစ်ပါသည်။ လမ်းပဲ လျှောက်လျှောက်၊ ထိုင်ပဲ ထိုင်ထိုင် သူ့မျက်ဝန်းထဲမှာ အသက် ခုနစ်ဆယ်နှား ကပ်ခါနီးတာကိုပင် သတိမထားမိနိုင်ဘဲ AIG စပွန်ဆာဝတ်စုံ ဝတ်ထားသော မန်ချက်စတာ ယူနိုက်တက် ဘောလုံးအသင်းမှ အသင်းသားတွေက ချန်ပီယံလိဂ် ဆုဖလားကြီးကို ကိုင်မြှောက်၊ ပရီးမီးယားလိဂ် အမှတ်ပေး ချန်ပီယံဖလားကြီးကို ကိုင်မြှောက်၊ အက်ဖ်အေဖလားကြီးကို ကိုင်မြှောက်နေပုံတွေ၊ ဖလားသုံးလုံးနှင့် သူရဲ့မိုးတွေ ပျော်မြူးနေတာကိုပဲ မြင်ယောင်နေမိသည်။ ထိုသို့ တွေးမိတိုင်း သူ့မျက်ဝန်းတွေမှာ ကြည်နူးမှုတွေက အထင်းသား ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com




"မင်းတို့ စဉ်းစားကြည့်စမ်းကွာ၊ ဖာဂူဆန်ကြီး ဘယ်လောက် တော်လဲ၊ ဒီလို ပွဲကြပ်တွေ ကာလမှာ အမှတ်တွေကို ဖြတ်ထားနိုင်တယ်၊ အဝေးမှာလည်း ဆီမီးတက်ပြီ၊ ဟော… ချန်ပီယံလိဂ်လည်း ကြည့်ဦး၊ ကွာတားရောက်နေပြီ၊ ဟိုချဲလ်ဆီးအသင်း ကြည့်စမ်း၊ သူ့ငွေက ပိုက်ဆံရှိတယ် ဆိုပြီး မော်ရင်ဟို လေလုံးကြွားတာ ကစားသမားတွေကျတော့လည်း ကမ္ဘာကျော်တွေ သန်းချီပေးရပြီး ဘာအသုံးကျလဲ"

အသက်အရွယ်နှင့် မလိုက်အောင် လက်ဖက်ရည်ဆိုင်မှာ အာပေါင်အာရင်းသန်သန်နှင့် ဦးကွန်းတို့က မန်ချက်အသင်းအကြောင်းများ ပြောရလျှင် အားလုံး ထမင်းမေ့ ဟင်းမေ့ပင် ဖြစ်သည်။

"ဟုတ်တာပေါ့ ဘကြီးကွန်းရဲ့၊ ဒါတောင် လာဆင်က သုံးလတည်း အငှား လာကစားလို့နော်"

ထိုသို့များ တစ်ယောက်ယောက်က စကားလမ်းကြောင်းခင်းပေးလို့ကတော့ ဦးကွန်းထံမှ မကြားခဖူး ကြားရသော စကားများကို ကြားရတော့မည် ဖြစ်သည်။

"လာဆင်လို အတွေ့အကြုံရှိတဲ့ ကစားသမားမျိုး ဖာဂူဆန် ရလိုက်တာ အသင်းအတွက် သိပ်ကောင်းတာပေါ့ကွာ၊ လာဆင်ရဲ့ ဘဝကလည်း ဒဏ္ဍာရီထဲက သူရဲကောင်းကျနေတာပဲ၊ အိုးထရက်ဖို့ဒ် ကွင်းထဲကို ရောက်လာအောင် ပွဲတွေ ဖန်တီး၊ ပရိသတ်ရဲ့ လက်ခုပ်သံတွေကို ယူပြီး အဲဒီကွင်းထဲကနေ ပျောက်ကွယ်သွားပြန်ရော၊ ဒဏ္ဍာရီထဲက သူရဲကောင်း ပေါ့ကွာ"




ဦးကွန်းက ထိုသို့ စကားတွေ ပြောပြီးပြီဆိုရင် မကြာပါဘူး။ သူ့ မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေက ရစ်ဝဲလို့လာပါသည်။ ငယ်ငယ်ကတည်းက ပေါင်းသင်းခဲ့သော ချစ်ဇနီး ဒေါ်အေးမှင်

www.burmeseclassic.com



ကွယ်လွန်တာ ဆယ်နှစ်တောင် ပြည့်ခါနီးပြီ ဖြစ်ပေမယ့် တစ်ခါဖူးမှ ဒေါ်အေးမှင်ကို လွမ်းလို့ဆိုပြီး မကျပါဘူးပါ။ မန်ချက်စတာယူနိုက်တက်အသင်းက လာဆင်နဲ့ကျမှ ဦးကွန်း မျက်ရည်ကျတတ်လာပါသည်။

ဦးကွန်း ပြောလေ့ပြောထ စကားတစ်ခွန်း ရှိပါသည်။

မျက်ရည် ဆိုသည်မှာ ကိုယ် ချစ်သော ဘောလုံးသမားတွေကြောင့်လည်း ပါးပြင်မှာ ကျတတ်ပါသည်။

( ၂ )

ဦးကွန်း ဘဝမှာ မန်ချက်စတာယူနိုက်တက်ကို ဘာကြောင့် စွဲလမ်းခဲ့ပါသနည်းဟု ပြောရလျှင် ဖလားသုံးလုံး ရခဲ့ဖူးသော နှစ်ကာစလို့ ပြောရပေမည်။

လမ်းထဲမှာ ရှစ်ပေ စလောင်း စ,တပ်သော ဦးသန်းမြင့်တို့ အိမ်မှာ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို ကြည့်မိပြီးကတည်းက သူ့နှလုံးသားများ ဒေးဗစ်ဘက်ခမ်း၊ အင်ဒီကိုးလ်၊ ဂစ်၊ ဒိုက်ယော့ခ်၊ ရှုရင်းဂမ်း၊ ရှမိုက်ကယ်၊ ရှိုင်းကိန်း၊ ဖာဂူဆန်တို့က အစဉ် စိုးမိုးနေတော့သည်။ နောက်ထပ် နစ္စတယ်ရွိုင်း၊ ဆာဟာ၊ ရွန်နီ၊ ရော်နယ်ဒိုလေးတို့ကျတော့ သူ့အသွေးအသားထဲမှာ သရဲနိုဝိညာဉ်တွေက ပူးကပ်နေပါတော့သည်။



"သား… ဟောဒီဖြတ်ပိုင်းကလေး အဖေ့ကို စာတိုက် သွားပေးစမ်းပါကွာ"

အငယ်ဆုံးသား ဖြစ်သူ တင်မောင်ထွန်းက ဦးကွန်းကို ကြည့်ရင်းက -

"အဖေ… ဘာဖြတ်ပိုင်းမို့လို့လဲ"

"အားကစားဂျာနယ်ထဲမှ Fun Club တွေ ဖိတ်ခေါ်တယ်လေ၊ ငါက မန်ချက်စတာယူနိုက်တက် Fun Club ဝင်မလို့၊ အဲဒါ ဂျာနယ်ထဲက ဖြတ်ပိုင်း ဖြတ်ပြီး ပါမလို့"

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူက ဦးကွန်း စကားကြောင့် အတော်အံ့အားသင့် စိတ်ပျက်သွားပါသည်။

"အဖေကလည်းဗျာ… အဖေ့အသက်အရွယ်ကြီးနဲ့ မဟုတ်သေးပါဘူးဗျာ"

"ဘာမဟုတ်ရမှာလဲကွာ၊ Fun Club ဝင်တာ အကြမ်းဖက်အသင်းဝင်တာမှ မဟုတ်တာကို"

နောက်ဆုံးတော့ သားဖြစ်သူခမျာ ဦးကွန်းအလိုကျ စာတိုက်ပုံးမှာ သွားထည့်ပေးရပါသည်။ ဦးကွန်း ဖတ်လေ့ရှိသော အားကစားဂျာနယ် မန်ချက်စတာယူနိုက်တက် ဘောလုံးအသင်း Fun Club အဖွဲ့ဝင် နာမည်ပါတော့ တစ်ရပ်ကွက်လုံး လိုက်ပြပါတော့သည်။

"ဦးကွန်း… မန်ချက်စတာယူနိုက်တက် အသင်းစွဲ ဖြစ်မှတော့ ဘယ်သူ့ကို အကြိုက်ဆုံးလဲ၊ ဒိုလေးလား"

"နိုး နိုး… ဒိုလေးကို ကြိုက်တော့ ကြိုက်တယ်၊ ဒါပေမဲ့ ဟိန်နှစ်လောက် မကြိုက်ဘူး"

အသင်းတစ်သင်းကို ကြိုက်သူတွေထဲမှာ ထိုအသင်းမှ ကစားသမားကို စွဲလမ်းမိတာကိုလည်း အပြစ်တော့ မတင်သင့်ပါ။

ဦးကွန်းက အာဂျင်တီးနားသားလေး မန်ချက်အသင်းမှ ဟိန်နှစ်ကို နှစ်သက်တာကတော့ လွန်ကို လွန်ပါသည်။

"ဟာ… ဟိန်နှစ် ဖျက်တာ ဘယ်လောက်ပိုင်သလဲ၊ ဘောလုံး အခြေခံကျမ်းတာကိုး"

"တွေ့လား… ဘယ်ဝင်းကနေ ဟိန်နှစ် မနားတမ်း ကန်နေတာ၊ ပြေးနေတာ မြင်းပျိုလေးအတိုင်းပဲ"

"ဟာဗျ… ဒီဘောလုံး ဟိန်နှစ် သယ်ပြီး ဒီလောက်ပြေးမှတော့ ဓာပြီပေါ့"

မန်ချက်စတာယူနိုက်တက် ကန်သော ဘောလုံးပွဲတွေကို ကြည့်ရင်း ထိုဘောလုံးပွဲတွေမှာ မန်ချက် နောက်တန်းလူ ဟိန်နှစ် ဝင်ကန်ပြီဆိုလို့ကတော့ အထက်ပါ စကားများကို နားကြားပြင်းကတ်မတတ် ကြားရပါလိမ့်မည်။

ဦးကွန်းအဖို့ ဟိန်နှစ် ကစားနေတာကို ကြည့်ပြီး အကျေနပ်ကြီး ကျေနပ်လို့မဆုံး။ ဟိန်နှစ် ဘာပဲလုပ်လုပ်၊ ဘယ်လိုပဲကန်ကန်၊ သူ့ကြောင့်ပဲ ဂိုးပေးရရ

www.burmeseclassic.com

www.burmeseclassic.com



အဝါကတ်ပြပြ အားလုံး ဟိန္နဲ့ဇ်က သူ့အတွက် အကောင်းချည်း ဖြစ်လို့နေပါသည်။

"ဟိန္နဲ့ဇ်ကဗျာ… သားလေးဟိန္နဲ့ဇ်က သိပ်တော်တာ"

အိမ်ကို ဧည့်သည် လာလျှင်လည်း ဟိန္နဲ့ဇ် ကစားကြောင်း၊ အသင်းအကြောင်း ပြောလျှင်လည်း ဟိန္နဲ့ဇ်နှင့် ဦးကွန်း ထိုသို့ ပြောတိုင်း မကျေနပ်သူတွေက ရှိပါသည်။ ထိုမကျေနပ်သူတွေကတော့ ဦးကွန်း၏ သားသုံးယောက် ဖြစ်ပါသည်။

"အဖေကလည်းဗျာ… တစ်ခါတလေ ကျွန်တော်တို့ သားတွေ ကောင်းကြောင်းလေး ဘာလေး ပြောပါလား၊ အဖေ့ကို အိမ်ဦးခန်းမှာ ထားပြီး ကျွေးမွေးနေတာ ကျွန်တော်တို့ပါ အဖေရ၊ အဖေက တစ်ခါတည်း မန်ယူက ဟိန္နဲ့ဇ်မှ ဟိန္နဲ့ဇ် ဖြစ်နေတာ"

ဦးကွန်း၏ ဒုတိယမြောက်သားထံမှ ထိုစကားမျိုးကလည်း တစ်ခါတစ်ရံ မကျေမနပ်နှင့် ထွက်လာတတ်ပါသည်။

"အဖေ့ကို မင်းတို့ အပြစ်မပြောနဲ့၊ အဖေ အခုမှ သက်ပြင်းချနိုင်တာ၊ ပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်ကတည်းက ဗီလာရီးယဲနဲ့ ပွဲမှာ ဒဏ်ရာရသွားကတည်းက ဟိန္နဲ့ဇ် မကစားနိုင်တာ၊ အခုမှ ဒီကလေး ဘောလုံးပြန်ကန်ရတာ၊ သူ့နေရာကို ပြင်သစ်က အီဗရာက လုယူဖို့ သူ ကြိုးစားနေရတာ ဟိန္နဲ့ဇ်ကို အဲ့ဒီလို မပြောကြပါနဲ့ကွယ်၊ ဒါကြောင့် အခုမှ စန်းတက်နေတဲ့ ဒီလေးကို တောင် အဖေ အားမပေးဘဲ ဟိန္နဲ့ဇ်ကို ပိုပြီး အားပေးနေတာ"

စကားအဆုံး သက်ပြင်းချလိုက်သော ဦးကွန်းကို ကြည့်ပြီး သားသုံးယောက်ခမျာ ဘာမှ မပြောနိုင်တော့။

ဦးကွန်းအတွက် မမေ့နိုင်စရာ အဖြစ်အပျက်တစ်ခုက တစ်နေ့မှာ ဖြစ်ပေါ်လာပါတော့သည်။

( ၃ )

"ဦးကွန်းရေ… ခင်ဗျား မန်ယူကတော့ အက်ဖ်အေမှာ ပွဲချောင်ပြီဗျို့၊ ဝက်ဖို့ဒ်နဲ့ တွေ့မှာ၊ ဟို ရန်ခဏခဏဖြစ်တဲ့ မော်ရင်ဟိုကတော့ ဘာလက်ဆဲနဲ့ဗျို့"

လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်လာချင်းမှာ ရပ်ကွက်ထဲက ဦးကွန်း မိတ်ဆွေ ဦးကျော်က ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ… စိတ်ရင်းကောင်းတဲ့ အသင်း၊ ပရိသတ်ချစ်တဲ့အသင်းက ဒီလိုပဲ ဖြစ်ရမှာပေါ့"

ဦးကွန်းက ထိုသို့ ပြောရင်းမှ ဝင်ထိုင်ပြီး လက်ဖက်ရည် မှာလိုက်သည်။ ထိုစဉ်မှာပဲ ကိုသန်းဖေ ရောက်လာပါသည်။ ကိုသန်းဖေကလည်း ဦးကွန်းတို့ ရပ်ကွက်ထဲမှ ဖြစ်ပြီး ဦးကွန်းလိုပင် ဘောလုံးဝါသနာပါသူ ဖြစ်သည်။

"ဦးကွန်း… ဒီည ထကြည့်ဦးမလား၊ မန်ယူအသင်း ဥရောပဖြိုင်ပွဲ ဝင်ကစားတဲ့ နှစ်ငါးဆယ် အထိမ်းအမှတ် ဥရောပ လက်ရွေးစင်တွေနဲ့ ကန်ကြမှာလေ၊ ဘက်ခမ်းတောင် လှာအားပေးမယ် ပြောတယ်"

"ကြည့်ရမှာပေါ့ကွ၊ ငါ့မန်ယူရဲ့ အသင်းဟောင်းက ကစားသမားတွေ ပါမှာပဲဟာ"

ကိုသန်းဖေက ဦးကွန်း စကား နားထောင်ရင်းမှ ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်သည်။

"အေးဗျာ… ဥရောပအသင်းမှာ ကျွန်တော့်ရဲ့ ကြိုးကြာနီ လီဗာပူးက ဂျရတ်တို့တောင် ပါဦးမှာဗျို့၊ ကြိုးကြာနီတွေကလည်း အစွမ်းထက်သလား မမေးနဲ့၊ ပြောမယ့်သာ ပြောတာ၊ သရဲနီမန်ယူက ဒိုလေးတို့ ဂစ်တို့ကလည်း စွဲမှစွဲဗျာ"

ဦးကွန်းက ကိုသန်းဖေ စကားကို နားထောင်ပြီးနောက် ကိုသန်းဖေကို ဘုကြည့် ကြည့်လိုက်သည်။ ထိုအကြည့်က ယခင်တုန်းက လီဗာပူးမှာ လီဗာပူး ဖြစ်သော ကိုသန်းဖေက ယခုမှ ရော်နယ်ဒိုတို့၊ လာဆင်တို့၊ ရွန်နီတို့ ခြေစွမ်းပြလှုကြိုက်မှ လာပြီး မန်ယူပရိသတ်အဖြစ် ခွချက်လုပ်နေလို့ ဖြစ်သည်။

"တော်စမ်းပါ သန်းဖေရာ၊ အခုမှ ဒိုလေးတို့၊ ကာရစ်တို့၊ အီဗရာတို့၊ ဟိန်နဲ့ဖ်တို့၊ ပတ်ဂျီဆန်တို့ လူငယ်တွေ ခြေစွမ်းပြမှ သရဲနီ ဖြစ်လာတာများ ဒီလိုလုပ်လို့ ရမလားကွ"

"ဦးကွန်း ဘာသိလဲ၊ အရင်ကတည်းက သရဲနီနဲ့ ကြိုးကြာနီ ပရိသတ်ဗျ ဖာဂူဆန်ကို မကျေနပ်လို့၊ ဘာလဲ ဒေးဗစ်ဘက်ခမ်းကို ထုတ်ရောင်းလို ရောင်း မန်ယူနဲ့ ဆုဖလား ရခဲ့တဲ့ အင်ဒီကိုးလ်၊ ဒွိုက်ယော့ခ်တို့ကို အသင်း ပြောင်းခိုင်းနဲ့ မန်ယူအသင်းကို သင်း ဖြိုခွဲလို့ အခုမှ စိတ်ပြေသွားလို့ ပြန် အားပေးတာ"

ဦးကွန်း နည်းနည်းဒေါသထွက်သွားပါသည်။ မန်ယူအသင်းကို သည်လို လုပ်ပိုင်ခွင့်ရှိလို့ မရပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သန်းဖေ… မန်ယူအသင်းက မင်း ကြိုက်လိုက် မကြိုက်လိုက် အားပေးရအောင် ငါ့မန်ယူအသင်းဟာ ဈေးအိမ်သာလို ဝင်လိုက် ထွက်လိုက် မဟုတ်ဘူးကွ၊ ဘာလဲ ကြိုးကြာနီ ဖြစ်လိုက်၊ သရဲနီ ဖြစ်လိုက်နဲ့"

ဦးကွန်းတစ်ယောက် ကိုယ့်အသက်အရွယ်မှ ကိုယ် အားမနာနိုင်ဘဲ ဒေါသတကြီးနှင့် ကိုသန်းဖေကို ပြောပါတော့သည်။

"မန်ချက်စတာကို ကြိုက်တဲ့သူဆိုတာ သူ့ရင်ထဲမှာ သရဲနီစိတ်ဓာတ်ပဲ ရှိရမယ်၊ ကြိုးကြာနီစိတ်ဓာတ်တွေ ဝင်စရာ မလိုဘူး"

ဦးကွန်းက ရေနွေးကြမ်းကို ငုံ့ရင်းမှ ကိုသန်းဖေကို ကြည့်ပြီး အသံကျယ်ကျယ်နှင့် ပြောချလိုက်တာ လက်ဖက်ရည်ဆိုင်ထဲက လူတွေကတောင် ဝိုင်းကြည့်နေကြပါသည်။

"ဒီမှာ ဦးကွန်း… ဘောလုံးပွဲကို မနေ့တစ်နေ့ကမှ ကြည့်ဖူးပြီး မန်ယူတွေ ဘာတွေ လာလုပ်မနေနဲ့၊ မန်ချက်ဆိုတဲ့ သရဲနီနဲ့ လီဗာပူးဆိုတဲ့ ကြိုးကြာနီအသင်းကို ကြိုက်လွန်း နှစ်သက်လွန်းလို့ ရှိတဲ့ မိန်းမကို ကွာပြီး နောက်မိန်းမ ယူသေးတာဗျ၊ မနီ… တဲ့၊ မှတ်ထား၊ နီ ပါလို့ကို ယူပစ်လိုက်တာ"

ကိုသန်းဖေက ထိုသို့ ပြောပြီးနောက် လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွားပါသည်။

ဦးကွန်းခမျာ ဘာစကားမှ ပြန်မပြောနိုင်ဘဲ ငုတ်တုတ်ကြီး ဖြစ်သွားပါသည်။ မျက်နှာတွေလည်း ပျက်သွားပါသည်။

( ၄ )

ကိုသန်းဖေ ပြောတာ ခံပြင်းဖို့ ကောင်းတာကလည်း ကြည့်လေ။

ကြိုးကြာနီနှင့် သရဲနီကို ကြိုက်ပြီး ပထမမိန်းမကို ကွာရင်း၊ မနီ ဆိုသော နောက်မိန်းမကို ယူသည့် ကိုသန်းဖေ ပထမ မယားကြီးမှာ ဦးကွန်း၏ ညီမမှ မွေးသည့် သမီးအကြီးမ ဖြစ်နေသောကြောင့်ပင် ဖြစ်ပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

# အင်္ကျီချွတ်ပြေးမိတာ အပြစ်လားကွယ်



( ၁ )

ရပ်ကွက်ထဲမှာတော့ သည်နေ့ နံနက် သတင်းတစ်ပုဒ်က တော်တော်ထူးဆန်းနေသည်။ ရပ်ကွက်သူ ရပ်ကွက်သား အားလုံးလိုလို ထိုသတင်းကိုသာ ပြောနေကြသည်။

အစဉ်အလာရှိသော ရပ်ကွက်ဘောလုံးအသင်းကို နည်းပြအသစ် ခန့်လိုက်သဖြင့် ခန့်လိုက်သော နည်းပြ နာမည် ကြားကတည်းက အားလုံး အံ့အားသင့်သွားလို့ ဖြစ်ပါသည်။

'ဇ' ရပ်ကွက်မှာက ဘောလုံး အစဉ်အလာ အတော်ကြီးသည်။ ကျင်းပခဲ့သည့် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတိုင်း 'ဇ' ရပ်ကွက်က အနည်းဆုံး ဗိုလ်လုပွဲ သို့မဟုတ် ဆီမီးဖိုင်နယ်လောက်တော့ ရောက်လေ့ရှိသည်။ ကျင်းပခဲ့သည့် ဘောလုံးပြိုင်ပွဲတစ်လျှောက် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖလားကို 'ဧ'ရပ်ကွက်က သုံးကြိမ် ဆက်ရခဲ့ဖူးသည်။ သို့သော် နောက်ပိုင်းတွင် ကံမလိုက်လို့လား မသိ။ တတိယဆု၊ ဒုတိယဆုတွေနှင့်သာ ကျေနပ်ခဲ့ရသည်။

ယခုနှစ်မှာတော့ ရပ်ကွက်ထဲက တက်သစ်စ လူငယ်လေးများ၏ ခြေစွမ်းခြေစကလည်း ကောင်းသည်။ ကြိုးစားပြီး ဆုရဖို့ ရည်ရွယ်ချက်ထားကြသဖြင့် ရပ်ကွက်လူကြီးတွေက အစီအစဉ်တစ်ခုကို ချမှတ်သည်။ ထိုအစီအစဉ်က လက်ရှိ လေ့ကျင့်ပေးနေသော နည်းပြကို ဖယ်ပြီး နည်းပြအသစ် အစားထိုးဖို့ ဆွေးနွေးရင်းနှင့် နောက်ဆုံး တစ်ခါဖူးမှ နည်းပြမလုပ်ဖူးသော သူကို ခန့်လိုက်သောကြောင့် ရပ်ကွက်သူ ရပ်ကွက်သားတွေ အံ့အားတသင့် ဖြစ်ကုန်ကြခြင်း ဖြစ်သည်။

ရပ်ကွက် ဘောလုံးအသင်းအတွက် ခန့်လိုက်သော နည်းပြက ပြဿနာကိုသာစိန် ဖြစ်နေလို့ပါ။

ကိုသာစိန်က ရပ်ကွက် ဘောလုံးအသင်း သုံးကြိမ်ဆက် ဖလားရဖို့ ဂိုးသွင်းခဲ့သော ရှေ့တန်းတိုက်စစ်မှူး ဖြစ်သည်။ အကောင်းဆုံးဆုတွေလည်း နှစ်စဉ် ရသည်။ တတိယအကြိမ်မြောက် ပထမဆု ရစဉ်တုန်းက ကိုသာစိန် လက်နှင့် ပုတ်ပြီး ဂိုးသွင်းခဲ့တာကို ရပ်ကွက်သူ ရပ်ကွက်သားတွေ မမေ့နိုင်သေး။



ခက်တာက ကိုသာစိန် စရိုက်ပဲ ဖြစ်သည်။

ကိုသာစိန်က ဘောလုံးကစားစဉ်ကတည်းက ထင်ရာလုပ်သူ ဖြစ်သည်။ အရက်သောက်ရင်း ဘောလုံးကန်သည်။ နည်းပြလုပ်သူကို မထင်လျှင် မထင်သလို ပြန်ပြီး ဝေဖန် ဘုကျ အာခံသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ရပ်ကွက် ဘောလုံးပြိုင်ပွဲမှာ ယှဉ်ပြိုင်နေစဉ် ကွမ်းစားရင်း ဘောလုံးကန်နေ[illegible]နေ တစ်ဖက်အသင်း နောက်တန်းလူကို ဝါးထားသည့် ကွမ်းနှင့် မျက်[illegible]ထွေးသဖြင့် တစ်နှစ် ပွဲပယ်ခံရသေးသည်။

ထိုပွဲပယ်[illegible]ရစဉ်အတွင်း သူ့ကို သတင်းလာမေးပြီး စပ်စုသော လူတွေကို အရက်မူးမူးနှင့် လောက်လေးခွနှင့် လိုက်ပစ်သဖြင့် လေးခွ အထိခံရသူတွေက တိုင်သဖြင့် အချုပ်ထဲမှာ သုံးပတ်ခန့် နေလိုက်ရသေးသည်။

ထို့အပြင် ကိုသာစိန်၏ အိမ်ထောင်ရေး ပြဿနာတွေကလည်း ရှိသေးသည်။

ကိုသာစိန် ယူထားသော မိန်းမ မအေးမိက တကယ်တမ်း ကိုသာစိန် ချစ်လို့ ယူထားသူ မဟုတ်။ မအေးမိ၏ အစ်မဖြစ်သူ မခင်မိနှင့် ကိုသာစိန်က ငယ်ငယ်လေးကတည်းက ကြိုက်ခဲ့ကြသူတွေ ဖြစ်သည်။ သို့သော် သမီးရည်းစား နှစ်ယောက် ချိန်းတွေ့ဖို့ကို မအေးမိက အောင်သွယ်လုပ်ပေးရသည်။ တစ်နေ့ ညဘက် မခင်မိနှင့် ချိန်းတွေ့ဖို့ မအေးမိက အောင်သွယ်လုပ်ပေးရင်း မခင်မိ မလာသေးလို့ စောင့်နေတုန်း မခင်မိ၏ မိဘတွေ သိသွားပြီး မအေးမိနှင့် အထင်မှားကာ ပေးစားလိုက်သဖြင့် ကိုသာစိန်ခမျာ မအေးမိနှင့် ညားခဲ့ရသည်။ မခင်မိကတော့ ယနေ့အထိ အပျိုကြီး ဖြစ်နေတုန်း။ ဒါကို တစ်အိမ်တည်း အတူနေသဖြင့် မအေးမိက မခင်မိနှင့် မကြာခဏ စွပ်စွဲသဖြင့် အိမ်ထောင်ရေး မပြေမလည် ဖြစ်ခြင်းက ကိုသာစိန်အား ဘောလုံးကန်တိုင်း ဒေါသတွေကို ပိုဆွပေးနေသလို ဖြစ်လို့နေသည်။

ထိုကဲ့သို့သော ကိုသာစိန်ကို ရပ်ကွက် ဘောလုံးအသင်း နည်းပြ ခန့်လိုက်ပြီဆိုသောအခါ အားလုံးက ဘာတွေ ဖြစ်လာမလဲ သိပ်ကို သိချင်နေကြပါသည်။

( ၂ )

"ဒီရပ်ကွက်အသင်းမှာ ကျုပ်က နည်းပြဖြစ်ပြီဆိုတော့ ဘောလုံး ကစားတဲ့အခါ လူ့ထုတ်ပုံ၊ ကစားကွက်၊ ကျုပ်ရဲ့ လေ့ကျင့်မှုတွေ ဘယ်သူမှ ဝင်မစွက်ဖက်ပါနဲ့၊ ကမ္ဘာမှာလည်း ဒီအတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက် ဘောလုံးအသင်းမှာ နည်းပြအဖြစ် ခန့်အပ်ပြီး ငါးရက်အကြာ ဘောလုံးပွဲ ဖြစ်မြောက်ရေး ရပ်ကွက်အစည်းအဝေးမှာ ကိုသာစိန်က သူ့စိတ်ထဲ ရှိတာကို ပွင့်ပွင့်လင်းလင်း ပြောသောအခါ ရပ်ကွက် ဘောလုံးနာယကဖြစ်သူ ဦးစိန်ထွားက ကသိကအောက် ဖြစ်သွားပါသည်။ နှစ်စဉ်ရပ်ကွက် ဘောလုံးအသင်းမှာ သူက ဩဝါဒပေးနေကျမို့ ယခု ကိုသာစိန်ကိုနည်းပြ ခန့်လိုက်မှ သူ့အဖို့ ဩဝါဒတောင် ပေးမှ ပေးရပါ့မလားလို့ စိတ်ထဲကထင်နေမိပါသည်။

"မဟုတ်သေးဘူးလေ သာစိန်ရဲ့၊ ငါတို့ နာယကတွေက ဘောလုံးကစားတဲ့ ကလေးတွေ မမှားသင့်တာမျိုးတွေတော့ နည်းနည်းပါးပါး ပြောရမှာပေါ့"

ဦးစိန်ထွားက သူ့ဝသီအတိုင်း နည်းနည်းဝင်ပြောလိုက်သောအခါ ကိုသာစိန်က ဦးစိန်ထွားကို ဒေါသပါသော အကြည့်နှင့် ကြည့်လိုက်ပြီး-

"ဘောလုံး ကစားတာ ဘာအမှားပါစရာ ရှိလဲ၊ ဘောလုံး ကန်တာက မိနစ် ကိုးဆယ်တည်း၊ ဒီမိနစ်ကိုးဆယ်အတွင်းမှာ အဓိက အနိုင်ရဖို့ပဲ၊ ဒီတော့ဘောလုံး ကစားတဲ့သူတွေ စိတ်ပျော်ရွှင်ဖို့က အရေးကြီးတယ်၊ သူတို့ဘာသာသူတို့ အပြင်မှာ ဘာပဲလုပ်လုပ် အရေးကြီးတာက ရပ်ကွက် ဘောလုံးအသင်းအနိုင်ရဖို့ပဲ၊ ဒီတော့ ကလေးတွေကို စိတ်ချမ်းသာသလို ထားဖို့က အရေးကြီးတယ်"

ဩဝါဒပေးလေ့ရှိသော ဦးစိန်ထွားက နောက်ထပ် ဘာစကားမှ မဆိုတော့ပါ။ သို့သော် နာယကအဖွဲ့ဝင်တစ်ဦး ဖြစ်သည့် ဦးဘမောင်က-

"ဒါနဲ့ မောင်သာစိန်၊ ဘောလုံးသမား ရွေးဖို့ကတော့ လူဟောင်းတွေ တချို့တဝက်တော့ ပါမယ်၊ ပြန်ရွေးမယ် မဟုတ်လား"

"လူဟောင်းတွေ တစ်ယောက်မှ မရွေးဘူး၊ လူသစ်တွေပဲ ရွေးမယ်၊ ဒီရပ်ကွက်ထဲမှာ ရှိတဲ့ လူငယ်တချို့က တခြားရပ်ကွက်တွေက ဘောလုံးချိန်းကန်ရင်တောင် ပိုက်ဆံပေးပြီး လာခေါ်ရတာ၊ ရွက်ပုန်းသီးတွေ အများကြီးကျုပ် စိတ်ကြိုက် ကျုပ် ရွေးမယ်"

ကိုသာစိန်က သူ့အစီအစဉ်ကို ပြောပြသောအခါ မည်သူမျှ စောဒကမတက်ကြ။ အားလုံးက တညီတညွတ်တည်း နည်းပြခန့်ထားပြီး လုပ်ပိုင်ခွင့်ပေးရပြီဆိုတော့ ပြောလည်း စကားများပြီး အခြားရပ်ကွက်အသင်းတွေက

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်း ကြားလို့ ဝမ်းသာမှာစိုးသဖြင့် ဘောလုံးသမား ရွေးချယ်ဖို့ ကိုသာစိန် အား ကြိုက်သလို စီစဉ်ဖို့ ခွင့်ပြုလိုက်ပါတော့သည်။

ဘောလုံးကွင်းထဲမှာ လေ့ကျင့်နေသော ရပ်ကွက် လက်ရွေးစင် လူငယ် ဘောလုံးသမားလေးတွေကို ကြည့်ပြီး ကိုသာစိန် အကျေနပ်ကြီး ကျေနပ်နေပါ သည်။ လူငယ်လေးတွေက ငယ်ရွယ်နုပျိုမှုနှင့်အတူ တက်ကြွစွာဖြင့် ဘောလုံး လေ့ကျင့်ခန်းကို အင်တိုက်အားတိုက် လေ့ကျင့်နေကြလို့ပါ။

ဘောလုံးနည်းပြ ဖြစ်သူ ကိုသာစိန်ကိုလည်း လူငယ် ဘောလုံးသမား လေးတွေက အတော့်ကို အားကျလို့နေပါသည်။ ဝတ်ပုံစားပုံက သူများနည်းပြ တွေနှင့် မတူ။ ညာဘက်နားမှာ နားကပ် ပန်ထားပြီး ဂျင်းဘောင်းဘီ၊ တီရှပ်၊ နေကာမျက်မှန်နှင့် ဦးထုပ် ဆောင်းထားသော ကိုသာစိန်ကို ကြည့်ပြီး သူတို့ နည်းပြဆရာက တကယ့်အမိုက်စား ဖြစ်နေလို့ပါ။

"ငါက သူများနည်းပြတွေလို မဟုတ်ဘူး၊ ငါ့ဘောလုံးသမားတွေ ကြိုက်တာလုပ်၊ ဘီယာပဲ သောက်သောက်၊ အရက်ပဲ သောက်သောက်၊ လေ့ကျင့်ချိန် မဟုတ်ရင် ပြီးတာပဲ၊ အဓိကပြိုင်ပွဲမှာသာ မခိုမကပ်ဘဲ အနိုင်ရဖို့ လိုတယ်၊ ယှဉ်ပြိုင်တယ်ဆိုတာ နိုင်ဖို့၊ ဒီတော့ အနီတွေ၊ အဝါတွေ မကြောက်နဲ့ တစ်ဖက်ပြိုင်ဘက်က ကိုယ် ဘောလုံးကစားတာ ကြမ်းတယ်ဆိုပြီး ကိုယ့်နား မကပ်ရဲမှာ၊ ဒါဆို ကိုယ်က နိုင်ပြီ"



ရပ်ကွက် ဘောလုံး သမား လူငယ်လေးတွေကို ကိုသာစိန်က ရဲရင့် တက်ကြွ ပြောင်မြောက်သော ဤကဲ့သို့ ပြောဆို လမ်းညွှန် ဆုံးမသဖြင့် ဘောလုံးသမားလေး တွေမှာ ညနေ လေ့ကျင့်ချိန် ပြီးသည်နှင့် ဘီယာဆိုင်တွေကို အလျှိုလျှို ရောက်ကုန်ကြ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နည်းပြ ကိုသာစိန်ကတော့ လူငယ် ဘောလုံးသမားလေးတွေကြားမှာ ဘီယာသောက်လိုက်၊ စကားတွေ ပြောလိုက်နှင့် တကယ့်ကို နည်းပြစည်းစိမ် ကောင်းကောင်းကြီး ခံစားနေပါတော့သည်။

( ၄ )

"သာစိန်... မင်း ကြည့်ရှုပ်ဦး၊ ဘောလုံးကန်တဲ့ ကလေးတွေနဲ့ ညနေဆို မင်းက ဘီယာဆိုင် ရောက်နေတယ်လို့ ကြားကြားနေရတယ်၊ မဟုတ်သေးပါဘူးကွာ"

ဘောလုံးအသင်း နာယကဖြစ်သူ ဦးစိန်ထွားက တစ်နေ့ ကိုသာစိန်ကို ခေါ်ပြီး အပြစ်တင်စကား ဆိုပါသည်။

"ဒါ ဆန်းလားဗျာ၊ နိုင်ငံခြားမှာလည်း ဒီလိုပဲဟာ လေ့ကျင့်ခန်းပြီးတယ်၊ ညဘက် ဘီယာတွေ သောက်၊ ကလပ်တွေ တက်ကြတာပဲ၊ ကျုပ်ရဲ့ ဘောလုံးသမားလေးတွေက ဒီလောက် မဆိုးသေးပါဘူး"

"ဟ... ဟိုက နိုင်ငံခြား၊ ဒီက မြန်မာနိုင်ငံ၊ သူတို့လို လုပ်တိုင်း လိုက်လုပ်လို့ ရမလား၊ ငါတို့ ယှဉ်ပြိုင်ရမယ့် အသင်းတွေက ဒိတ်ဒိတ်ကြဲတွေ"

"ဒီမှာ ဦးစိန်ထွား... အဲဒီ ဒိတ်ဒိတ်ကြဲအသင်းတွေက ဘယ်အသင်း ကျုပ်တို့ ရပ်ကွက်အသင်းလို သုံးနှစ်ဆက်တိုက် ဗိုလ်စွဲဖူးလဲ၊ ကျုပ်လို ငါးနှစ်ဆက်တိုက် မြို့နယ်လက်ရွေးစင် ဖြစ်ဖူးလား"

ကိုသာစိန် ပြောသောစကားက မှန်နေသဖြင့် ဦးစိထွား ဆက်လက် မပြောနိုင်တော့ပါ။

"ဒီမှာ ဦးစိန်ထွား ခင်ဗျား ရပ်ကွက်ထဲမှာ ကြေညာလိုက်၊ ကျုပ် နည်းပြလုပ်တဲ့ ရပ်ကွက်အသင်း ပထမဆုရပြီး ဗိုလ်စွဲရင် ကျုပ် ရပ်ကွက်ထဲမှာ အင်္ကျီချွတ် ခါးတောင်းကျိုက်ပြီး တစ်ရပ်ကွက်လုံးကို ပတ်ပြေးပြီး အောင်ပွဲ ခံမယ်လို့"

ကိုသာစိန်က လက်သီးလက်မောင်း တန်းရင်းက သူ့ဆန္ဒတွေကို ထုတ်ဖော် ကြွေးကြော်ပါသည်။

"အပြောနဲ့ အလုပ် ဟုတ် မဟုတ် သက်သေပြ၊ စောင့်ကြည့်ရမှာ ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ထွားက ထိုသို့ မှတ်ချက်ချပြီး နောက်တစ်နာရီအကြာမှာ ဦးစိန်ထွား၏ ကိုယ့်ထမင်း ကိုယ်စားပြီး တစ်အိမ်တက်ဆင်း သတင်းထုတ်ပြန်မှုကြောင့် ရပ်ကွက်ထဲမှာ ကိုသာစိန်တစ်ယောက် သူ နည်းပြလုပ်သော ရပ်ကွက် ဘောလုံးအသင်း ပထမဆုရရလို့ ဗိုလ်စွဲလျှင် ရပ်ကွက် ပတ်ပြီး အင်္ဂလိပ်ချွတ် ခါးတောင်းကျိုက်ပြီး ပြေးမည့်သတင်းတွေ CNN သတင်း ထုတ်ပြန်မှုကိုတောင် သနားတယ်ဟု ပြောရမလောက်အောင် မြန်ဆန်ပျံ့လွင့်လို့သွားပါတော့သည်။

( ၅ )

ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကြီးက [illegible] စပါပြီ။ ကိုသာစိန် နည်းပြသော 'ဇ'ရပ်ကွက် ဘောလုံးအသင်းက ပွဲတို[illegible]ဘဲ ပြောပါတော့မည်။ လိုင်ငယ် ဘောလုံးသမားလေးတွေက နပျိုမှု၊ [illegible]များမနေ လုပ်ခဲ့သဖြင့် ပွဲတိုင်း ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သဖြင့် နည်းပြ ကိုသာစိန်ကော၊ ရပ်ကွက် ဘောလုံးအဖွဲ့ဝင် လူကြီးတွေပါ မျက်နှာရလို့နေပါသည်။

"သာစိန်ရေ… ဗိုလ်လုပွဲမှာ တို့တစ်တွေ ဗိုလ်စွဲလို့ကတော့ ပထမ မရတာ ကြာတဲ့ ငါတို့ရပ်ကွက် မျက်နှာပွင့်ပြီပေါ့ကွာ၊ ငါတို့ မင်းကို နည်းပြ ခန့်တာ မှန်ပြီပေါ့"



www.burmeseclassic.com



ရပ်ကွက်ပေါင်းစုံ ဘောလုံး ဗိုလ်လုပွဲ မယှဉ်ပြိုင်ခင်မှာ ဦးစိန်ထွား က ကိုသာစိန်ကို ချီးကျူးစကား ဆိုပါသည်။

ဘောလုံးပွဲသို့ လာရောက်ကြည့်ရှုသူတွေကလည်း ကိုသာစိန် ကြွေးကြော် ထားသလို ယနေ့ ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲမှာ 'ဇ'ရပ်ကွက်အသင်းက ပထမ ရလျှင် ကိုသာစိန်တစ်ယောက် ပုဆိုး ခါးတောင်းကျိုက်ပြီး ရပ်ကွက်ထဲ မည်သို့မည်ပုံ ပြေးလေမလဲလို့ သိချင်နေကြပါသည်။

ဘောလုံးပွဲက စပါပြီ။ တစ်ဖက်အသင်းကလည်း ခြေစွမ်းက ထက် သမို့ ကိုသာစိန် နည်းပြသော ရပ်ကွက်အသင်းက အတော့်ကို ယှဉ်ပြိုင်ရပါ သည်။ ကိုသာစိန်တို့ အသင်း၏ ဂိုးသမား လက်စွမ်းပြနေလို့သာ ဂိုးမပေးရခြင်း ဖြစ်ပါသည်။

သည်လိုနှင့် ပွဲပြီးဖို့ သုံးမိနစ်အလိုမှာ ကိုသာစိန်၏ အသင်းမှ ရှေ့တန်း တိုက်စစ်မှူး ဝင်းမောင်က ဘောလုံး ဆွဲပြေးရင်း ပင်နယ်တီဧရိယာစည်းအတွင်း မှာ ကိုသာစိန် သင်ကြားပြသသည့်အတိုင်း လှဲချပြီး ဟန်ဆောင်လိုက်ပါသည်။ ဒါကို ဒိုင်လူကြီးက ပင်နယ်တီပေးပါသည်။

"ဂိုး... ဂိုး"

နောက်ဆုံးတော့ ကိုသာစိန်တို့ 'ဇ'ရပ်ကွက်အသင်း ဒိုင်းရသွားပါ သည်။ ကိုသာစိန်ကတော့ သူ ပြောသည့်အတိုင်း ကစားသမားတွေ တစ်သဝေ မတိမ်း နားထောင်သဖြင့် ကျေနပ်လို့ နေပါသည်။

ဒိုင်းဆု ယူပြီးသောအခါ ကိုသာစိန်က သူ ကတိပေးထားသည့် အတိုင်း အားကစားဝတ်စုံအင်္ကျီကို ချွတ်ကာ ပုဆိုးကို ခါးတောင်းကျိုက်လိုက် ပြီး ဘောလုံးကွင်းထဲမှနေ၍ ပြေးထွက်သွားပါသည်။

"ဟာ... ကိုသာစိန်, ကိုသာစိန်... ဘာကြီးလဲ"

ဘောလုံးကွင်းထဲရှိ ပရိသတ်တွေက ပုဆိုး ခါးတောင်းကျိုက်နှင့် ကိုသာစိန် ကျောပြင်ကို ကြည့်ပြီး အံ့အားတသင့် အော်ဟစ်လို့နေပါသည်။

( ၆ )

ပြဿနာက ကိုသာစိန် အိမ်ရောက်မှ စတာပါ။ သူ့ကတိအတိုင်း ဘောလုံးပွဲမှာ ပထမရလျှင် ပုဆိုး ခါးတောင်းကျိုက်ပြီး ရပ်ကွက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီချွတ်ပြီး ပြေးမည်ဆိုသည့် ကိုသာစိန်တစ်ယောက် အင်္ကျီချွတ်နှင့် ပြေးလိုက်တာ သူ့မိန်းမ မအေးမိအဖို့ ဒေါသထွက်စရာ၊ ရှက်စရာဖြစ်လို့ပါ။

အဲဒါက ကိုသာစိန့်၏ ကျောပြင်တွင် ပွေးကွက်ကြီးတွေက ဆေးကုလို့ မရအောင် မပျောက်သဖြင့် အမြဲတမ်း လုံလုံခြုံခြုံ ထားရတာကို မသိဘဲ ကိုသာစိန်တစ်ယောက်က စိတ်ထင်တိုင်း လျှောက်လုပ်သဖြင့် ကျောကုန်းမှာ ပွေးထူသော လူကို ယူရပါ့မလား၊ သည်လိုဆို ရည်းစားတောင် မလုပ်ခဲ့ဘူးဟု ကိုသာစိန် ရည်းစားဟောင်း မခင်မိက မအေးမိကို ဝေဖန်သည့်စကားက မအေးမိအဖို့ အနာပေါ် တုတ်ကျသလို ဖြစ်ပြီး ဒေါသထွက်ရင်းက ကိုသာစိန်ကို အိမ်ပေါ်ကနေ နှင်ချရာ ကိုသာစိန်တစ်ယောက် တစ်လကြာမှ ရပ်ကွက်လူကြီးတွေ ကောင်းမှုနှင့် အိမ်ပေါ် ပြန်ရောက်လာရပါသည်။

ဩော်… အင်္ကျီချွတ် ပြေးမိတာ ကိုယ့်အပြစ်လားကွယ်… ဟု ကိုသာစိန်တစ်ယောက် မအေးမိကို ကြည့်ရင်း ညည်းနေမိပါတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# သိမှ မသိတာ



( ၁ )

ဦးကြည် ရပ်ကွက်မှာ ဥက္ကဋ္ဌ လုပ်တာ ကြာပြီ။ တစ်ရပ်ကွက်လုံးက ရပ်ကွက်လူကြီး ဦးကြည်ကို ရပ်ရှင်မင်းသားကျနေတာပဲလို့ ပြောလို့မဆုံး၊ ဝေဖန်လို့ မဆုံး။ ဒါကလည်း ဦးကြည်မှာက သူ့အကြောင်းနဲ့ သူကိုး။ ဦးကြည်က လူပျိုကြီးပီပီ အမြဲတမ်း လှလှပပ သန့်သန့်ပြန့်ပြန့် ဝတ်တတ် စားတတ်နေတတ်တော့ ဟုတ်နေတာပေါ့။ ဒါ့အပြင် မိဘတွေကလည်း ချမ်းသာပြီးကွယ်လွန်သွားတော့လည်း သူ့အတွက် အမွေတွေ ထားခဲ့တဲ့အပြင် အဲဒီအမွေတွေကို သူ့ထက်ကြီးတဲ့ အစ်မတွေက သူတို့ စီးပွားရေးလုပ်ငန်းတွေထဲ တည်ထားပေးတော့ ရပ်ကွက်ထဲမှာ တိုက်နဲ့၊ ကားနဲ့၊ ဟန်းဖုန်းနဲ့ ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်အဖို့ အလှူအတန်းကလည်း ရက်ရောတော့ ဒီနေ့ထိ ဥက္ကဋ္ဌရာထူး တည်မြဲပြီး 'ဦးကြည်··· ဦးကြည်···' ဖြစ်နေတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် ဦးကြည်မှာ ဝါသနာတစ်ခုက ရှိနေပါသေးတယ်။ အဲဒီဝါသနာက သူ့အတွက်တော့ ထမင်းမေ့ ဟင်းမေ့ပါပဲ။ တီဗွီနဲ့ ဂြိုဟ်တုစလောင်းက လာတဲ့ ဘောလုံးပွဲမှန်သမျှကို ကြည့်ခြင်းသာမက ဘောလုံးပွဲနဲ့ ပတ်သက်တဲ့ အားကစား ဂျာနယ် စာစောင်တွေကို နေ့စဉ် ဝယ်ရုံသာမက ဘောလုံးပွဲနဲ့ ပတ်သက်လို့ သူက ဒိုင်ခံ ကျွေးမွေးပြီး ဘောလုံးစကားဝိုင်းကို နေ့စဉ် လက်ဖက်ရည်ဆိုင်မှာ ဝိုင်းဖွဲ့တဲ့ ပြဿနာက နေ့စဉ် ပျက်ကွက်ရက် မရှိ။ ပြီးတော့ ရပ်ကွက်ဘောလုံးအသင်းမှာလည်း သူက အုပ်ချုပ်သူ အကြံပေးအရာရှိ ဖြစ်ပါသေးတယ်။ မဖြစ်လို့ကလည်း မရ။ သူက ရပ်ကွက် ဘောလုံးအသင်းအတွက် ငွေကြေး အကုန်အကျ ဘယ်လောက်ကုန်ကုန်၊ အဝတ်အစား၊ လေ့ကျင့်ရေး ကိစ္စက အစ လိုလေသေးမရှိ တာဝန်ယူထားတော့ သူ့ဩဇာက ဘောလုံးအသင်းမှာ အတော်ခရီးပေါက်လို့ နေပါတယ်။

"ဘောလုံးပွဲ ကြည့်တဲ့အခါမှာ ဘောလုံးသမား ဆိုတာ ဆွဲဆောင်မှု ရှိရမယ်၊ ဘောလုံး ကန်တာ ကောင်းသလို ရုပ်ရည်ကလည်း လှမှ ဖြစ်မှာ၊ ဒါမှ ကြည့်တဲ့ သူတွေအတွက် ရုပ်ကော သူတို့ ကန်တာတွေကော ရသအပြည့် ရမှာပေါ့"

ထိုသို့သော စကားကို လက်ဖက်ရည်ဆိုင်က ဘောလုံး စကားဝိုင်းမှာ ဦးကြည်က မကြာခဏ ပြောတတ်၏။ ထိုအခါ ဦးဝင်းမြင့် ဆိုသော ပင်စင်စား အဘိုးကြီးက ဝေဖန်ပါတော့တယ်။

"မဆိုင်ပါဘူးကွာ… ဘောလုံးကန်တာနဲ့ ရုပ်လှတာ ဘာဆိုင်လဲ၊ ရုပ်ရှင်မင်းသားတွေမှ မဟုတ်တာ"

ထိုသို့ ပြောလိုက်တော့ မကြာခဏ ဦးကြည်က နားထောင်သူတွေ အလွတ်ရနေလောက်သော ပြောနေကျ စကားလုံးတွေနှင့် ပြန်လည်ခုခံချေပါတော့တယ်။

"အဲဒါတွေက ဘောလုံး ပေါ်ဦးစက ဖြစ်မယ်၊ ဒီခေတ်ကြီးမှာတော့ မရတော့ဘူး၊ နိုင်ငံခြား ကြော်ငြာတွေမှာ ကြည့်လိုက်၊ ရုပ်ချောတဲ့ ဘောလုံးသမားတွေကိုပဲ ကြော်ငြာရိုက်တာ၊ ကြော်ငြာစပွန်ဆာ ပေးတာ မသွားဘူးလား ဘက်ခမ်းတို့၊ ရော်နယ်ဒိုလေးတို့၊ မက်ဆီတို့၊ ကာကာတို့… မမြင်ဘူးလား

www.burmeseclassic.com



ရုပ်ဆိုးတဲ့သူတွေကို ဘယ်သူက ဒေါ်လာ သန်းပေါင်းများစွာ ပေးပြီး ကြော်ငြာ ရိုက်မှာလဲ"

"ဒါမျိုး မဟုတ်သေးပါဘူး၊ ဘာရာဇီးလ် ဘောလုံးအသင်းဆို ဘယ်လို လုပ်မလဲ၊ ဟို နိုက်ဂျီးရီးယားတို့၊ အိုင်ဗရီကို့စ်တို့က ဘောလုံး ကစားသမား တွေ ကြော်ငြာရိုက်တာကကော…"

ဦးဝင်းမြင့်ကလည်း ဦးကြည်ကို ထပ်မံဝေဖန်ပြန်တော့ ဦးကြည်က ဘယ်နေပါ့မလဲ။

"အဲ့ဒါ အဲဒီက လူတွေ မျက်စိ အမြင်မှားနေလို့၊ ဘယ့်နှယ်ဗျာ… ကိုယ့်ကြော်ငြာ တစ်ကမ္ဘာလုံး ကြည့်ဖို့ ကြော်ငြာရိုက်ပါတယ်၊ မည်းမည်းတူးတူး ပုံတွေနဲ့၊ ဟုတ်သေးပါဘူးဗျာ၊ ကဲ… အဲဒီ ခင်ဗျား ပြောတဲ့ အာဖရိက ဘောလုံးသမားတွေနဲ့ ဘက်ခမ်း၊ မက်ဆီ၊ ရော်နယ်ဒိုလေးတို့ ကြော်ငြာပုံတွေနဲ့ ယှဉ်ကြည့်စမ်း၊ မိုးနဲ့ မြေလိုပဲ၊ ကြေးကလည်း ဘာကွာသလဲ"

ဦးကြည်က ရှေ့မှာ ရှိနေတဲ့ ရေနွေးကိုတောင် မသောက်အားဘဲ အသံကို ကီးမြှင့်လိုက်ပြီး သူ့ထင်မြင်ယူဆချက်ကို ပေါက်ကွဲပြပါတော့တယ်။ ထိုအခါ ဦးဝင်းမြင့်က စကားတစ်ခွန်း ပြောလိုက်ပါတယ်။

"ခင်ဗျား ယောကျ်ားကြီးတန်မယ့်နဲ့ ဒီလောက် ရုပ်ချောတဲ့ ဘောလုံး သမားတွေကိုမှ ကြိုက်တာ ဆိုတော့ မဟုတ်မှ လွဲရော ခင်ဗျားက လူပျိုကြီး ဆိုတော့… ဟဲ ဟဲ ဟဲ"




ဦးဝင်းမြင့်က ရယ်မောရင်း ဦးကြည်ကို ကြည့်ရင်းက ဆိုင်ထဲက ထွက်သွားပါတယ်။ ဦးကြည်က ဦးဝင်းမြင့် ပြောတဲ့ စကားကို နားထောင်နေရင်း ဘယ်လို အဓိပ္ပာယ် ပေါက်သွားမှန်း မသိ၊ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး စားပွဲခုံကို ထုလိုက်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လှ… ခင်ဗျားက ကျုပ်ကို ဘာပြောတာလဲ၊ ကျုပ်ကို မိန်းမလျှာလို့ ဆိုလိုချင်တာလား၊ ခင်ဗျားဗျာ…"

ဦးကြည် ဒေါသထွက်ပြီး တစ်ခုခု လုပ်မှာစိုးလို့ လက်ဖက်ရည်ဆိုင်ထဲက လူတွေက ဥက္ကဋ္ဌကို ဝိုင်းဆွဲရပါတော့တယ်။ ပြီးတော့ ဦးကြည်ကို ကြည့်ပြီး ပြုံးစိစိနဲ့ ဖြစ်ကုန်ပါတော့တယ်။

ဒါမျိုးက ဥက္ကဋ္ဌ ဦးကြည် မကြာခဏ ဖြစ်တတ်တဲ့ ကိစ္စတွေလိုပဲ။

( ၂ )

ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကြီးက စတော့မှာမို့လို့ ရပ်ကွက်ရုံးထဲမှာ အစည်းအဝေး လုပ်ပါတယ်။ အဲဒီအစည်းအဝေးမှာ ရပ်ကွက်ဘောလုံးဆပ်ကော်မတီတွေကလည်း လူစုံတက်စုံ ရှိနေပါတယ်။

"ဒီနှစ်တော့ တခြားနှစ်တွေထက် ထူးခြားတဲ့ အစီအစဉ်ကို လုပ်ပါမယ်၊ အဲဒါက ကျုပ်တို့ ရပ်ကွက်အသင်းက မနှစ်ကလည်း ရှုံးထွက်ပွဲမှာ ရှုံးရတယ်၊ ဒါပေမဲ့ ကစားသမားတွေက နည်းနည်းအသက်ကြီးတဲ့ သူတွေပါတယ်၊ ဒီတော့ ဒီနှစ် ပြုပြင်ပြောင်းလဲရေး လုပ်ရမယ်"

"ဘယ်လို ပြောင်းလဲရေးလဲ ဥက္ကဋ္ဌရဲ့၊ လက်ရှိ လက်ရွေးစင်တွေကလည်း ခြေကျသေးတာမှ မဟုတ်ဘဲ"

ရပ်ကွက် လက်ရွေးစင် နည်းပြ ကိုသံခဲက ပြောတော့ ဦးကြည်က–

"လူငယ်တွေလည်း တော်ပါလိမ့်မယ်ဗျာ၊ အဓိက ပြောရရင် တခြားအသင်းတွေက ကျုပ်တို့ ရပ်ကွက် ဘောလုံးအသင်းက ဘောလုံးသမားလေးတွေကို မြင်ရင် ဘောလုံးကန်တာကို ကြည့်ရှုသာမက ကစားသမားလေးတွေ ရုပ်ချောလိုက်တာ၊ လှလိုက်တာ၊ ကိုရီးယား မင်းသားလေးတွေ နိုင်ငံခြားဘောလုံးသမား ချောချောလေးတွေ ကျနေတာပဲလို့ ဖြစ်စေချင်တာ၊ ဒါမှ ကျုပ်တို့ ရပ်ကွက် အသင်းကို စိတ်ဝင်စားဖို့ကောင်းမှာ၊ ဒီတော့ ဘောလုံးသမား ရွေးချယ်တဲ့ နေရာမှာ ရုပ်ချောတဲ့ လူငယ်လေးတွေကို ဦးစားပေး ရွေးချယ်"

ဦးကြည် စကားကြောင့် ရပ်ကွက်ဘောလုံးအသင်း အဖွဲ့ဝင်တွေ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး ဘာပြောရမှန်းသိ။ ထို့အတူ နည်းပြ ကိုသံခဲလည်း ခေါင်းကိုသာ တွင်တွင်ကုပ်လို့ နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကဋ္ဌ မဟုတ်သေးဘူး ထင်တယ်"

ဒါက ဘောလုံးအသင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးစံလှက စောဒက တက်လိုက်တော့-

"ဘာလို့ မဟုတ်ရမှာလဲ၊ ကျုပ်တို့ ရပ်ကွက် ဘောလုံးအသင်းက ဘောလုံးသမား တစ်ယောက်ယောက်က ရပ်ချောလို့ မင်းသား ဖြစ်သွားကြည့် ပါလား၊ ကျုပ်တို့ ရပ်ကွက် ဂုဏ်တောင် တက်ဦးမယ်၊ ခင်ဗျားတို့ အားကစား ဂျာနယ်တွေ မဖတ်ဘူးလား၊ ဒေးဗစ်ဘက်ခမ်းကိုတောင် မင်းသား တွမ်ခရုစ် က ရုပ်ရှင်မင်းသား လုပ်ဖို့ တိုက်တွန်းနေပြီ၊ ဘက်ခမ်း မင်းသား ဖြစ်လို့ကတော့ အင်္ဂလန်နိုင်ငံ ဘယ်လောက် ဂုဏ်တက်ပြီလဲ"

ဦးကြည်က နည်းပြ ကိုသံခဲဘက် လှည့်ကြည့်ရင်း-

"ဟော့ သံခဲ… မနက်ဖြန်ကစပြီး ရပ်ကွက်ထဲ လော်စပီကာနဲ့ လိုက်ကြေညာ၊ ရပ်ကွက် ဘောလုံးအသင်း လူရွေးမယ်၊ ရုပ်ချောတဲ့ သူတွေကို ဦးစားပေး ရွေးချယ်မယ်ပြော၊ ကျန်တာတွေ ဘာမှ မစဉ်းစားနဲ့၊ အဝတ်အစား … ကုန်ကျစရိတ်… စားစရိတ်… ဘာမှ ပေးစရာမလို၊ ဥက္ကဋ္ဌ တာဝန်ယူ တယ်လို့ ပြော"

ဦးကြည်ရဲ့ ဗိတိုအာဏာသဖွယ် ပြောကြားချက်ကို မည်သူမှ စောဒက မတက်တော့ပါ။ စောဒက မတက်တာလည်း အကြောင်းရှိပါတယ်။ ဦးကြည် က အစစအရာရာ ငွေကုန်ကြေးကျ ခံတာ ဆိုတော့ ကိုယ်က သူ့လောက် ငွေကုန်ကြေးကျမှ မခံနိုင်တာ ဆိုတော့ ဥက္ကဋ္ဌ သဘောဆိုပြီး အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်သလိုနဲ့ လက်ခုပ်လက်ဝါး တီးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်တယ်။ ဥက္ကဋ္ဌ ဦးကြည် ဘာပြောကောင်းမလဲ၊ အကျေနပ်ကြီး ကျေနပ်ပြီး ဘီယာဆိုင်မှာ လိုက်ပြုစုတာ၊ ငွေငါးသောင်းလောက် ကုန်တာကို မျက်နှာကြီးက ပြုံးဖြီးဖြီးနဲ့ ကြည်နူးမဆုံး ဖြစ်လို့နေပါတယ်။

( ၃ )

ရပ်ကွက် လက်ရွေးစင် ဘောလုံးအသင်းအတွက် လူရွေးချယ်ဖို့ ဘောလုံးကွင်းထဲမှာ ရပ်ကွက်ထဲက လူငယ်တွေ တော်တော်များများ ဘောလုံး သမား ဝတ်စုံအပြည့်နဲ့ ရှိလို့နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သံခဲ… မင်း ကြည့်လိုက်စမ်း၊ ဘောလုံးလူရွေးပွဲ လာတဲ့ ကောင်လေးတွေ ဘယ်လောက် မျက်နှာတွေ နုဖပ်ပြီး ချောနေသလဲလို့၊ ငါသာ ဖီဖာဥက္ကဋ္ဌ ဖြစ်ရင် ဥပဒေတွေ အကုန်ပြင်ပစ်မယ်၊ ချောတဲ့ ဘောလုံးသမားတွေ အသင်းမှာ အကုန်ပါ ဆိုပြီး"

"ဥက္ကဋ္ဌ… အဲဒါက အရေးမကြီးဘူး၊ အရေးကြီးတာက ရုပ်လှတာတွေချည်းပဲ ဘောလုံးကန်တတ် မကန်တတ် ရွေးမှာလား၊ ဒါမှမဟုတ်…"

"ဟာ့ကောင် သံခဲ… ငါ့ကို မရွဲ့နဲ့၊ ရုပ်လည်းလှ၊ ဘောလုံး နည်းနည်းကန်တတ်ရင် ရပြီ၊ ကျန်တာ မင်း သင်ပေးလို့ရတယ်"

"ဒါဆို ဥက္ကဋ္ဌ အရင်ရွေးပြီးမှ ကျွန်တော် လူရွေးမယ်"

နည်းပြ ကိုသံခဲက ဘာမှ ဆက်မပြောတော့ဘဲ ဟိုဘက် ဒီဘက် လူခွဲကန်နေသော ဘောလုံးသမားလေးတွေကိုသာ ကြည့်နေပါတယ်။ တကယ်တော့ သူလည်း ဦးကြည်ရဲ့ ဆန္ဒကို မလွန်ဆန်နိုင်ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ သူ ငှားနေတဲ့ အိမ်ရှင်က လစာတိုးတောင်းပြီး တစ်နှစ်စာ လခကို တောင်းတာ ဦးကြည်က အားလုံး ဝင်ရှင်းပေးထားလို့ပါ။

( ၄ )



ဦးကြည်တစ်ယောက် သူ ရွေးချယ်ထားသော ရုပ်ကွက် ဘောလုံးအသင်းမှ ဘောလုံးသမား လူငယ်လေးတွေကို ကြည့်ပြီး ကျေနပ်မဆုံး ဖြစ်နေပါတယ်၊ ရုပ်ကလေးတွေ ချောသလို ဘောလုံးပညာရပ်မှာလည်း ကျွမ်းကျင်ဆိုတော့ ဦးကြည်အဖို့ ဂုဏ်ယူမဆုံး ဖြစ်နေပါတယ်။

"ငါ့အသင်းက ဘောလုံးသမားလေးတွေ ကြည့်ပြီး အာဆင်နယ်အသင်းက အာဆင်ဝင်းဂါး ငိုသွားမယ်၊ သူ့အသင်းကို ယှဉ်ရှယ်နပျိုသူ

www.burmeseclassic.com



တွေနဲ့ တည်ဆောက်မယ်လို့ ခဏခဏ ပြောတာ ဂျာနယ်ထဲ ဖတ်ရတာ၊ အခု ငါတို့ ရပ်ကွက်အသင်းက ကစားသမား လူငယ်လေးတွေက အသက်ငယ်ရုံ မက ရုပ်ရည်ချင်း ယှဉ်ရင် အာဆင်ဝင်းဂါးကြီး ဘာတတ်နိုင်မှာလဲ၊ သူတောင် သူ့အသင်းအတွက် ဝယ်သွားဦးမယ်၊ မှတ်ထား··· ဘောလုံးအသင်းတစ်သင်း ဘောလုံးကန်တတ်ရုံနဲ့ မရဘူး၊ ရုပ်လှတာက သိပ်အရေးပါတယ်''

ဦးကြည် စကားကြောင့် နည်းပြလုပ်နေတဲ့ ကိုသံခဲက စောဒကတက် ပြောဆိုချင်ပေမယ့် တစ်နှစ်စာ အိမ်လခကို စပေါ်တင်ထားပေးလို့ ဘာမှ မပြောဘဲ ငြိမ်နေရပါတယ်။

''အဓိက အရေးကြီးတာက ဘောလုံး ယှဉ်ပြိုင်တဲ့အခါ ကိုယ့်အသင်း က ဘောလုံးသမားလေးတွေ လှလှပပနဲ့ ဂိုးသွင်းပြီး အောင်ပွဲခံရင် နိုင်ငံခြား မင်းသားတွေလို အမှုအရာကောင်းဖို့ အရေးကြီးတယ်ပေါ့''

ဦးကြည်က သူ့စကားအဆုံး ဘောလုံး လေ့ကျင့်နေတာကို လှမ်းကြည့် လိုက်တော့ ရှေ့တန်း ဘောလုံးကစားတဲ့ မောင်မောင်ထွေးကို နောက်တန်း ဘောလုံးကစားတဲ့ မင်းသူရိန်နဲ့ လှမျိုးထွတ်တို့က ဟိုဘက် ဒီဘက် လက်ဆွဲပြီး ဘောလုံးကို ဝိုင်းလုနေတာကို တွေ့ရပါတယ်။

## ( ၅ )

ရပ်ကွက် ဘောလုံးပြိုင်ပွဲ ကျင်းပတဲ့အခါမှာတော့ ဦးကြည်တို့ ရပ်ကွက် ဘောလုံးအသင်းကို ဘောလုံးပွဲကြည့်ရှုတဲ့ ပရိသတ်တွေက ချီးကျူးမဆုံး ဖြစ်လို့နေပါတယ်။

အဖြစ်က ဒီလိုပါ။ ဘောလုံးကစားတာထက် ဘောလုံးသမားလေး တွေက ကိုရီးယားမင်းသားတွေနဲ့ တူတယ်ဆိုပြီး ရပ်ကွက်တွေထဲက ကောင်မလေး တွေကိုယ်တိုင် လာရောက်အားပေးလို့ပါပဲ။

ဒီအခါ မျက်နှာပြုံးပြုံးနဲ့ ဖြစ်နေသူက ဦးကြည်ပါပဲ။

''တွေ့တယ် မဟုတ်လား၊ ကျုပ်ရပ်ကွက် ဘောလုံးအသင်း ဘယ် လောက် ဂုဏ်တက်လဲ၊ ဘောလုံးပွဲကလည်း ပွဲတိုင်းနိုင်၊ လာအားပေးတဲ့ ကောင်မလေးတွေကလည်း ကျုပ်အသင်းမှ ကျုပ်အသင်း ဖြစ်နေတော''

ဦးကြည်ရဲ့ စကားက မှန်နေလို့ မည်သူမှ စောဒကမတက်ကြ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ရပ်ကွက်ပေါင်းစုံ ဘောလုံး ဗိုလ်လုပွဲကို ရောက်လာပါတယ်။ ယှဉ်ပြိုင်ရမှာက ဦးကြည်တို့ ရပ်ကွက် ဘောလုံးအသင်းနဲ့ တခြားရပ်ကွက် အသင်းပါ။ တခြားရပ်ကွက်အသင်းကလည်း နှစ်စဉ် ဗိုလ်လုပွဲ၊ ဆီမီးဖိုင်နယ် လောက် ရောက်တာဆိုတော့ ပရိသတ်တွေက အထူးစိတ်ဝင်တစား ဖြစ်လို့ နေပါတယ်။

ဘောလုံး ဗိုလ်လုပွဲ ယှဉ်ပြိုင်တော့ ဦးကြည်တို့ ရပ်ကွက်အသင်းက တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ပြီး ပထမ ရပါတယ်။

ဘောလုံးပွဲလည်း ပြီးရော ရှေ့တန်း ကစားတဲ့ မောင်မောင်ထွေးကို နောက်တန်း ကစားသမား မင်းသူရိန်က ပြေးဖက်ပြီး 'အာဝါး' ပေးပါတယ်။ 'အာဝါး' ပေးတာက အကြာကြီးပါ။ ဒါကို နောက်တန်း ကစားတဲ့ လှမျိုးထွတ် က ဒေါသတကြီးနဲ့ ပြေးလာပြီး မင်းသူရိန်ကို အတင်းတွန်းပြီး မောင်မောင်ထွေး ကို 'အာဝါး' ပေးပါတယ်။

"ဟဲ့... နင် ဘာလုပ်တာလဲ"

"ငါ ဘာလုပ်တာ မြင်လဲ၊ နင်က ငါ့ဟာကို လုတာ၊ ဒါက ငါ့ဘဝ"

"ဟဲ့... ညည်း အဲဒီလို မပြောနဲ့၊ ဒါ ငါ့အသည်း"

"ဘာ... ကောင်မ"

"အံမယ်... ညည်းက ငါ မပြောချင်လို့ ကြည့်နေတာ"

အဲဒီနောက် လှမျိုးထွတ်နဲ့ မင်းသူရိန်တို့ နှစ်ယောက်သား ဘောလုံး ကွင်းထဲမှာ နပန်းလုံးကြပါတော့တယ်။ ပွဲကြည့် ပရိသတ်တွေကလည်း လက်ခုပ် လက်ဝါး တီးပြီး အားပေးလို့ ရှိနေပါတယ်။

( ၆ )

အဖြစ်မှန်တွေကို သိသွားတဲ့ ဦးကြည်တစ်ယောက် နောက်တစ်နေ့ အိမ်ထဲက အိမ်ပြင်ကို မထွက်ရဲတော့ပါ။

ဖြစ်ပုံက ကြည့်ဦးလေ။ ရပ်ကွက် ဘောလုံးအသင်းမှာ ရုပ်ချောတွေသာ ရွေးမယ်ဆိုပြီး ရွေးလိုက်တာ မိန်းမလျာစိတ်ပေါက်နေတဲ့ လှမျိုးထွတ် နဲ့ မင်းသူရိန်တို့ နှစ်ယောက်ကို ဦးကြည်က ရုပ်ချောတယ်ဆိုပြီး ရွေးတာ၊ အဲဒီနှစ်ယောက်က ယောကျ်ား ပီသပြီး ချောတဲ့ မောင်မောင်ထွေးကို ညည်းစား

www.burmeseclassic.com

www.burmeseclassic.com





အဖြစ် ထားသလို ပုံစံမျိုးနဲ့ မောင်မောင်ထွေး လိုချင်တာ မှန်သမျှ ဝယ်ပေးတာ နောက်ဆုံး ဘောလုံးဗိုလ်လုပွဲနေ့ ရောက်မှ သူ့လူ၊ ငါ့လူဆိုပြီး ပေါက်ကွဲကုန် ရင်းက အဖြစ်မှန်တွေ သိပြီး အရှက်ရသွားလို့ပါ။ အဲဒီဖြစ်ရပ်က ဘောလုံးပွဲ ကြည့်သူတွေပါ အားလုံး သိကုန်လို့ ရပ်ကွက်မှာ အရှက်ကွဲစရာတွေ ဖြစ်ကုန်လို့ ပါ။

ဘောလုံးပွဲ ကျင်းပပြီးလို့ ၃ ရက်အတွင်း ရပ်ကွက် ဘောလုံးအသင်း နာယကဘဝကနေ ဦးကြည် နုတ်ထွက်သွားရုံသာမက ဘာအားကစားဂျာနယ်မှ ဝယ်မဖတ်တော့တာ ဒီနေ့အထိပါပဲ။

အဲဒီအတွက် ဦးကြည် ယူကျုံးမရ ဖြစ်လို့မဆုံး။

❑

www.burmeseclassic.com

www.burmeseclassic.com

# ငြောက် ဘောလုံး… ဘောလုံး…



( ၁ )

အုန်းစုရွာသူကြီး ဦးကျော်စိုးတစ်ယောက် ဘယ်သူ့ကိုမှ စကားမပြောနိုင်ဘဲ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း နက်နက်နဲနဲ စဉ်းစားခန်းဝင်တော်မူနေပါတယ်။ မစဉ်းစားလို့ကလည်း မရဘူးလေ။ သူက သူ့ဘောလုံးအသင်းကို အစစအရာရာ တာဝန်ယူမယ်လို့ အစည်းအဝေးမှာ ရဲရဲဝံ့ဝံ့ ကတိပေးခဲ့လို့လည်း ဖြစ်ပါတယ်။ သူ့ရွာဘောလုံးအသင်းက အလယ်အလတ်အသင်းမျိုးပဲ ဖြစ်ပြီး ယှဉ်ပြိုင်တဲ့အခါတိုင်း ဘာဆုမှ မရတော့ ကျန်တဲ့ ရွာဘောလုံးအသင်းက ကစားသမားတွေကော ပရိသတ်တွေကပါ အထင်မကြီး၊ မလေးစားတဲ့ ပုံစံမျိုး ရှိလို့နေတာ အုန်းစုရွာသူကြီးအသစ်အဖြစ် ရွေးချယ်ခံထားရတဲ့ ဦးကျော်စိုး ဘယ်ကျေနပ်နိုင်ပါ့မလဲ။ ကိုယ့်လက်ထက်မှာ ကိုယ့်ရွာ ဘောလုံးအသင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန့်တဲ့အသင်းတွေ လေးစားလာအောင် လုပ်ပြရမယ်လို့ စိတ်ထဲကနေ ကြိမ်းဝါးလို့ နေပါတယ်။

"သူကြီး ခြံဝိုင်းထဲမှာ ကုလားထိုင် ချခင်းထိုင်ပြီး ဘာတွေ စဉ်းစားနေတာလဲ"

သူကြီး ဦးကျော်စိုး ခြံဝိုင်းထဲကို ရာအိမ်မှူး ဖိုးစီက ဝင်လာရင်းက ခုံတန်းရှည်မှာ ထိုင်ပြီး မေးလိုက်ပါတယ်။

"ငါ အုပ်ချုပ်ရမယ့် ငါတို့ရွာ ဘောလုံးအသင်းအကြောင်းပေါ့ကွာ၊ ငါတို့ ရွာဘောလုံးအသင်းက အလယ်အလတ်ပဲ ဖြစ်တော့ ဘယ်အသင်းတွေကမှ မလေးစားဘူး၊ ဒီပြင်ရွာက သူကြီးအချင်းချင်းကလည်း ငါနဲ့ လမ်းမှာတွေ့ရင် ရိသဲ့သဲ့ လုပ်တာတွေ ရှိတယ်၊ ဒီတော့ ငါ့ရွာ ဘောလုံးအသင်းကို ကျွန့်တဲ့အသင်းတွေ ကြောက်လာအောင် လုပ်ပြချင်လို့ ညဏ်နီညဏ်နက် ထုတ်နေတာ"

သူကြီးဦးကျော်စိုးက မီးသေနေတဲ့ ဆေးပေါ့လိပ်ကို ညှိပြီး ဖွာလိုက်ပါတယ်။ ရာအိမ်မှူး ဖိုးစီကတော့ ဆေးပေါ့လိပ် မီးခိုးငွေ့တွေကို ကြည့်ရင်း ဘာအကြံရသွားတယ် မသိ။ လက်ဖျောက်တစ်ချက် တီးလိုက်ပါတယ်။

"ဒါများ သူကြီးရယ်... လွယ်လွယ်လေး၊ နိုင်ငံခြားကလပ်အသင်းတွေလိုပေါ့၊ နည်းပြဆရာကောင်းကောင်း ရှာမယ်၊ ပြီးတော့ တခြားရွာက ဘောလုံးကန်ကောင်းတဲ့ လက်ရွေးစင် ဘောလုံးသမားတွေကို ကိုယ့်ရွာအသင်းထဲ ပြောင်းထည့်ပေါ့"



ရာအိမ်မှူး ဖိုးစီ စကားကြောင့် သူကြီးဦးကျော်စိုး တော်တော်စိတ်ဝင်စားသွားတယ် ထင်ပါရဲ့။

"နို့... နေပါဦး၊ အဲဒီကစားသမားတွေက တို့ရွာအသင်းမှာ လာကန်ချင်ပါ့မလား"

"ဒါများ သူကြီးရယ်... လွယ်လွယ်လေးပါ၊ သူများရွာတွေက ကစားသမားတွေ ကိုယ့်ရွာအသင်းမှာ လာကန်ဖို့ နိုင်ငံခြားမှာ ဘောလုံးသမား

www.burmeseclassic.com

www.burmeseclassic.com



ဝယ်သလိုပေါ့၊ ဘောလုံး ကစားနေတဲ့ အချိန်အတွင်း ဆန်အိတ်ပေးတန်သူ ပေး၊ ပဲအိတ်ပေးတန်သူ ပေး၊ ဆီပေးချင်တဲ့သူဆီ ပေး၊ သူတို့ နေရေး စားရေးအတွက် စီစဉ်ပေးပေါ့၊ အရက်ကြိုက်သူလည်း အရက်ကလေး ဘာလေး ဝယ်ပေးပေါ့၊ ဒါမှ ကိုယ့်ရွာက အသင်းက မျှသွားမယ်၊ သူကြီးက ငွေကြေး ပြည့်စုံတာပဲ"

"ဒီလိုဆို... ဒီကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်ရမယ်၊ ဒီတော့ မင်းကို အကြံပေးတဲ့အတွက် လာ... ရွာထိပ်က အရှောင်ရဲ့ဆိုင်မှာ ခေါက်ဆွဲကြော် လိုက်ကျွေးမယ်"

"ကောင်းတာပေါ့ သူကြီးရော ဟဲ ဟဲ..."

အဲဒီနောက်တော့ သူကြီးအိမ် ခြံဝိုင်းထဲကနေ တရုတ်နိုင်ငံလုပ် ဆိုင်ကယ်ပေါ်မှာ သူကြီး ဦးကျော်စိုးနဲ့ ရာအိမ်မှူး ဖိုးစီ စီးနင်းလိုက်ပါရင်း ထွက်ခွာသွားတာ ဆိုင်ကယ် အင်ဂျင်စက်သံက လမ်းတစ်လျှောက် ဖုံလွှင့် နေပါတယ်။

## ( ၂ )

အုန်းစုရွာနဲ့ ရွာနီးချုပ်စပ်ရွာတွေမှာတော့ သူကြီး ဦးကျော်စိုးနဲ့ ရာအိမ်မှူး ဖိုးစီတို့ စီစဉ်ထားတဲ့ အကြောင်းအရာတွေကို လူတော်တော်များများ က စိတ်ဝင်စားလို့နေကြပါတယ်။ တစ်ခါဖူးမှ ဒီလိုမျိုး မကြားခဲ့ရလို့ ဘာတွေ ဘယ်လို ဖြစ်လာမလဲ စောင့်ကြည့်လို့နေပါတယ်။

သူကြီး ဦးကျော်စိုး ခြံဝိုင်းထဲမှာလည်း ရွာနဲ့ ဘောလုံးအသင်းဝင် လူကြီးအချို့ကော အခြားရွာက ဘောလုံးသမားတွေပါ ရောက်ရှိလို့နေပါတယ်။ သူကြီး ဦးကျော်စိုးက သူ့ရှေ့မှာ ရှိနေတဲ့ ဘောလုံးသမားတွေကို ကြည့်လိုက်ပြီး ထန်းပင်ရွာ ဘောလုံးသမား တိုက်စစ်မှူး လှစိုးကို-

"မင်းက ဒီဘောလုံးပြိုင်ပွဲအတွင်း ဘာလိုချင်လဲ... ပြော"

"ကျုပ်ကို ယင်လုံအိမ်သာတစ်လုံး ဆောက်ပေးပါ၊ ကျန်တာ ဘာမှ မလိုပါဘူး၊ အုတ်နဲ့ မဟုတ်ရင်လည်း ရတယ်၊ သစ်သားနဲ့ဆိုလည်း ပြီးတယ်"

"အေး... ရတယ်၊ ငါးသောင်းလောက် ကျမှာပေါ့၊ ဒါကတော့ မရှိဘူး၊ ကိစ္စရှိတာက ပွဲတိုင်းမှာ မင်းလို တိုက်စစ်မှူး ပါလာပြီဆိုရင် ဂိုးသွင်း နိုင်ဖို့ လိုတယ်၊ ဖိုးစီ... စာရင်း သေသေချာချာမှတ်"

www.burmeseclassic.com

www.burmeseclassic.com



သူကြီး ဦးကျော်စိုးက နောက်ထပ် ကစားသမားတစ်ဦးကို ရှေ့ခေါ် လိုက်ပါတယ်။ အဲဒီကစားသမားက ပွေးပင်ရွာက နောက်တန်းခံစစ်မှူး ကတုံးပါ။

"ကဲ… ကတုံး၊ မင်းကကော ဘာလိုချင်လဲ"

"ကျွန်တော့်ကို ဘလက်အင်ဂိုက် တီဗွီလေးတစ်လုံး ဝယ်ပေးပါ။ ကျွန်တော့်ရည်းစားရဲ့ အဖေက အဲဒါလေး ဝယ်ပေးမှ သဘောတူမယ် ပြောလို့ နို့မို့ ဒီတီဗွီ မရရင် ခင်တုတ်နဲ့ ကျွန်တော် လွဲပြီဗျ"

ကတုံး စကားကြောင့် ဘောလုံးအဖွဲ့ဝင် လူကြီးတွေ ပြုံးစိစိ ဖြစ်ကုန် ကြပါတယ်။

"ရပါတယ်ကွာ… အဖြူ အမည်းက ဈေးမှသိပ်မရှိတာ၊ မင်းက နောက်တန်းကနေ ဂိုးမပေးရအောင်သာ ကာကွယ်၊ ဖိုးစိ… ဒါလည်း စာရင်း မှတ်ထားဦး"

အဲဒီနောက် ဘောလုံးသမားတွေက တစ်ယောက်ပြီး တစ်ယောက် သူတို့ လိုချင်တာတွေကို တောင်းဆိုကြပါတယ်။ တစ်ယောက်က အဆိုတော် ရဲလေး ဝတ်တဲ့ အင်္ကျီမျိုး သုံးထည် ဝယ်ပေးဖို့၊ နောက်တစ်ယောက်ကျတော့ တရုတ်လုပ် စက်ဘီး ဝယ်ပေးဖို့၊ အခြားတစ်ယောက်ကျပြန်တော့ အိမ်ပြန်မိုး ပေးဖို့… အစရှိသဖြင့် တောင်းဆိုကြပါတယ်။ အဲဒီနောက် နည်းပြ လုပ်မယ့် တောင်လေးရွာက ဦးထွန်းခက် အလှည့်ရောက်လာပါတယ်။ အသက်က ခြောက်ဆယ်နီးပါး ဆိုပေမယ့် သန်တုန်းမြန်တုန်းပါပဲ။ သူလည်း ဟိုးတုန်းက ခရိုင်လက်ရွေးစင် ဖြစ်ခဲ့သူပါ။

"ကဲ… နည်းပြကြီးကကော… ဘာတောင်းဆိုချင်လဲ"

အုန်းစုရွာ ဘောလုံးအသင်းကို နည်းပြအဖြစ် တာဝန်ထမ်းဆောင်မယ့် ဦးထွန်းခက်က ပတ်ဝန်းကျင်က လူတွေကို တစ်ချက် လှမ်းကြည့်လိုက်ပြီး ရဲဝံ့စွာ တောင်းဆိုပါတယ်။

"ကျုပ်အနေနဲ့ သိပ်မတောင်းဆိုချင်ပါဘူး၊ နည်းနည်းပါးပါးပဲ၊ ကျုပ် မိသားစုက ပုစွန်တုပ်ကြီးဟင်း မစားရတာ နှစ်တော်တော်များပြီ၊ ဒီတော့ ဒီအုန်းစုရွာ ဘောလုံးအသင်းကို ကျုပ် နည်းပြလုပ်နေတဲ့ အချိန်ကာလအတွင်း မှာ တစ်ပတ်ကို သုံးရက် ပုစွန်တုပ်ဟင်း ကျုပ်နဲ့ မိသားစုကို ကျွေးမွေး မယ်ဆိုရင် ဒီအလုပ်ကို လက်ခံမယ်"

www.burmeseclassic.com

www.burmeseclassic.com



နည်းပြလုပ်မယ့် ဦးထွန်းခက် စကားကြောင့် သူကြီးဦးကျော်စိုး ဘာပြောရမှန်းမသိ ဖြစ်သွားသလို ကျန်တဲ့ အဖွဲ့ဝင်လူကြီးတွေလည်း ခေါင်းကုတ်သူက ကုတ်နဲ့ ဖြစ်နေပါတယ်။

"တခြားဟာ တောင်းဆိုပါလားကွာ၊ ပုစွန်တုပ်ကြီးက ဝယ်ရမှာ ရှားပါဘိသနဲ့၊ သူ့အချိန်အခါလည်း မဟုတ်ဘူး"

"မရဘူး··· ကျုပ်ကတော့ ပုစွန်တုပ်ဟင်းမှ ပုစွန်တုပ်ဟင်းပဲ၊ တစ်ပြားမှ မလျှော့ဘူး"

ပုစွန်တုပ်ဟင်းနဲ့ကျမှ ပွဲက ပျက်မလို ဖြစ်သွားသဖြင့် သူကြီးဦးကျော်စိုး ဘာလုပ်ရမှန်း မသိတော့ပါ။ ဒီအချိန်မှာ ရာအိမ်မှူး ဖိုးစိက–

"ရအောင်တော့ လုပ်ရမှာပေါ့၊ သူကြီးမှာ ဆိုင်ကယ်ရှိတာပဲ၊ မြို့ဈေးမှာ သွားပြီး ရအောင် ရှာဝယ်ပေးရမှာပေါ့၊ မရတော့လည်း တစ်မျိုး စဉ်းစားတာပေါ့၊ သူကြီး အိမ်မှာ ရေခဲသေတ္တာ ရှိတာပဲ၊ များများ ဝယ်ထည့်ထား ရတယ်"

"ဒါဆိုလည်း ဒီကိစ္စကို မင်းပဲ ကြည့်စီစဉ်တော့ ဖိုးစိရယ်၊ ငါက အသင်းအတွက် ရွာခံ ကစားသမားတွေကိုလည်း ကျေနပ်အောင် လုပ်ပေးရဦး မယ်၊ နို့မို့ စိတ်ဝမ်းကွဲကုန်ရင် အသင်း မအောင်မြင်ဘဲ နေမယ်၊ ဒီတော့ မနက်ဖြန်ကစပြီး လေ့ကျင့်ခန်းဆင်းဖို့ ပြင်ဆင်ပါ"

ဘောလုံးသမားတွေသာမက နည်းပြလုပ်မယ့် ဦးထွန်းခက်ကပါ သူတို့ လိုချင်တာတွေ ရလို့ အကျေနပ်ကြီး ကျေနပ်ကုန်ပါတယ်။ သူတို့လိုပဲ သူကြီးဦးကျော်စိုးတစ်ယောက်လည်း မကြာတော့မယ့်အချိန်မှာ ပေါ်ထွန်းလာ တော့မယ့် အုန်းစုရွာ ဘောလုံးအသင်းကြီးအတွက် စိတ်ကူးတွေယဉ်ပြီး ပီတိ တွေ ပွားနေမိပါတယ်။ ငွေကုန်ကြေးကျအနေနဲ့ အသင်း အောင်မြင်ဖို့ ဒီလောက် တော့ ရင်းရမှာပေါ့လို့ ဘောလုံးအဖွဲ့ဝင်တွေကိုတောင် ပြန်ရှင်းပြလို့နေရဲ့။

( ၃ )

အုန်းစုရွာ သူကြီး ဦးကျော်စိုး မျှော်လင့်ထားခဲ့သလိုပါပဲ၊ အုန်းစုရွာ ဘောလုံးအသင်းမှာ အခြားရွာတွေက လက်ရွေးစင် ဘောလုံးသမားတွေ ခေါ် ထားလို့ ကျန်တဲ့ရွာ ဘောလုံးအသင်းတွေက နည်းနည်း ထိတ်လန့်ပြေးလာပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါ့အပြင် ဘောလုံးပွဲ ယှဉ်ပြိုင်တော့လည်း အုန်းစုရွာ ဘောလုံးအသင်းက ဂိုးပြတ်တွေချည်း အနိုင်ရပြီး ဗိုလ်လုပွဲ ရောက်လာပါတယ်။ သူကြီးဦးကျော်စိုးခမျာ ဝမ်းသာလွန်းလို့ သူ့အသင်းသားတွေကို ဘောကန် အင်္ကျီအသစ်တောင် ဝယ်ပေးပါသေးတယ်။ ဗိုလ်လုပွဲ ရောက်ရင် ဝတ်ပြီး ကန်ဖို့ပါ။

ဒီလိုနဲ့ နာမည်ကြီး ထိပ်ဦးရွာ ဘောလုံးအသင်းနဲ့ အုန်းစုရွာတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ဖို့ နေ့ကို ရောက်လာပါတယ်။ ဘောလုံးကွင်းမှာလည်း ပရိသတ်က အပြည့်ပါပဲ။

သူကြီးဦးကျော်စိုးကတော့ သူ့အတွေးနဲ့သူ ကျေနပ်နေပါတယ်။ သူ ဝယ်ပေးထားတဲ့ အင်္ကျီဝတ်စုံအသစ်နဲ့ သူ့ရဲ့ အုန်းစုရွာ ဘောလုံးအသင်းက တက်တက်ကြွကြွနဲ့ ကန်ရင်း ဒိုင်းဆုကြီးကို ရပြီလို့။ ဒါနဲ့ ဘောလုံးသမားတွေ ရှိတဲ့ နေရာနားကို သွားလိုက်ပါတယ်။

"ဟေ့… အားကစားအင်္ကျီတွေ လဲတော့လေ"

သူကြီး ဦးကျော်စိုး စကားအဆုံး အုန်းစုရွာခံ ဘောလုံးသမားတွေက အားကစားဝတ်စုံအသစ်ကို လဲပေမယ့် အခြားရွာတွေက ခေါ်ထားတဲ့ ဘောလုံးသမားတွေက အင်းမလုပ် အဲမလုပ် ဖြစ်နေပါတယ်။

BURMESE CLASSIC

"ဟေ့… ဘာလို့ မလဲသေးတာလဲ၊ လုပ်တော့လေ"

ထန်းပင်ရွာသား ရှေ့တန်း တိုက်စစ်မှူး လှစိုးက အားနာသလို အမူအရာနဲ့…

"မပြောမဖြစ်လို့ပါ သူကြီး၊ သူကြီး ဝယ်ပေးတဲ့ ဝတ်စုံအင်္ကျီအသစ်ကလေးကို ကျွန်တော့်မိန်းမက ပေါင်ပြီး ချဲထိုးလိုက်တယ်၊ အဲဒါ မရွေးရသေးဘူး၊ တခြား အရန်အသင်းသားတစ်ယောက်ရဲ့ အင်္ကျီ ခဏဝတ်မယ်"

"ဟာကွာ… မင်းတို့ကတော့ လုပ်ချလိုက်ပြန်ပြီ"

သူကြီးဦးကျော်စိုးက စိတ်ပျက်လက်ပျက်နဲ့ ဖြစ်နေတုန်း ပွေးပင်ရွာသား ကတုံးကလည်း-

"ကျွန်တော်လည်း သူ့လိုပဲ၊ မတော်ရသေးတဲ့ ယောက်ဖကို အင်္ကျီ သွားကြွားမိပါတယ်၊ သူက ခဏဝတ်ချင်တယ်ဆိုပြီး ပေးလိုက်တာ၊ မြို့ကနေ ပြန်မလာသေးဘူး"

"ကတုံးရာ… မင်းကတော့လေ…"

www.burmeseclassic.com

www.burmeseclassic.com



သူကြီး ဦးကျော်စိုးတစ်ယောက် ဒေါသထွက်ချင်နေပေမယ့် ဒေါသတွေကို မျိုသိပ်နေတုန်း အလယ်တန်း ကစားတဲ့ ချစ်တင်က–

"သူကြီး··· ကျုပ်လည်း သူတို့လိုပဲ၊ တစ်နေ့က အရက်သောက်ချင်တာ ပိုက်ဆံမရှိလို့ အဲဒီအင်္ကျီ အရက်ဆိုင်မှာ အပေါင်ထားခဲ့ရတာ၊ မရွေးနိုင်သေးဘူး"

"ဖြစ်ပြန်ပြီလားကွာ··· မင်းတို့နဲ့ကွာ"

သူကြီးက ခြေပစ်လက်ပစ်နဲ့ ထိုင်ချလိုက်တုန်းမှာပဲ အခြားရွာက အငှားခေါ်ထားတဲ့ ဘောလုံးသမားတွေက သူတို့ပြဿနာတွေ တစ်ခုပြီး တစ်ခု တင်ပြလာတာ သူကြီး ဦးကျော်စိုးအဖို့ နာမည်ပျက်ကိန်း ဆိုက်မလို ဖြစ်လာပါတယ်။

"ဖိုးစိရေ··· ဖိုးစိ၊ ဘာဆက်လုပ်မလဲ"

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



ရာအိမ်မှူး ဖိုးစီက သူကြီးဦးကျော်စိုးနား ရောက်လာရင်း-

"ဘာလုပ်ရမှာလဲ၊ ကျွန်တော်တို့ရွာက လက်ရွေးစင်က ငါးယောက်ပဲ ရှိတော့ ပိုးသမား ဖယ်လိုက်ရင် လေးယောက်ပဲ ရှိတယ်၊ ဒီအင်္ကျီ လေးထည်တည်းနဲ့ ဘယ်လိုလုပ် ဝတ်ကန်မလဲ၊ ဒီတော့ နည်းလမ်းတစ်လမ်းပဲ ရှိတယ်၊ ကျွန်တော် ထုံးရှာလိုက်မယ်၊ အခု ကစားမယ့်ပွဲမှာ ဘောလုံးကန်တဲ့ လူဆယ်ယောက်စလုံး အင်္ကျီချွတ်ပြီး ကန်ခိုင်း၊ ကျောကုန်းမှာ ထုံးသုတ်ပြီး နံပါတ်ရေး၊ ဒါပဲ ရှိတယ်၊ ပွဲက စခါနီးနေပြီ"

"ဖိုးစီရာ… အပွဲပွဲ ကောင်းလာခဲ့သမျှ ဒီပွဲရောက်မှ ခံရပြီ၊ အရှက်တော့ ကွဲပါပြီဗျာ၊ မင်းသဘောအတိုင်းသာ စီစဉ်ပေတော့ဟေ့"

နောက်ဆုံးတော့ သူကြီးဦးကျော်စိုးခမျာ ရာအိမ်မှူး ဖိုးစီ ပြောတဲ့ အစီအစဉ်ကို လက်ခံလိုက်ရပါတော့တယ်။

BURMESE CLASSIC

( ၄ )

ကမ္ဘာပေါ်မှာ တစ်ခါဖူးမှ မမြင်ခဲ့ရဖူးတဲ့ အုန်းစုရွာ ဘောလုံးအသင်းနဲ့ ထိပ်ဦးရွာ ဘောလုံးအသင်းတို့ရဲ့ ဘောလုံး ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုကို ကြည့်ပြီး ပရိသတ်တွေက ပြုံးရယ်ကုန်ကြပါတယ်။ တစ်ဖက် ထိပ်ဦးရွာ ဘောလုံးအသင်းက အာဆင်နယ်အသင်း ဝတ်စုံနဲ့ ယှဉ်ပြိုင်နေပြီး အုန်းစုရွာ ဘောလုံးအသင်းကတော့ ဘောလုံးကန်ဘောင်းဘီ၊ ခြေအိတ်၊ ဖိနပ် ဝတ်စုံပြည့် ဖြစ်ပေမယ့် အပေါ်ပိုင်း ကျောဗလာတွေမှာ ထုံးနဲ့ ရေးထားတဲ့ ဘောလုံးသမားတွေကို ကြည့်ပြီး ဝေဖန်သူကလည်း ဝေဖန်နဲ့။

အဲဒီအထဲမှာ အခံရအခက်ဆုံးက သူကြီးဦးကျော်စိုးပါပဲ။ ဘောလုံးကစားနေတဲ့ သူ့အသင်းက လူတွေကို ကြည့်ပြီး လက်သီးတပြင်ပြင်နဲ့ ဖြစ်နေပါတယ်။

ဘောလုံး ယှဉ်ပြိုင်ပွဲမှာ အုန်းစုရွာက သုံးဂိုးပြတ်နဲ့ နိုင်ပေမယ့် သူကြီးဦးကျော်စိုးကတော့ မပျော်နိုင်ပါ။

"ခင်ဗျားတို့ အုန်းစု ဘောလုံးအသင်းဟာ ချမှတ်ထားတဲ့ စည်းကမ်းကို ဖောက်ဖျက်တယ်၊ အဲဒါက အားကစား ယှဉ်ပြိုင်တဲ့အသင်းဟာ အားကစား ဝတ်စုံပြည့်နဲ့ ဖြစ်ရမှာ၊ ခင်ဗျားတို့က အင်္ကျီချွတ်ပြီး ကန်တဲ့အတွက် ပရိသတ်ကို

www.burmeseclassic.com

www.burmeseclassic.com





လည်း စော်ကားသလို ပြိုင်ပွဲကိုလည်း သိက္ခာကျစရာ ဖြစ်အောင် လုပ်တဲ့အတွက် သုံးနှစ်တိတိ ရွာပေါင်းစုံ ဘောလုံး ယှဉ်ပြိုင်ပွဲကို ဝင်ရောက်ခွင့်မရှိဘူး၊ ထုချေလွှာလည်း တင်ပါ”

ရွာပေါင်းစုံ ဘောလုံးပွဲ ဖြစ်မြောက်ရေး ဥက္ကဋ္ဌ စကားအဆုံးမှာ ဦးကျော်စိုးတစ်ယောက် အရုပ်ကြိုးပြတ်ကို ဖြစ်သွားရပါတယ်။ သူ ငွေကုန်ကြေးကျခံပြီး စီစဉ်ခဲ့ရတာတွေဟာ ပရိသတ်တွေ ပြောစရာ ဖြစ်ရုံသာမက၊ နောင်နှစ်တွေမှာ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပါ ပိတ်ပင်ခံရရုံသာမက အိမ်ရောက်တော့လည်း မိန်းမကော… သားသမီးတွေကပါ ပြစ်တင်ဝေဖန် ပြောစကားကို နေ့စဉ်ရက်ဆက် ကြားရလို့လည်း ဖြစ်ပါတယ်။

အဲဒီနောက်တော့ မကြာခဏဆိုသလို သူကြီး ဦးကျော်စိုးဆီကနေ အောက်ပါ စကားသံမျိုးကို သံဝေဂရသလိုမျိုး ပြောဆိုတာ ခဏခဏပါပဲ။

“ဩော်… ဘောလုံး… ဘောလုံး…”

□

www.burmeseclassic.com